# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၁၉)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်
## (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၇၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးစိန်ဗိုလ်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၂၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးစိန်ဗိုလ်၊ မြဝတီမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၅ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင် ခွင့် ၁ ရက်၊

(၂) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်၊

(၃) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊

(၄) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၁ ရက်၊

(၅) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ် ခွင့် ၁ ရက်၊

(၆) ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၃ ရက်၊

(၇) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၁ ရက်၊

(၈) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၃ ရက်၊

(၉) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ခွင့် ၁ ရက်၊

(၁၀) တနသ်ာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၃ ရက်၊

(၁၁) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်နှင့်

(၁၂) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိကာ တက်ရောက်သူ ၃၉၅ ဦးရှိပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၉ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်း တင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြား ခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဆွဲခန့်ဆရာ/ဆရာမများအား အစိုးရခန့်ပညာရေးဝန်ထမ်း ဆရာ/ဆရာမများအဖြစ် ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမ မေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်း ဒေသကြီး မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းဖြစ်ပါတယ်။ ကျေးရွာများ မှငှားထားသော ဆွဲခန့်ဆရာဆရာမများအား အစိုးရခန့်ပညာရေးဝန်ထမ်း ဆရာဆရာမ များအဖြစ် ခန့်ထားပေးရန်အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ကျေးရွာ ပေါင်း ခြောက်သောင်းကျော်ရှိပြီး ကျေးရွာများရှိ အစိုးရပညာသင်ကျောင်းအချို့မှာ အစိုးရခန့် ဆရာဆရာမများနှင့် လုံလောက်မှုမရှိသဖြင့် နီးစပ်ရာဘွဲ့ရပညာတတ်များကို အလျဉ်းသင့်သလို ဆွဲခန့် ဆရာမများအဖြစ် ငှားရမ်းပြီးတော့ ပညာသင်ကြားစေခဲ့ရပါတယ်။ ဆွဲခန့်ဆရာဆရာမများရဲ့ ထောက်ပံ့ကြေးတစ်လဝင်ငွေဟာ အခုအချိန်မှာဆိုရင် ကျပ်ခြောက်သောင်းမှ ခုနစ်သောင်းဝန်းကျင် သာရရှိပြီး အဲဒီလစာငွေဟာလည်း ကျေးရွာများရှိ ဆင်းရဲနွမ်းပါးလှသော ကျောင်းသားမိဘများရဲ့ ချွေးနှဲစာများနဲ့ ပံ့ပိုးပေးနေရတဲ့ငွေများဖြစ်ပါတယ်။ ပံ့ပိုးထားတဲ့ငွေပမာဏဟာ ဆင်းရဲနွမ်းပါးလှတဲ့ မိဘများအတွက် များကောင်းများနေပေမယ့်လည်း ဘွဲ့ရဆွဲခန့်ဆရာဆရာမများရဲ့ တစ်လဝင်ငွေဟာ အင်မတန်မှနည်းပါးနေကြောင်း တွေ့ရှိရပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဘွဲ့ရပြီးသောလူငယ်များထဲမှ ပညာရေး လောကကိုစိတ်ဝင်စားကြသော လူငယ်အချို့ဟာ ပညာရေးဝန်ထမ်းအဖြစ် အစိုးရမှ ရွေးချယ်ခန့်ထား ခြင်းမပြုသေးသော်လည်း ကျေးရွာများရှိ ကျောင်းများရဲ့ ပညာရေးလိုအပ်ချက်အရ ပထမအပိုင်းမှာ လုပ်အားပေးအဖြစ် လုပ်ခဲ့ကြရပြီး နောက်ပိုင်းမှာ ကျောင်းသားမိဘများက စေတနာနဲ့ထောက်ပံ့ရင်း လစာအဖြစ် ရရှိကြခြင်းဖြစ်ပါတယ်။ ၎င်းဘွဲ့ရပြီးလူငယ်များဟာ ပညာရေးလောကကို ဆောလျင်စွာ ခြေဆန့်ဝင်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အစိုးရခန့် ဆရာဆရာမများအဖြစ် တာဝန် ပေးခြင်းမခံရတာ တွေ့နေရပါတယ်။ အချို့သောဆွဲခန့်ဆရာဆရာမများဆိုလို့ရှိရင် လုပ်သက်ငါးနှစ်မှ ၁၀ နှစ်၊ ၁၅ ထိအောင် ရွာခန့်ဆရာအဖြစ် ရပ်တည်နေကြရပါတယ်။ အဲဒါတွေကလည်း ဘာကြောင့်လဲ ဆိုလို့ရှိရင် ပညာရေးလောကကို စိတ်ဝင်စားလို့ စောစောကတည်းက ခြေဆန့်ဝင်ခဲ့သော်လည်း အစိုးရက ဆရာဆရာမအဖြစ် ခေါ်တဲ့အချိန်တွေမှာ လျှောက်လွှာများ လျှောက်ထားခဲ့သော်လည်းပဲ စောစောကကျွန်တော်ပြောခဲ့သလိုအကြောင်းအမျိုးမျိုးကြောင့် အစိုးရခန့်ဆရာများအဖြစ်ခန့်ထားခြင်း မခံရတာတွေလည်း ရှိနေပါတယ်။ နောက်ပိုင်းတွေမှာ အသက်တွေကကြီးလာတော့ အသက်ကန့်သတ် ချက်တွေကြောင့် လျှောက်ထားခွင့်မရတာတွေ တွေ့နေရပါတယ်။ လစာဆိုရင်လည်း လုပ်သက်ရင့်နေ တဲ့ ရွာကခန့်တဲ့ဆွဲခန့်ဆရာဆရာမတွေဟာ ကျပ်ခြောက်သောင်း၊ ခုနစ်သောင်းခန့်သာရရှိပြီး နောက်မှ ခန့်လိုက်တဲ့ အစိုးရမူလတန်းပြ ဆရာဆရာမတွေကတော့ တစ်သိန်းခွဲလောက်ရနေတော့ လစာ မှာလည်း ကွာခြားလွန်းနေပါတယ်။ လစာတင်လားဆိုတော့ မဟုတ်သေးပါဘူး။ နင်က ရွာကခန့်တဲ့ ဆွဲခန့်၊ ငါက တရားဝင်ဆရာဆရာမဆိုပြီးတော့ ခွဲခြားတာမျိုးတွေ အချို့ရှိနေတာဟာလည်း စိတ်ဒဏ်ရာကို ရစေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)ပုဒ်မ ၂၅ မှာ နိုင်ငံတော်သည် အသိပညာရှင်၊ အတတ်ပညာရှင်များ၏အကျိုးကို ကူညီဆောင်ရွက်ရမည်ဟူ၍လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၈ ပုဒ်မခွဲ(က)တွင်လည်း ပြည်သူများ၏ပညာရေးနှင့် ကျန်းမာရေးဖွံ့ဖြိုးတိုး တက်ရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းပါရှိပါတယ်။ သို့ဖြစ်ပါ၍ ဘွဲ့ရပညာတတ်ချင်းအတူတူ ပညာရေးလောကကို တန်ဖိုးထားမြတ်နိုးသူချင်းအတူတူ အနစ်နာခံ၍ ဆောလျင်စွာတာဝန်ထမ်းဆောင်ခဲ့သော ရွာခန့်၊ ဆွဲခန့်ဆရာဆရာမများ၏ ဘဝ အခြေ အနေအား စာနာထောက်ထားသောအားဖြင့်လည်းကောင်း၊ ကန့်သတ်ချက်များ၊ လုပ်သက်များ ကိုကြည့်၍ သုံးနှစ်ဖြစ်စေ၊ ငါးနှစ်ဖြစ်စေ သတ်မှတ်၍လည်းကောင်း ကျေးရွာများမှ တတ်နိုင်သော

လစာငွေကြေးဖြင့် ညှိနှိုင်း၍ငှားရမ်းထားသော ရှာခန့်၊ ဆွဲခန့်ဆရာဆရာမျာအား အစိုးရခန့်ပညာရေးဝန်ထမ်းဆရာဆရာမများအဖြစ် ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်မရှိသေးပါက မည်သည့်အတွက်ကြောင့် မရှိသေးကြောင်း၊ အစီအစဉ်ရှိပါက မည်သည့်အချိန်မှစ၍ မည်သည့်စည်းကမ်းချက်များသတ်မှတ်၍ ခန့်ထားပေးသွားမည်ဖြစ်ကြောင်းကို မဲဆန္ဒရှင်ပြည်သူလူထုရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး ၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီးက မကွေးတိုင်း ဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းရဲ့ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာကဏ္ဍမှာရှိတဲ့ ကျောင်းများမှာလိုအပ်နေသော ဆရာဆရာမများကို ဖြည့်ဆည်းခန့်ထား နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးတို့ကို ရှေးရှုပြီး နေ့စားလပေး(မူလတန်းပြ)ဆရာ၊ ဆရာမများအဖြစ် လျှောက်ထားနိုင်ရန်အတွက် သတင်းစာများတွင် ခေါ်ယူခဲ့ပါတယ်။ အဆိုပါ လျှောက်လွှာလျှောက်ထားသူများသည် သက်ဆိုင်ရာမြို့နယ်များတွင် ရေးဖြေစာမေးပွဲ ဖြေဆိုခြင်း၊ လူတွေ့စစ်ဆေးမေးမြန်းခြင်းများကို ပြုလုပ်ပြီး ရွေးချယ်ခံရပါက နေ့စားလပေး (မူလတန်းပြ)အဖြစ် ခန့်အပ်တာဝန်ပေးပါကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါ ခန့်အပ်ခဲ့တဲ့ နေ့စားလပေး(မူလတန်းပြ) များကို ကျောင်းဖွင့်ချိန်မတိုင်မီ မေလတွင် ကျင်းပပြုလုပ်သည့် မြို့နယ်အခြေပြု နေ့စားလပေး မူလတန်းဆရာအဖြစ်သင်တန်း တက်ရောက်စေပြီး သင်တန်းဆင်းသူများကို (အတည်ပြု)ခန့်ထား ပေးအပ်လျက်ရှိပါတယ်။ အခြေခံပညာဦးစီးဌာနသည် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် နေ့စားလပေး(မူလတန်းပြ)ဆရာ၊ ဆရာမများကို ၂၀၁၃ ခုနှစ်တွင် စတင်ခေါ်ယူခဲ့ပြီး အတည်ပြုခန့် အပ်မှုအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ၂၈၅၈၈ ဦး၊ ၂၀၁၅

ခုနှစ်တွင် ၄၂၆၃၉ ဦး စုစုပေါင်း ၇၁၂၂၇ ဦးကို ခန့်ထားပေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက်လည်း ၂၄၆၈၈ ဦးကို နေ့စားလပေး(မူလတန်းပြ) ဆရာဆရာမများအဖြစ် ကျောင်းမဖွင့်မီခန့်ထားပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် အခြေခံပညာကျောင်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းဆရာဆရာမများနှင့် အရာထမ်း၊ အမှုထမ်း စုစုပေါင်း လေးသိန်းကျော် တာဝန်ထမ်းဆောင်လျက်ရှိကြပါတယ်။ နေ့စားလပေးမူလတန်းပြခေါ်ယူအပေါ် လျှောက်ထားရာတွင် အောက်ဖော်ပါသတ်မှတ်ချက်များနှင့် အညီသက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် လျှောက်လွှာများထုတ်ယူ၍ လျှောက်ထားနိုင်ပါတယ်။ ၎င်းတို့မှာ(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား ဖြစ်ရပါမည်။ (ခ) ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။ (ဂ) အသက်ကန့်သတ်ချက်- (၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင်) Ph.D ဘွဲ့ရရှိသူများသည် ၄၀ နှစ်နှင့်အောက်၊ M.Res ဘွဲ့ရရှိသူများသည် ၃၆ နှစ်နှင့်အောက်၊ M.A, M.Sc မဟာဘွဲ့ရရှိသူများသည် ၃၅ နှစ်နှင့်အောက် B.A, B.Sc သို့မဟုတ် အခြားဘွဲ့တစ်ခုခုရရှိသူများသည် ၃၀ နှစ်နှင့်အောက်ဖြစ်ရမည်ဆိုတဲ့ အရည်အချင်းကန့်သတ်ချက်များနှင့် ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူတင်ပြနိုင်သူဖြစ်ရမည်။ လူတွေ့ ဖြေဆိုစဉ် ဘွဲ့လက်မှတ်မူရင်း၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မူရင်းနှင့် လိုအပ်သည့် အထောက် အထားများ တင်ပြနိုင်သူဖြစ်ရမည်။ (ဃ) ခန့်ထားပါက ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင် နိုင်သူဖြစ်ရမည်။ (င) ပညာရေးဌာနတွင် အနည်းဆုံး ငါးနှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ (စ) တာဝန်ကျရာဒေသတွင် မူလတန်းပြ (နေ့စားလပေး)အဖြစ် တစ်နှစ်နှင့် မူလတန်းပြ (အမြဲတမ်းဝန်ထမ်း)အဖြစ် နှစ်နှစ်၊ စုစုပေါင်းသုံးနှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ (ဆ) ဝေးလံခက်ခဲသောဒေသများတွင် ဘွဲ့ရလျှောက်ထားသူမရှိပါက ဒေသခံတက္ကသိုလ်ဝင်တန်း အောင်မြင်သူ အသက် ၁၈ နှစ်ပြည့်ပြီးသူများ၊ ၂၅ နှစ်နှင့် အောက်များအား စာချုပ်ဖြင့် နေ့စားယာယီ ခန့်ထားမည်။ ဘွဲ့ရပြီးပါက အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားမည်။ (ဇ) ဝေးလံခက်ခဲသော ဒေသများတွင် ဘွဲ့ရ/ဒေသခံ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး လျှောက်ထားသူမရှိပါက ဒေသခံ အခြေခံပညာအလယ်တန်းဆင့်ပြီးမြောက်သူ အသက် ၁၈ နှစ် ပြည့်ပြီး အသက် ၂၅ နှစ်အောက် များအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးမှ အထက်ဖော်ပြပါ အရည်အချင်း များကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များထံတင်ပြ၍ အတည်ပြုချက်ရယူပြီးမှသာ နေ့စား ယာယီခန့်ထားမည်။ (ဈ) လျှောက်ထားသူများအား သတ်မှတ်ချိန်တွင် ရေးဖြေဖြေဆိုခြင်း၊ လူတွေ့

**မူကြမ်း**

စစ်ဆေးခြင်းများ ပြုလုပ်သွားမည်။ (ည) တာဝန်ထမ်းဆောင်ခွင့်ရ၍ တစ်နှစ်ပြည့်လျှင် မူလတန်း ဆရာအတတ်ပညာ စာပေးစာယူသင်တန်းတက်ရောက်ပြီးပါက မူလတန်းပြ(အမြဲတမ်း) ဝန်ထမ်းအဖြစ် ခန့်ထားလျက်ရှိပါသဖြင့် အထက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ထည့်သွင်းစဉ်းစား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ တစ်ဆက်တည်းမှာ တင်ပြခွင့်ပြုဖို့အတွက် ကတော့ ပညာရေးအရည်အသွေးမြင့်မားရေးအတွက် ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်ရာ မှာ ပညာရေးအရည်အသွေးမြင့်မားဖို့ဆိုရင်တော့ အရည်အသွေးမြင့်မားတဲ့ ဆရာဆရာမများရဲ့ အခန်းကဏ္ဍသည် အဓိကနေရာကနေ ကျွန်တော်တို့ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ အရည်အသွေး မြင့်မားတဲ့ ဆရာဆရာမများကိုသာ ပညာရေးဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ များနှင့် ပူးပေါင်းပြီး ခန့်ထားလိုပါကြောင်း တင်ပြလိုပါတယ်။ အရည်အချင်းပြည့်ဝသော ဆရာဆရာမ များကို စိစစ်ခန့်ထားလိုပါကြောင်းနှင့် အထူးလိုအပ်ပါက တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ အတည်ပြုချက်ရယူပြီး ရှင်းလင်းဆောင်ရွက်သွားလိုပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။ ကျွန်တော်မေးလိုတာက ကျေးရွာမှာရှိတဲ့ ရွာကင်းတဲ့ ဆရာ ဆရာမတွေဟာ များသောအားဖြင့် B.Sc, B.A ရိုးရိုးဘွဲ့တွေပဲရပြီး M.Sc ဘွဲ့နှင့် M.A ဘွဲ့တွေရတာ နည်းပါတယ်။ နောက်ပြီးတော့ B.Sc ဘွဲ့ B.A ဘွဲ့ရတဲ့ ဘွဲ့ရများကို အသက် ၃၀ အောက်လို့ သတ်မှတ် ပြီးတော့ခေါ်ထားတဲ့အတွက် အသက် ၃၀ ကျော်တဲ့ ရွာကင်းတဲ့ အင်္ဂါးဆရာဆရာမတွေက လုပ်သက် အားဖြင့်ကြည့်မယ်ဆိုရင် မြေပြင်အနေအထားမှာတော့ ကျွန်တော်တို့ လုပ်သက် ငါးနှစ်မှ ၁၀ နှစ်၊ ၁၅ နှစ်ထိအောင် ရှိနေတာတွေ တွေ့ရပါတယ်။ ဒီကြားထဲမှာ အသက် ၃၀ အတွင်းမှာ လျှောက်ထား ခဲ့သော်လည်းပဲ အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော်တို့ ဒီအစိုးရခန့်ဆရာဆရာမအဖြစ် တာဝန်ပေး ခြင်းမခံရပါဘူး။ အခုလောလောဆယ်အနေအထားအရ အဲလောက်လုပ်သက်ကြာနေပြီဖြစ်တဲ့ ၁၀ နှစ်၊ ၁၅ နှစ်ကြာနေတဲ့ ရွာကခန့်တဲ့ဆရာဆရာမများအား ရိုးရိုးဘွဲ့ရ B.Sc, B.A ဘွဲ့ရများအား အသက် ၃၀ ဟု ကန့်သတ်မထားပဲနဲ့ လုပ်သက်ကိုကြည့်ပြီးတော့ ကန့်သတ်ပေးဖို့ အစီအစဉ်ရှိ/မရှိ ကျွန်တော်အနေ နဲ့မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒီမူလတန်းပြ(နေ့စားလပေး)တာဝန်ထမ်းဆောင်ဖို့အတွက် လျှောက်ထားတဲ့ သူတွေသည် အားလုံးသည် ကျွန်တော်တို့ ဒီမူလတန်းပြခန့်ဖို့လို့ဆိုလို့ရှိရင် ကျွန်တော်တို့ ဒါမူလတန်းပြဆရာဆရာမတွေနဲ့ အရည်အချင်းနဲ့ ကိုက်ညီသောစာမေးပွဲကိုသာ စိစစ်ရွေးချယ်တာဖြစ်ပါတယ်။ ဒီဆရာဆရာမတွေသည် ဝင်ရောက်ဖြေဆိုတဲ့စာမေးပွဲတွေဟာ အောင်မြင်ဖို့အတွက် အရေးကြီးပါတယ်။ သူတို့အောင်မြင်မှသာ သူတို့တွေသည် မူလတန်းပြ ဆရာဆရာမတွေနဲ့ အရည်အချင်းနဲ့ကိုက်ညီသောသူများဖြစ်မှာပါ။ အသက်ပိုမိုကြီးနေတဲ့ သူတွေဆိုလို့ရှိရင်တော့ ခုနတုန်းကသတ်မှတ်အရည်အချင်းနဲ့ မကိုက်ညီဘူးဆိုလို့ရှိရင်လည်း ကျွန်တော်တို့အနေနဲ့ ခန့်ထားပေးဖို့ဆိုရင်တော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေဆီမှာ သူတို့အနေနဲ့ လျှောက်ထားပြီးတော့မှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေရဲ့ Cabinet ကနေပြီးတော့မှ အတည်ပြုပေးတော့မှသာ ကျွန်တော်တို့အနေနဲ့ ဒီဟာတွေသည် ပူပေါင်းပြီးတော့မှ ဆောင်ရွက်မှသာ ဒီလိုကျောင်းသားကျောင်းသူတွေရဲ့ အရည်အချင်းမြင့်မားဖို့လို့အတွက်သည် ဆရာဆရာမတွေရဲ့ အရည်အသွေးသည် အဓိကကျနေတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ကတော့ ဒီလိုမျိုးခန့်ထားပေးဖို့ဆိုလို့ရှိရင်တော့ ခုနက ကျေးရွာကခန့်ထားတဲ့ ဆရာဆရာမတွေ နံပါတ်တစ်သည် စာမေးပွဲဖြေဆိုအောင်မြင်ဖို့လိုပါတယ်။ နံပါတ်နှစ်သည် စာမေးပွဲဖြေဆိုမအောင်ဘူး၊ အသက်ကျော်နေတယ်ဆိုရင်လည်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေမှာ အသနားခံပြီးတော့မှ အဲဒီရဲ့ အတည်ပြုချက်နဲ့သာ ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနဘက်ကို ပေးပို့မယ်ဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ကျောက်ဖြူမြို့ GTI ကျောင်းဆောက်လုပ်ရန် မြို့ပေါ်၌ အသင့်လျော်ဆုံးသော မြေနေရာရရှိရေးအတွက် နိုင်ငံတော်အစိုးရက မည်ကဲ့သို့ကူညီပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တို့ကျောက်ဖြူမြို့မှာ ပြီးခဲ့တဲ့ သုံးနှစ်လောက်ကပဲ အစိုးရစက်မှုလက်မှုသိပ္ပံ GTI ကျောင်းတစ်ကျောင်း ကို ဖွင့်လှစ်ခွင့်ရခဲ့ပါတယ်။ ဒီကျောင်းဟာ ကိုယ်ပိုင်မြေနေရာမရှိတဲ့

အတွက်ကြောင့် ကျောင်း အဆောက်အဦလည်း ကိုယ်ပိုင်မရှိသေးပါဘူး။ သန်ပန်ချောင်း ရပ်ကွက်မှာရှိတဲ့ ယခင် အ.လ.က(၄) ကျောင်းသူကျောင်းသားတွေကို တခြားနေရာပြောင်းပြီးတော့ ဒီကျောင်းမှာ ဒီ GTI ကျောင်းပညာရေး သင်ကြားနေရပါတယ်။ ဒီကျောင်းမြေနေရာရဖို့အတွက် ကျောက်ဖြူမြို့က ခရိုင်မြို့နယ်အုပ်ချုပ်ရေး အဖွဲ့တွေကို မြေနေရာရှာခိုင်းတော့ မြို့နဲ့အင်မတန် ဝေးတဲ့နေရာတွေမှာ သူတို့က နေရာပေးဖို့ လုပ်ကြပါတယ်။ ကျောက်ဖြူမြို့မှာ GTI ကျောင်းတစ်ကျောင်း ဆောက်လုပ်နိုင်လောက်တဲ့ မြေနေရာ တွေ အများကြီးရှိပါတယ်။ အခုဆိုလို့ရှိရင် ပိုက်ဆိပ်ရပ်ကွက်က မီးလောင်ကွင်းဆိုရင် ဧက ၂၀ လောက်ရှိတယ်။ နောက် သန်ပန်ချောင်း ရပ်ကွက်မှာပဲ ဆေးရုံနဲ့ ယခင်ကပုလဲနှင့်ငါးလုပ်ငန်းစက်ရုံ လို့ခေါ်တဲ့ စက်ရုံကြီးအခုပိတ်ထားရပါပြီ။ ယခင်က လုပ်သား ၃၀၀ လောက်ရှိခဲ့တယ်။ ဒီကြားက မြေဧက ၇ ဧကလောက်ရှိတဲ့မြေတွေ၊ နောက် တခြားမြေတွေအများကြီးရှိပါတယ်။ အဲဒီလို အခြေအနေ ရှိလျက်သားနဲ့ မြို့နဲ့အင်မတန် ဝေးတဲ့နေရာကိုပဲ ညွှန်ပြနေကြတဲ့အတွက်ကြောင့် ကျွန်တော်က ပညာ ရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအနေနဲ့ ဘယ်လိုကူညီကြမလဲဆိုတဲ့ဟာကို မေးခွန်းတစ်ခု တင်ခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာနကို မေးခွန်းတင်ပြီးတဲ့အခါလည်း ညှိနှိုင်းဆွေးနွေးမှုတွေ ကျွန်တော်လုပ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ GTI ကျောင်းမှာ အဲဒီလိုဝေးလံတဲ့နေရာကို ပို့လိုက် မယ်ဆိုလို့ရှိရင် ကျောင်းသားကျောင်းသူတွေရဲ့ သွားရေးလာရေး နေရေးထိုင်ရေး၊ ကျန်းမာရေး၊ ဆရာ ဆရာမတွေရဲ့ နေရေးထိုင်ရေး၊ ကျန်းမာရေး၊ နောက်တစ်ခါ ဒီကျောင်းမှာ ညနေသင်တန်းများဖွင့်မယ် ဆိုလို့ရှိရင် အဲဒီမှာ တောထဲမှာ ဘယ်လိုလုပ်ပြီး သွားဖွင့်လို့ရမှာလဲ။ မြို့နဲ့ ၉ မိုင်/၁၀ မိုင်လောက် ဝေးတဲ့နေရာတွေ။ အဲဒါကြောင့် လွှတ်တော်ကတစ်ဆင့် မေးခွန်းတင်ပြခဲ့ခြင်းဖြစ်ပါတယ်။ အဓိက မေးခွန်းကတော့ ကျွန်တော်တို့ကို ပေးထားတဲ့ ဇယားမှာပါတဲ့ ကျောက်ဖြူမြို့ GTI ကျောင်းဆောက် လုပ်ရန် မြို့ပေါ်၌ အသင့်လျော်ဆုံးဖြစ်သော မြေနေရာရရှိရေးအတွက် နိုင်ငံတော်အစိုးရက ဘယ်လို ကူညီပေးမလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ နောက်တစ်စပ်တည်း ဒီနေရာမှာ တင်ပြချင်တာကတော့ အခုကျောက်ဖြူမြို့ GTI ကျောင်းဟာ၊ အ.လ.က(၄)ဟာ ကျောက်ဖြူမြို့ သန်ပန်ချောင်းရပ်ကွက်မှာရှိ ပါတယ်။ ဒီရပ်ကွက်က၊ ဒီကျောင်းလေးက အခုပြောင်းနေရတယ်။ တခြားနေရာသွားစာသင်နေရတယ်။ အဲဒါကြောင့် ဒီကျောင်းကိုလည်း ကျွန်တော်တို့ မူလနေရာမှာ ပြန်လည်ဖွင့်လှစ်ပေးဖို့ လိုပါတယ်ဆိုတာ ကိုလည်း ဒီမေးခွန်းမေးရင်းနဲ့ ပြောကြားပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးခင်ဗျား။ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်ရဲ့ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ) AGTI အား ၂၀၁၄-၂၀၁၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ အထူးပြုအင်ဂျင်နီယာဘာသာရပ်သုံးခုဖြင့် ကျောင်းသားကျောင်းသူ ၂၁၄ ဦးခန့်ကို ပညာသင်ကြားပေးလျက်ရှိပြီး မြေနေရာမရရှိသေးသဖြင့် ကျောင်းအဆောက်အဦဆောက်လုပ်နိုင်ခြင်းမရှိသေးဘဲ ကျောက်ဖြူမြို့၊ အမှတ်(၄)အခြေခံ ပညာအလယ်တန်းကျောင်းတွင် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း ယာယီဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။

အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)တွင် ကျောင်းဆောက်လုပ်ရန်အတွက် မြေ ၁၀ ဧကရှိလျှင် မြေနေရာလုံလောက်မှုရှိကြောင်းတင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြသော သန်ပန်ချောင်းရပ်ကွက်ရှိ ငါးလုပ်ငန်းဦးစီးဌာနပိုင် စက်ရုံဟောင်းနှင့်ဝန်ထမ်းအိမ်ရာ အဆောက်အဦဆောက်ထားသည့်မြေများနှင့်ပြည်သူ့ဆေးရုံမြေနေရာများကိုလည်း ကျွန်တော်တို့ ပြုပြင်အသုံးပြုလို့ရှိလျှင် ဒါဟာ ရရှိနိုင်တဲ့အခြေအနေရှိပါတယ်။

ပြီးရင် ကျွန်တော်တို့ ရခိုင်ပြည်နယ်ကို ကျွန်တော်အပါအဝင် ပြည်ထောင်စုဝန်ကြီးတွေနဲ့ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်နဲ့ ၂ ရက်မှာ ခရီးစဉ်သွားတဲ့အခါမှာ ကျွန်တော်တို့လည်း ကျောက်ဖြူကို ရောက်ခဲ့ပါတယ်။ ရောက်ခဲ့တဲ့အခါမှာ ကျောက်ဖြူမြို့နယ်ကနေပြီးတော့မှ AGTI ဆောက်လုပ်ဖို့လို့ အတွက် အဆိုပြုတဲ့မြေနေရာသည် ဒါဟာ ဒီကျောက်ဖြူမြို့နယ်ရဲ့ အနောက်တောင်ဘက်မှာရှိပြီးတော့မှ အလှမ်းဝေးနေတယ်။ နှစ်ချက် ကျွန်တော်ကန့်ကွက်ခဲ့ပါတယ်။ နံပါတ်(၁)အချက်သည်မြို့ပေါ်နှင့် ဝေးပြီးတော့မှ၊ နောက်တစ်ချက်သည် တောင်ရဲ့အပြင်ဘက်ရှိပြီးတော့မှ ရခိုင်ပြည်နယ်သည် အဓိကအားဖြင့် အနောက်တောင်ဘက်ကနေ မုန်တိုင်းတွေအဓိကဝင်တဲ့အတွက်ကြောင့်မို့လို့ ကျောင်းကိုပဲ မုန်တိုင်းတွေသည် ဝင်ရောက်လာတိုင်းမှာ ကျောင်းကိုပဲ အဓိကဦးတည်ပြီးတော့ ရောက်ရှိလာမှာဖြစ်တဲ့ အတွက်ကြောင့် ဒီနေရာသည် ကျောက်ဖြူမှာ အစိုးရစက်မှုလက်မှုသိပ္ပံ သင်တန်းကျောင်းဆောက်လုပ်

**မူကြမ်း**

ရန်အတွက် မြေနေရာသည် အခြေအနေအရ ဒါသည် အခက်အခဲရှိနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီအခုလက်ရှိဖွင့်ထားတဲ့၊ ယာယီဖွင့်ထားတဲ့ အ.လ.က(၄) ကျောင်းနေရာမှာ ကျွန်တော်တို့အနေနဲ့ ဒါကို ဆက်လက်ဖွင့်လှစ်လိုပါကြောင်းနှင့် အဲဒီလိုဆက်လက်ဖွင့်လှစ်ဖို့ဆိုလို့ရှိရင် တော့ ဒီကျောက်ဖြူမြို့ပေါ်မှာ ရခိုင်ပြည်နယ်အစိုးရ အဖွဲ့နဲ့ရော ဒီကျောင်းအတွက်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့လည်း ပူးပေါင်းဆောင်ရွက်သွားဖို့ လိုပါတယ်။ နောက်တစ်ခုကတော့ အ.လ.က(၄) မှာ ကျွန်တော်တို့ ဖွင့်ခွင့်မရဘူး ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ကို ဒီဟာသည် ကျောက်ဖြူမြို့ပေါ်မှာ အသင့်လျော်ဆုံးမြေနေရာ ရရှိပေးဖို့အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြပြီး ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြီးလျှင် ခုနက အ.လ.က(၄) နေရာကိုလည်းပဲ ကျွန်တော်တို့ ပြန်ကြည့် လိုက်မယ်ဆိုရင် ဆေးရုံရဲ့ အနောက်ဘက်မှာ ရှိပါတယ်။ လောလောဆယ်နေရာသည် ကျောက်ဖြူမြို့ ပေါ်မှာလည်းပဲ အဲဒီနေရာလေး ပတ်ဝန်းကျင်သည် ကျောင်းတွေတော်တော်များများလေး၊ ခပ်စိပ်စိပ် ရှိတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့အနေနဲ့ကတော့ ဒီ အ.လ.က(၄) ပြောင်းရွှေ့ပြီးဖွင့်တဲ့နေရာသည် လည်းပဲ ဘာပဲဖြစ်ဖြစ် ဒါအသင့်လျော်ဆုံးနေရာမှာရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ကတော့ ဒီအစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ) အမြန်ဆုံးဖွင့်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရ အဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျွန်တော် ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆက်တွဲ မေးခွန်းမေးခွင့် ပြုပါ။ ဝန်ကြီးဖြေသွားတဲ့အဖြေက ကျွန်တော်မေးတဲ့အမေးနဲ့ သိပ်ပြီးတော့ မဆီလျော်ပါဘူး။ နိုင်ငံတော် အစိုးရက ဒီကျောက်ဖြူ GTI ကျောင်းဆောက်ဖို့အတွက် မြေနေရာရရှိအောင် ဘယ်လိုကူညီမလဲလို့ မေးတော့ အဖြေမထွက်ခဲ့ဘူး။ အရင်တုန်းကလည်း ကျောက်ဖြူ GTI ကျောင်းတစ်ကျောင်းရဖို့ အတွက်ကို မြေနေရာအများကြီး။ ဟိုနေရာ၊ ဒီနေရာ၊ ဟိုမှာ၊ သည်မှာဆိုပြီး အမျိုးမျိုးဘော်လီဘော ပုတ်သလို အပုတ်ခံနေရတယ်။ ဟိုဘက်ရွှေ့လိုက်၊ ဒီဘက်ရွှေ့လိုက် အခုဝန်ကြီးလာဖြေတော့လည်း မရေမရာဖြစ်နေပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ကို အုပ်ချုပ်နေတဲ့ ရခိုင်ပြည်နယ်အစိုးရ၊ ကျောက်ဖြူမြို့ကို အုပ်ချုပ်နေတဲ့ ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့နယ်အစိုးရ အဖွဲ့အစည်းတွေ၊ ဌာန ဆိုင်ရာတွေက ဒီမြေနေရာ ရရှိရေးကို မလုပ်နိုင်ကြတဲ့အတွက်ကြောင့် ကျွန်တော်က ပြည်ထောင်စု အစိုးရကို အကူအညီ

**မူကြမ်း**

တောင်းတာ။ ပိုက်ဆံရှိတဲ့သူတွေ၊ သူဌေးသူကြွယ်တွေအတွက်ဆိုရင် ဘယ်နေရာ လိုချင်လဲ။ ဘယ်တော့ လိုချင်လဲ အဲဒီလိုအခြေအနေမျိုးမှာ ဒီကျောင်းလေးတစ်ကျောင်းအတွက် အရင် အစိုးရကတော့ ထားပါတော့။ ကျွန်တော်တို့ ဒီအစိုးရလက်ထက်မှာ၊ ပြည်သူ့အစိုးရလက်ထက်မှာ ကျောက်ဖြူမှာဆိုရင် စောစောကကျွန်တော်ပြောခဲ့တဲ့၊ ဘာမှပြုပြင်စရာမလိုတဲ့ မီးလောင်ကွင်း ပိုက်ဆိပ် ရပ်ကွက်မှာရှိပါတယ်။ မြေဧက ၂၀ လောက်ရှိတယ်။ အခု အ.လ.က(၄)နဲ့ တစ်စပ်တည်းနီးပါးလောက် ရှိတဲ့ အဲဒီမှာ ယခင်ပုလဲနှင့်ငါးလုပ်ငန်းစက်ရုံကို ပိတ်ထားရတယ်။ စက်ရုံအလုပ်သမား ၃၀၀ လောက်ရှိ တဲ့စက်ရုံမရှိတော့ဘူး။ အခုစက်တွေလည်း မကျန်တော့ဘူးနဲ့တူပါတယ်။ အကုန်လုံး ခိုးယူသွားကြပြီနဲ့ တူပါတယ်။ အဲဒီခြံထဲနဲ့တစ်စပ်တည်း မြေအများကြီးရှိတယ်။ အဲဒီနေရာတွေကို ရရင်လည်းရ၊ မရရင်လည်း မရ စသည်ဖြင့် ကျွန်တော်တို့က ရှင်းရှင်းလင်းလင်း ပြည်သူတွေကို ဘာရယ်လို့ အဖြေ မထွက်တဲ့မေးခွန်းမျိုးမဟုတ်ဘဲနဲ့ ဘယ်နေရာမှာရမယ်ဆိုတဲ့အဖြေကို ကျွန်တော်တို့ ဘယ်တော့ ပေးနိုင်မလဲဆိုတာ ပြန်လည်ရှင်းလင်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လွှတ်တော် ကိုယ်စားလှယ်ကြီးမေးတဲ့ ဘယ်နေရာမှာ မြေရမလဲဆိုတာကတော့ ကျွန်တော်လုပ်ပေးလို့ မရပါဘူး။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ လုပ်လို့ရတာသည် သက်ဆိုင်ရာ ဝန်ကြီးဌာနတွေဖြစ်တဲ့ ခုနတုန်းက၊ အရင်က မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဦးစီးဌာနပိုင် ယခုအခါမှာတော့ စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ ကျွန်တော် ဒါပူးပေါင်းပြီးတော့မှ မြေနေရာရရှိဖို့လို့ အတွက် ကျွန်တော့်အနေနဲ့ ဝန်ကြီးဌာနချင်းပူးပေါင်း ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီလိုပူးပေါင်း ဆောင်ရွက်ပြီးတဲ့အခါမှာလည်းပဲ ဒီမြေနေရာကို ရရှိဖို့လို့အတွက် ကျွန်တော်တို့က သက်ဆိုင်ရာ ကော်မတီတွေ တင်ပြပြီးတော့မှ အဆင့်ဆင့်အတည်ပြုချက်ရယူရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ မြေနေရာချက်ချင်းရအောင် သတ်မှတ်ပေးပါ။ ဆောင်ရွက်ပေးပါဆိုရင်တော့ ပညာရေးဝန်ကြီးဌာန သည် မြေနေရာဆောင်ရွက်ပေးတဲ့ဝန်ကြီးဌာနမဟုတ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်ဆောင်ရွက် ပေးလို့မရပါဘူး။ ကျွန်တော်ဆောင်ရွက်ပေးလို့ရတာသည် သင့်လျော်တဲ့နေရာမှာ အမြန်ဆုံးရရှိရေး အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ ပူးပေါင်း ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## ဥပဒေကြမ်းကော်မတီက တင်သွင်းသော အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီက တင်သွင်းသော အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့(၁-၈-၂၀၁၆ ရက်နေ့)တွင် ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၃-၈-၂၀၁၆ ရက် နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ရာ အမည်စာရင်းတင်သွင်းသူငါးဦး ရှိပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်း ဆောင်ရွက်ပါမယ်။ ယခု အမည် စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး မင်းသန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးမင်းသန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမင်းသန်း ဖြစ်ပါတယ်။ ဒီနေ့တင်ပြမှာကတော့ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား ပယ်ဖျက်ရန်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေပြဋ္ဌာန်းရာမှာ ဥပဒေကြောင်းအရ ဖော်ပြချက်များမှာ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အတွက် အကျိုးပြုရန် ပြုစုခဲ့ခြင်းဖြစ်ပါတယ်။ ဥပဒေရဲ့ရည်ရွယ်ချက်မှာ အခြားတိုင်းပြည်နှင့် စစ်မက် ဖြစ်ပွားနေတဲ့အချိန်မှာ ပေါ်ပေါက်လာတဲ့အန္တရာယ်များကို ကာကွယ်ရန်သက်သက်မဟုတ်ပါဘူး။ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းသူပြည်သားများရဲ့ လုံခြုံရေးကို အခါခပ်သိမ်းရှေ့ရှုပြီး ပြဋ္ဌာန်းတဲ့

ဥပဒေလည်းဖြစ်ပါတယ်။ ဥပဒေဟာ ပြည်သူလူထုကို ကန့်သတ်ချုပ်ချယ်တဲ့ဥပဒေမဟုတ်ပါဘူး။ အများပြည်သူကို အကာအကွယ်ပေးနေတဲ့ ဥပဒေသာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့အသက်အိုးအိမ် စည်းစိမ်နှင့် အများပြည်သူပိုင်၊ နိုင်ငံတော်ပိုင်ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ပေးတဲ့ ကျိုးကြောင်းဆီလျော်တဲ့ အထူးဥပဒေတစ်ရပ်လည်းဖြစ်ပါတယ်။ အုပ်ချုပ်ရေးအဖွဲ့အစည်းဖြစ်တဲ့ အစိုးရအနေနဲ့ပြောရရင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၂၁၉ မှာ ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒီလိုပဲ ဥပဒေပြုအဖွဲ့အစည်းဖြစ်တဲ့ လွှတ်တော်တွေအတွက်လည်း ပုဒ်မ ၂၁ ပုဒ်မခွဲ(ဃ)မှာ နိုင်ငံသားများရဲ့ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်၊ တားမြစ်ချက်များ ထိရောက်ခိုင်မာပြည့်စုံစေရန် လိုအပ်သောဥပဒေများ ပြဋ္ဌာန်းရမယ်လို့ ပါရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများရှိနေခြင်း၊ ပြည်တွင်းငြိမ်းချမ်းမှု တည်ဆောက်ရေးလုပ်ငန်းစဉ်တို့ မပြီးဆုံးသေးဘဲ လုံခြုံရေးအပြည့်အဝမရှိသေးတဲ့ နယ်မြေများလည်း ရှိပါတယ်။ ဒီလို ပြည်တွင်းပြည်ပအကြမ်းဖက်မှုအန္တရာယ်များ၊ ခြိမ်းခြောက်မှုများရှိနေသေးကြောင်း သတင်းများအရ သိရှိနေရပါတယ်။ ဒါကြောင့် ပြည်တွင်းပြည်ပအခြေအနေအရပ်ရပ်တို့ကြောင့် ဥပဒေရုပ်သိမ်းရေးအတွက် အဆောတလျင် ဆောင်ရွက်ရန်မသင့်သေးပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ဒီဥပဒေနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့အတိတ်မှာ ဖြစ်ခဲ့တာတွေကိုကြည့်မယ်ဆိုရင် ဥပဒေကို ကိုင်တွယ်သုံးစွဲခဲ့သူတွေရဲ့ အားနည်းချက်ကြောင့် စိတ်ခံစားမှုတွေ၊ နာကျည်းချက်တွေလည်း ဖြစ်ခဲ့ကြမှာပါ။ ဒါကြောင့် စိတ်ခံစားချက်ထက် အနာဂတ်မှာဖြစ်ပေါ်လာနိုင်တဲ့ ကျွန်တော်တို့ နိုင်ငံတော်နှင့် နိုင်ငံသားတွေရဲ့ လုံခြုံရေးအတွက်ကို ဉာဏ်မျက်စိနဲ့ဆင်ခြင်သုံးသပ်ပြီးတော့ အရှည်မျှော်တွေးလက်ခံစေချင်ပါတယ်ခင်ဗျား။ ဒီနေ့ ကမ္ဘာနှင့်အဝှမ်းမှာလည်း အကြမ်းဖက်မှုများမြင့်တက် လျက်ရှိပါတယ်။ နိုင်ငံတိုင်း အတွက် အမျိုးသားလုံခြုံရေး၊ နိုင်ငံသားများရဲ့ လူမှုဘဝလုံခြုံရေးနှင့် ကာကွယ်ရေးတို့ကို နိုင်ငံတော် အဆင့် အတိုင်းအတာအရ အလေးထားဆောင်ရွက်ရမယ့်အချိန်လည်း ဖြစ်ပါတယ်။ နိုင်ငံတိုင်းဟာ အရေးပေါ်စီမံမှုအက်ဥပဒေများ၊ Martial Law၊ အမိမြေလုံခြုံရေးဥပဒေ၊ အမျိုးသားလုံခြုံရေးဥပဒေ အစရှိသဖြင့် ကြိုတင်ကာကွယ်တဲ့ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိကြကြောင်းကိုလည်း တွေ့ရှိရမှာပါ။ ဒီနေရာမှာ မေးမြန်းတာလေးတစ်ခုရှိလို့ အခြားနိုင်ငံများမှာလည်း ဒီလိုဥပဒေတွေ ရှိပါသလားလို့ မေးခဲ့တာတွေရှိပါတယ်။ ကျွန်တော်တင်ပြချင်ပါတယ်။ အမေရိကန်

**မူကြမ်း**

ပြည်ထောင်စုမှာဆိုရင် National Emergency Act ကို ၁၉၇၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့မှာ သမ္မတ Gerald Ford က လက်မှတ်ရေးထိုး အတည်ပြုခဲ့ကြောင်းကိုလည်း တွေ့ရပါတယ်။ ဒါပေမဲ့ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ဖြစ်စဉ်ကြီးပြီးတဲ့နောက်မှာတော့ အမေရိကန်နိုင်ငံသားတွေ အနေနဲ့ ဒီလုံခြုံရေးကို ပိုပြီးအလေးထားဆောင်ရွက်လာတာကို ကမ္ဘာနှင့်အဝှမ်းတွေ့မြင်ရမှာပါ။ ၂၀၀၂ ခုနှစ်မှာတော့ Home Land Security Act ကို ပြဋ္ဌာန်းခဲ့ပါတယ်။ အမေရိကန်ရဲ့အမိမြေ လုံခြုံရေးဆောင်ရွက်တဲ့နေရာမှာတော့ အမိမြေလုံခြုံရေးဌာနအနေနဲ့ ဘယ်လောက်ထိလွှမ်းမိုးတယ် ဆိုလို့ရှိရင် ကမ္ဘာမှာ ဂွာတာနာမို ဆိုတာတော့ သိကြမှာပါ။ အိန္ဒိယနိုင်ငံမှာတော့ ၁၉၈၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ National Security Act-1980 ကို ထုတ်ပြန်ကြေညာခဲ့ပြီးတော့ အရေးပေါ်အခြေအနေနဲ့ပတ်သက်ရင် အိန္ဒိယနိုင်ငံမှာ ဆောင်ရွက်တာကိုတွေ့ရတယ်။ နောက် စင်ကာပူမှာကြည့်မယ်ဆိုရင်လည်း အမျိုးသားလုံခြုံရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးတို့ အတွက်ကို Internal Security Act ကို ပြဋ္ဌာန်းထားရှိပြီး လိုအပ်ပါက ယင်းဥပဒေကိုပဲ Pre Detection Procedures များ အသုံးပြုဆောင်ရွက်နေကြောင်း ကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အမျိုးသားလုံခြုံရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးတို့အတွက် အစိုးရ လျှို့ဝှက်အက်ဥပဒေ၊ ရာဇသတ်ကြီးဥပဒေ၊ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေ၊ ပြည်သူ့ငြိမ်ဝပ်ပိပြားရေး ထိန်းသိမ်းစောင့်ရှောက်မှုအက်ဥပဒေတို့ကို ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီအရေးပေါ်စီမံမှုအက်ဥပဒေရဲ့သဘောသဘာဝ လွှမ်းခြုံနိုင်မှုနယ်ပယ်တော့ မတူပါဘူးခင်ဗျား။ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေတွေ ကိုတော့ ခေတ်ကာလနှင့်မညီလို့ ကိုက်ညီမှုမရှိတော့တဲ့အတွက် ဒုတိယအကြိမ် လွှတ်တော်သက်တမ်း ရဲ့ ပထမပုံမှန်အစည်းအဝေးကာလမှာ ပယ်ဖျက်ခဲ့ပြီး ဖြစ်ပါတယ်။ အခု Pre Detection Procedures များပါဝင်နေတဲ့ ဒီဥပဒေကတော့ မရှိမဖြစ်လိုအပ်နေပါတယ်။ ဖြစ်ပွားပြီးမှ အရေးယူခြင်းထက် ကြိုတင်လက်ဦးမှုရယူဖြေရှင်းနိုင်မှသာ ကျွန်တော်တို့နိုင်ငံတော်နှင့် နိုင်ငံသား တွေရဲ့လုံခြုံရေးကို ကာကွယ်နိုင်ပြီးတော့ ထိခိုက်ပျက်စီးသက်သာစေမှာလည်း ဖြစ်ပါတယ်။ သတင်းများအရလည်း အကြမ်းဖက်အဖွဲ့တွေရဲ့ ပစ်မှတ်စာရင်းမှာ ကျွန်တော်တို့နိုင်ငံက ပါနေတယ် ဆိုတာလည်း သတင်းများအရ တွေ့ရမှာဖြစ်ပါတယ်။ အဲဒီတော့ လုံခြုံရေးကို ဒီအချိန်မှာပိုပြီးတော့ ဦးစားဆောင်ရွက်ရမယ်ဆိုတာ ကျွန်တော်သတိပေးလိုပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီ စနစ်ကို ဖော်ဆောင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်နေတဲ့ကာလမှာ

နိုင်ငံတော်ရဲ့လုံခြုံရေး၊ ပြည်သူ့ဘဝလုံခြုံရေးတို့ဟာ အရေးအကြီးဆုံးပဲဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ နိုင်ငံအတွက် ကျွန်တော်တို့ခံယူထားတဲ့ စိတ်ဓာတ်ပါ။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကို ဖတ်ကြည့်လိုက်ပါ။ ပုဒ်မ ၂၊ ပုဒ်မ ၃၊ ပုဒ်မ ၄ ဒီမှာဖော်ပြထားတာတွေကို ကျွန်တော်အကြမ်းဖျင်းတင်ပြထားပါတယ်။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာတာဝန်များထမ်းဆောင်နေစဉ် လုံခြုံရေးဆိုင်ရာသတင်းအချက်အလက်များ ပေါက်ကြားခြင်း၊ အနှောင့်အယှက်ပေးခြင်း၊ ပြည်သူပိုင်ပစ္စည်းများဖျက်ဆီးခြင်းစသည်တို့ကို ကာကွယ်ပေးတဲ့အပြင် ပြည်သူလူထုရဲ့လုံခြုံရေးအရ အထူးကာကွယ်ပေးတဲ့ ဥပဒေပုဒ်မတွေလည်း ဖြစ်ပါတယ်။ ဒီနေ့ မြန်မာနိုင်ငံအခြေအနေတွေဟာ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ပြောင်းလဲတိုးတက်မှုရှိနေတာတော့ တွေ့နေရတာမှန်တယ်။ ဒါပေမဲ့ နိုင်ငံတော်အစိုးရအပေါ် အထင်လွဲမှားပြီး ဆန့်ကျင်စေရန်၊ တာဝန်ပျက်ကွက်စေရန် လှုံ့ဆော်ခြင်းတွေ၊ အေးချမ်းတည်ငြိမ်မှုကို ပျက်ယွင်းစေရန် မမှန်သတင်းထုတ်လွှင့်ခြင်းတွေလည်း ရှိနေတယ်။ ဒီလို ကျူးလွန်မှုတွေကို ဒီ အရေးပေါ်စီမံမှုအက်ဥပဒေနှင့်ကာကွယ်မှသာ ထိရောက်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အများစုဟာ ဥပဒေဘောင်အတွင်း အေးချမ်းစွာနေထိုင်နေကြပြီ ဖြစ်ပါတယ်။ ဒါပေမဲ့ အဖွဲ့အစည်းအချို့ဟာ ယခုအချိန်အထိ လက်နက်ဆွဲကိုင်ဆဲပဲဖြစ်ပါတယ်။ ဒါကြောင့် မငြိမ်းချမ်းသေးတဲ့ ပြည်နယ်တွေမှာ ပစ်ခတ်တိုက်ခတ်မှုတွေ၊ ဖောက်ခွဲဖျက်ဆီးမှုတွေဟာ နေ့စဉ်ဖြစ်နေပါတယ်။

လက်ရှိအခြေအနေမှာလည်း ၂၁ ရာစု ပင်လုံညီလာခံကို ကျင်းပပြုလုပ်ရန်စီမံနေတဲ့ကာလဖြစ်တယ်။ ဒီလိုအခြေအနေတွေရှိနေတဲ့ နယ်မြေတွေမှာ ပြည်သူလူထုရဲ့လုံခြုံရေးအတွက် ဆောင်ရွက်တဲ့အပိုင်းမှာ ထိထိရောက်ရောက်နဲ့ ကာကွယ်ပေးနိုင်ဖို့ လွှမ်းခြုံပေးနိုင်တဲ့ ဥပဒေတွေကတော့ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေပဲ ဖြစ်ပါတယ်။ ပြည်သူကို ကာကွယ်ပေးနေတဲ့ဥပဒေဖြစ်လို့ နိုင်ငံတော်၊ နိုင်ငံသူနိုင်ငံသားအားလုံးကလည်း အများပြည်သူအကျိုးကာကွယ်နေတဲ့ဥပဒေတွေကို ဆက်လက်တည်မြဲစေဖို့ ဆန္ဒရှိကြမှာပါလို့ ကျွန်တော်ယူဆပါတယ်။ ယခုလို နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အသက်အိုးအိမ်စည်းစိမ်နှင့် လုံခြုံရေးကို ထိရောက်စွာကာကွယ်ပေးလျက်ရှိတဲ့ ဥပဒေကို ရုပ်သိမ်းရန် ပြည်သူ့လွှတ်တော်က ဆုံးဖြတ်ပေးလိုက်ပါက နောင်မှာဖြစ်ပေါ်လာမယ့် အကျိုးဆက်များအပေါ်မှာ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များဘက်ကလည်း တာဝန်ယူသွားကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်နှင့် ပြည်သူတွေရဲ့ ဘဝလုံခြုံမှု အပြည့်အဝရရှိစေဖို့ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ယခုကဲ့သို့ အဆောတလျင် ဆောင်ရွက်ခြင်း

အပေါ် ကန့်ကွက်ပါကြောင်းနှင့် လိုအပ်ပါက တည်ဆဲဥပဒေကို လက်ရှိအခြေအနေနဲ့ ကိုက်ညီမယ့် စိစစ်သုံးသပ်ချက်များ ဆောင်ရွက်၍ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြလိုပါတယ်။ လက်ရှိတည်ဆဲဥပဒေကို လွှတ်တော်ကိုယ်စားလှယ်အများစုရဲ့မဲနှင့် ရုပ်သိမ်းရန်အတည်ပြုခြင်းသည် ဒီမိုကရေစီနည်းလမ်းအရ လုပ်တာမှန်ပါတယ်။ ဒါပေမဲ့ လုပ်ဆောင်ရန်သင့်/မသင့်ကိုတော့ ကျွန်တော်တို့ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ သေချာစဉ်းစားချင့်ချိန်ဝေဖန်စေလိုပါကြောင်း တိုက်တွန်းရင်းနဲ့ ကျွန်တော်ရဲ့တင်ပြချက်ကို နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းဖြစ်ပြီး ဥပဒေကြမ်းကော်မတီက တင်သွင်းတဲ့အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းတဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းခြင်းမပြုဘဲ ခေတ်ကာလနှင့်ကိုက်ညီအောင် ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း လွှတ်တော်သို့ ဦးစွာတင်ပြလိုပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၉ နည်းဥပဒေခွဲ(ဃ) အရ ခြုံငုံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ အရေးပေါ်စီမံမှုအက်ဥပဒေဟာ အမျိုးသားလုံခြုံရေး (National Security) အတွက် ထိရောက်စွာဆောင်ရွက်နိုင်ရန် ၁၉၅၀ ပြည့်နှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ အက်ဥပဒေအမှတ် (၁၇/၁၉၅၀) ဖြစ်ပါတယ်။ ယခုဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်တဲ့ဥပဒေများထဲမှာလည်း ပါဝင်နေတဲ့ဥပဒေတစ်ခုဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့အချုပ်အခြာနှင့်အာဏာနဲ့ နိုင်ငံတော်ရဲ့လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့ရဲ့ အေးချမ်းသာယာရေးကိုဖြစ်စေ၊ ထိပါးမယ့်အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်သော်လည်းကောင်း နိုင်ငံသားများရဲ့ မူလအခွင့်အရေးကို မထိခိုက်စေရန်ရည်ရွယ်၍ ပြဋ္ဌာန်းထားရှိခဲ့တဲ့ နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်တဲ့ဥပဒေကိုလည်း ခေတ်ကာလနှင့်ကိုက်ညီခြင်းမရှိတဲ့

**မူကြမ်း**

အတွက်ကြောင့် လက်ရှိ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကြီးက ရုပ်သိမ်းရန်သဘောတူပြီး ရုပ်သိမ်းခဲ့ပြီးလည်းဖြစ်ပါတယ်။ မိမိတို့နိုင်ငံရဲ့အမျိုးသားလုံခြုံရေးအတွက် အရေးပေါ်စီမံမှု အက်ဥပဒေဟာ မရှိမဖြစ်လိုအပ်နေကြောင်း ခိုင်ခိုင်မာမာဆွေးနွေးတင်ပြလိုပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေတစ်ခုဟာ ဟောင်းလို့ပယ်ဖျက်သင့်တာမျိုးမဟုတ်ပါဘူး။ ဟောင်းလို့သာပယ်ဖျက်သင့်တယ်ဆိုရင် ရာဇသတ်ကြီးဥပဒေကို ဘယ်လိုစဉ်းစားကြမလဲလို့ ထောက်ပြလိုပါတယ်။ နိုင်ငံတကာမှာလည်း တိုင်းပြည်တိုင်းမှာ အမျိုးသားလုံခြုံရေးအတွက် ရေးဆွဲပြဋ္ဌာန်းထားတဲ့ အထူးဥပဒေတွေရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ အရေးပေါ်စီမံမှုဥပဒေ၊ Martial Law တွေ၊ အမိမြေလုံခြုံရေးဥပဒေ စတဲ့ ကြိုတင်ကာကွယ်ရေးဥပဒေတွေပဲ ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံမှာ National Emergency Act ကို ၁၉၇၆ ခုနှစ်၊ နောက် ၂၀၀၁ ခုနှစ် စက်တင်ဘာအရေးအခင်း 9/11 ရဲ့နောက်ပိုင်းမှာ အမေရိကန်နိုင်ငံရဲ့ အမျိုးသားလုံခြုံရေးကို ပိုပြီးဆောင်ရွက်နိုင်ဖို့အတွက်ဆိုရင် တိကျတဲ့၊ ခိုင်မာတဲ့ အရေးယူမှုတွေ ဆောင်ရွက်နိုင်ဖို့အတွက်ကို Homeland Security Act ကို ထပ်မံပြဋ္ဌာန်းခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။ Homeland Security Team တွေကို ဖွဲ့ခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။ အင်္ဂလန်နိုင်ငံမှာလည်း Emergency Act ၊ Civil Contingency Act (2004)၊ နောက် အိုင်ယာလန်နိုင်ငံမှာလည်း Emergency Act၊ အိန္ဒိယနိုင်ငံမှာလည်း National Security Act ၊ National Emergency ၊ State Emergency ၊ Financial Emergency ဆိုပြီးတော့မှ ထပ်ပြီး ခွဲပြီးတော့မှ ဖော်ပြထားတာတွေကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ သြစတြေးလျနိုင်ငံမှာလည်း Emergency Act (2004) ကို ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။ ကျွန်တော်တို့ အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ စင်ကာပူမှာတော့ အမျိုးသားလုံခြုံရေးနှင့် နိုင်ငံတော်တည်ငြိမ်ရေးအတွက်ကို Internal Security Act (ISA) ကို ပြဋ္ဌာန်းထားတာ တွေ့ရမှာဖြစ်ပါတယ်။

အထက်ပါပြဋ္ဌာန်းချက်များကိုကြည့်ရင် နိုင်ငံတစ်နိုင်ငံမှာ အမျိုးသားလုံခြုံရေးအတွက် ခိုင်ခိုင်မာမာပြဋ္ဌာန်းထားတဲ့ ဥပဒေတစ်ရပ်ဟာ မဖြစ်မနေလိုအပ်ကြောင်း တွေ့နိုင်မှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မျက်မှောက်ခေတ်ကာလမှာ ကမ္ဘာတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများ၊ (Cyber Attack) များ မြင့်တက်လာလျက်ရှိပြီးတော့မှ နိုင်ငံတိုင်းအတွက် အမျိုးသားလုံခြုံရေး၊ နိုင်ငံသားများရဲ့ ဘဝလုံခြုံရေးနှင့် နိုင်ငံတော်အကျိုးစီးပွားကာကွယ်ရေးတို့ဟာ အလေးထားဆောင်ရွက်ရမယ့်အခြေအနေများပဲဖြစ်ပါတယ်။ Institute of Economics and Peace က ထုတ်ဝေတဲ့ Global Terrorism Index (2015) ရဲ့ ဖော်ပြချက်အရဆိုရင် ၂၀၁၃ ခုနှစ်မှာ နိုင်ငံပေါင်း

**မူကြမ်း**

ရှစ်နိုင်ငံမှာ အကြမ်းဖက်တိုက်ခိုက်ခံရမှု ကြောင့် လူပေါင်း ၁၈၁၁၁ ဦး သေဆုံးခဲ့ပြီးတော့မှ ၂၀၁၄ ခုနှစ်မှာ နိုင်ငံပေါင်း ၉၃ နိုင်ငံမှာ အကြမ်းဖက်တိုက်ခိုက်မှုခံရမှုများကြောင့် သေဆုံးသူအရေအတွက်ဟာ ၃၂၆၈၅ ဦးအထိ မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရပါတယ်။ ယခု လတ်တလောအခြေအနေမှာဆိုရင် ကမ္ဘာတစ်ဝှမ်းမှာဖြစ်ပွားနေတဲ့ အကြမ်းဖက်တိုက်ခိုက်မှုများရဲ့အန္တရာယ်ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးအသိပဲဖြစ်ပါတယ်။ Global Terrorism Index (2015) ရဲ့ ဖော်ပြချက်အရ မြန်မာနိုင်ငံဟာ အကြမ်းဖက်တိုက်ခိုက်ခံရနိုင်မှုအဆင့်(၄) ဖြင့် လိမ္မော်ရောင်အဆင့်မှာ ရပ်တည်လျက်ရှိနေပြီး သတိပြုရမယ့်အခြေအနေမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ယခုအခါ ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်နဲ့ အားသွန်ခွန်စိုက်ဆောင်ရွက်နေကြရတဲ့ အချိန်ကာလကြီးဖြစ်ရာ နိုင်ငံတော်ရဲ့အမျိုးသားလုံခြုံရေး၊ ပြည်သူလူထုဘဝလုံခြုံရေးနှင့် နိုင်ငံတော်အကျိုးစီးပွားကာကွယ်ရေးတို့မှာ အရေးကြီးတဲ့အခန်းကဏ္ဍမှာရှိပြီး သတိပြုကိုင်တွယ်လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ အမျိုးသားလုံခြုံရေး (National Security) တာဝန်နဲ့ လူ့အခွင့်အရေး (Human Rights) ဆိုင်ရာကိစ္စတွေဟာ တစ်ဖက်စောင်းနင်းမဖြစ်ဖို့ လွန်စွာအရေးကြီးလှပါတယ်။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေဟာ အမျိုးသားလုံခြုံရေး (National Security) တာဝန်အနေနဲ့တင်ပြရရင် လက်ရှိအနေအထားမှာ ဘယ်လိုအကြောင်းပြချက်နဲ့မှ မရုပ်သိမ်းသင့်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

အမေရိကန်ကျွမ်းကျင်ပညာရှင်နှစ်ဦးရဲ့ အမျိုးသားလုံခြုံရေးနှင့်ပတ်သက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တင်ပြထားပါတယ်။ မြန်မာနိုင်ငံအတွင်းမှာဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုအချို့ကို တင်ပြရရင် ၁၉၈၃ ခုနှစ်မှာ တောင်ကိုရီးယားနိုင်ငံ သမ္မတ ချန်ဒူဝမ် ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ အာဇာနည်ကုန်းမှာ ဗုံးခွဲတိုက်ခိုက်ခံရမှု၊ ဒဂုံစင်တာဗုံးခွဲတိုက်ခိုက်ခံရမှု၊ ကမ္ဘာအေးလိုဏ်ဂူဗုံးခွဲတိုက်ခိုက်ခံရမှု၊ ရန်ကုန် သင်္ကြန်ရေကစားမဏ္ဍပ်ဗုံးခွဲတိုက်ခိုက်ခံရမှု စတဲ့ဖြစ်စဉ်များကို လေ့လာကြည့်ပါက အမျိုးသားလုံခြုံရေးနှင့် သက်ဆိုင်တဲ့ဥပဒေတစ်ရပ် ခိုင်ခိုင်မာမာရှိရန် လိုအပ်နေသေးကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါ့အပြင် ကြိုတင်တားဆီးကာကွယ်နိုင်တဲ့အတွက်ကြောင့် အကြမ်းဖက်မှုများမအောင်မြင်သဖြင့် ပြည်သူတွေရဲ့အသက်၊ အိုးအိမ်၊ စည်းစိမ်တွေကို ကာကွယ်စောင့်ရှောက်နိုင်ခဲ့တဲ့ ဖြစ်စဉ်တွေ များစွာရှိနေတာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအခါမှာ အမေရိကန်နိုင်ငံဟာ World Trade Center အကြမ်းဖက်တိုက်ခိုက်ခံရမှု (9/11) ဖြစ်စဉ်ပြီးတဲ့နောက်မှာ ၎င်းတို့နိုင်ငံရဲ့ အမျိုးသားလုံခြုံရေးကို အပြည့်အဝအကာအကွယ်ပေးနိုင်ဖို့အတွက်

Homeland Security Act ကိုပြဋ္ဌာန်းခြင်း၊ Homeland Security Team တွေကို ဖွဲ့စည်းခြင်းတွေကို ဆောင်ရွက်ခဲ့ကြပါတယ်။ ဂျာမနီနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ အင်္ဂလန်နိုင်ငံတွေမှာလည်း အကြမ်းဖက်တိုက်ခိုက်ခံရမှုတွေကြောင့် နိုင်ငံတော်ရဲ့လုံခြုံရေး၊ အမျိုးသားလုံခြုံရေး (National Security) ကို တင်းကြပ်စွာကိုင်တွယ်ဆောင်ရွက်နိုင်ဖို့ ဥပဒေများပြင်ဆင်ခြင်း၊ ရေးဆွဲပြဋ္ဌာန်းခြင်းများကို ဆောင်ရွက်လျက်ရှိတာကို ကိုယ်စားလှယ်ကြီးများ အသိပဲဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အကြမ်းဖက်တိုက်ခိုက်ခံရမှုများနှင့် အစားထိုးမရတဲ့ ဆုံးရှုံးမှုကြီးဖြစ်ခဲ့ရတဲ့ ဖြစ်ရပ်တစ်ခုကို ထောက်ပြဆွေးနွေးလိုပါတယ်။ အဲဒါကတော့ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ နံနက် အတွင်းဝန်ရုံးမှာဖြစ်ခဲ့တဲ့ အကြမ်းဖက်မှုပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ကြီးကို ကမ္ဘာ့အလယ်မှာ ထည်ဝါစွာရပ်တည်နိုင်ဖို့၊ ပြည်သူလူထုတွေကောင်းစားဖို့၊ တစ်နိုင်ငံလုံးစည်းလုံးညီညွတ်ဖို့ စသည်ဖြင့် ကိုယ်ကျိုးမဖက်ဘဲ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက်သာ စဉ်းစားပြီး အဘက်ဘက်ကပြင်ဆင်ထားတဲ့ ကမ္ဘာ့အလယ်မှာ မြန်မာလို့ ထင်ပေါ်မယ့် အသက် ၃၂ နှစ်သာရှိသေးတဲ့၊ ကြီးကျယ်တဲ့ခေါင်းဆောင်တစ်ယောက် ဆုံးရှုံးခဲ့ရပါတယ်။ ဆရာတက္ကသိုလ်နေဝင်း သုံးခဲ့သလိုဆိုရင် အစားထိုးမရတဲ့အစိုးရအဖွဲ့ကို ဆုံးရှုံးခဲ့ရတာဖြစ်ပါတယ်။ ဖြစ်စဉ်အပြီးမှာ နိုင်ငံတော်ပုန်ကန်မှု၊ လုပ်ကြံမှုကြီးကို မျက်မြင်တိုက်ပြီးတော့မှ အကြမ်းဖက်သူများကို ဘယ်လိုပင်အရေးယူသော်လည်း နိုင်ငံတော်အတွက် လွန်စွာနစ်နာဆုံးရှုံးခဲ့ရပါတယ်။ ဥပဒေကြောင်းအရ ကြည့်ပါက အခုလိုဥပဒေမျိုးမရှိသေးဘဲ ကိုဓတို့လို၊ ရာဇသတ်ကြီးတို့လိုနဲ့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။ အရင်းဂန်းအလက် ၂၀၀ ထုတ်သွားတဲ့ကိစ္စ၊ အတွင်းဝန်ရုံးမှာ တိုင်းပြု ပြည်ပြုလွှတ်တော်အစည်းအဝေးလုပ်မယ့်ကိစ္စ အဲဒါတွေကို ကျွန်တော်တို့ သိကြရဲ့သားနဲ့ ကျွန်တော်တို့ လူမျိုးများရဲ့၊ အုပ်ချုပ်သူအစိုးရများရဲ့ လုံခြုံရေးအသိအားနည်းမှုကို ဝမ်းနည်းစွာတွေ့ရမှာဖြစ်ပါတယ်။ ယခုအခါ အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလန်၊ စင်ကာပူ စတဲ့နိုင်ငံတွေမှာ ကျွန်တော်တို့လောက် ဆုံးရှုံးမှုမရှိဘဲနဲ့တောင်မှ အမျိုးသားလုံခြုံရေးအတွက် ကြပ်မတ်နေကြတဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ အာဇာနည်နေ့လိုဖြစ်စဉ်မျိုးမဖြစ်စေရအောင် ဥပဒေနဲ့ကြိုတင်ကာကွယ်တားဆီးသွားဖို့ မလိုဘူးလားလို့ တင်ပြဆွေးနွေးလိုပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)အရ ပေးအပ်ထားတဲ့ အပြန်အလှန်ထိန်းကျောင်းမှု (Check and Balance) ဆိုတဲ့ အခြေခံမူကို လေးစားပြီးတော့မှ အမျိုးသားလုံခြုံရေးအတွက် စဉ်းစားသင့်ပါတယ်။ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးရှိတဲ့ဥပဒေ

**မူကြမ်း**

ဖြစ်အောင် ပြဋ္ဌာန်းရာမှာ ကျွန်တော်တို့ လွှတ်တော်ကြီးရဲ့ အဓိကတာဝန်ပင်ဖြစ်တဲ့အတွက်ကြောင့် အရေးပေါ်စီမံမှုအက်ဥပဒေကို လက်ရှိပြည်တွင်းပြည်ပအခြေအနေများအရ ရုပ်သိမ်းခြင်းမပြုဘဲ ခေတ်နှင့်ဆီလျော်အောင် ပြင်ဆင်ပြဋ္ဌာန်းသင့်ပါတယ်။ ဥပမာ - (၅ည)လိုပုဒ်မမျိုး ကျွန်မသားလေးကို (၅ည)လို့ပြောပြီးခေါ်သွားတာ ငါးနှစ်ရှိနေပြီဆိုတာမျိုးမဖြစ်အောင်၊ မဖြစ်ရလေအောင် ဥပဒေကို ကိုင်တွယ်ပြီးတော့မှ နှိပ်စက်မှုမဖြစ်ရလေအောင် ကျွန်တော်တို့လွှတ်တော်ကြီးက ဥပဒေကိုပြင်ဆင်ပြီး ရေးဆွဲဖို့လိုအပ်မယ်လို့ အကြံပြုလိုပါတယ်။ အကယ်၍ ရုပ်သိမ်းပြီဆိုပါက လက်ရှိအခြေအနေနဲ့ လျော်ညီတဲ့ဥပဒေသစ်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းပြီးမှသာ ပယ်ဖျက်သင့်ပါကြောင်းနှင့် ယခုကဲ့သို့ အမျိုးသားလုံခြုံရေးအတွက် လိုအပ်နေတဲ့တည်ဆဲဥပဒေတစ်ရပ်ကို အများစုရဲ့ထောက်ခံမဲဖြင့် အဆောတလျင်ရုပ်သိမ်းလိုက်ပါက နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထုရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ်နဲ့ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ပေးမယ့်အခြေအနေကောင်း များ ဆုံးရှုံးရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အရေးပေါ်စီမံမှုအက်ဥပဒေကိုရုပ်သိမ်းရန် မသင့်သေးပါ ကြောင်းနဲ့ ပြည်သူ့လွှတ်တော်မှာ ရုပ်သိမ်းရန် ဥပဒေကြမ်းတင်သွင်းလာခြင်းအပေါ် ကန့်ကွက်ပါ ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သန်းဦးလွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးသန်းဦးလွင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ၍ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန်းဦးလွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီက တင်သွင်းမယ့် အရေးပေါ်စီမံမှုအက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ဒီဥပဒေကို ရုပ်သိမ်းခြင်းမပြုဘဲ ခေတ်ကာလနှင့်ဆီလျော်မှုရှိအောင် ဆက်လက်ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း ကန့်ကွက်ဆွေးနွေးသွားမှာပဲဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရန် လေးစားစွာတင်ပြအပ် ပါတယ်။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေဟာ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားများရဲ့ ဘဝ လုံခြုံရေး(Public Security) အတွက် ထိရောက်စွာကာကွယ်စောင့်ရှောက်နိုင်ရန် ရည်ရွယ်ပြီးတော့မှ ၉-၃-၁၉၅၀ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ ဥပဒေပုဒ်မအရတော့ ရှစ်ခုပဲရှိပါတယ်။ ဒီအပေါ်မှာ

**မူကြမ်း**

ကျွန်တော် ခြုံငုံပြီးတော့မှ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ရဲ့ ကာကွယ်ရေး၊ လုံခြုံရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို စောင့်ကြပ်တဲ့ဥပဒေအဖြစ် မြန်မာနိုင်ငံဥပဒေအတွဲ(၂) ဥပဒေအမှတ်(၁၇)ဖြင့် ဖော်ပြထားခြင်းကြောင့် ဒီဥပဒေဟာ နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် အလွန်အရေးကြီးပြီး မရှိမဖြစ်လိုအပ်သောဥပဒေကောင်းတစ်ရပ် ဖြစ်တယ်ဆိုတာကို တွေ့ရမှာပဲဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ရဲ့ ပုဒ်မ ၂၁၉ မှာ ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ အဆိုပါပြဋ္ဌာန်းချက်အရ ပြည်ထောင်စုအစိုးရအနေနဲ့ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ၁၉၅၀ ခုနှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေဟာ များစွာပင်အသုံးဝင်ပြီး အထောက်အကူပြုသော ဥပဒေဖြစ်ကြောင်း တွေ့ရမှာပဲဖြစ်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်တဲ့နေရာမှာ နိုင်ငံတော်နဲ့ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်စောင့်ရှောက်ဖို့ ခိုင်မာတောင့်တင်းတဲ့ဥပဒေရှိဖို့ မလွဲမသွေလိုအပ်မှာပဲဖြစ်ပါတယ်။

၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေဟာ အစိုးရက၊ အုပ်ချုပ်သူက ပြည်သူပြည်သားအုပ်ချုပ်ခံတွေကို နှိပ်ကွပ်ဖို့ပြဋ္ဌာန်းထားတယ်လို့ တချို့က အမြင်ရှိကြပါတယ်။ ဒီဥပဒေကို ပြဋ္ဌာန်းစဉ်က ရည်ရွယ်ချက်အနေနဲ့ ကြည့်မယ်ဆိုရင်တော့ စစ်မက်ဖြစ်ပွားစဉ်ကာလအတွင်း၌သာလျှင် ပေါ်ပေါက်လာတဲ့အန္တရာယ်များကို ကာကွယ်ရန်သက်သက်မဟုတ်ဘဲ ပြည်တွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံသားများရဲ့လုံခြုံရေးကို ရှေးရှုပြီးပြဋ္ဌာန်းခဲ့ကြောင်းကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီရည်ရွယ်ချက်ကိုကြည့်ခြင်းအားဖြင့် အစိုးရက ပြည်သူလူထုကို နှိပ်ကွပ်ရန်မဟုတ်ဘဲ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ဥပဒေကြောင်းအရ အကာအကွယ်ပေးရန်သာ ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်းတွေ့ရမှာပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ခေတ်ကမ္ဘာကြီးကို ကျွန်တော်တို့ လှမ်းမျှော်ကြည့်လိုက်ရင် ကမ္ဘာ့နေရာအနှံ့အပြားမှာ အဖျက်အမှောက်တွေဟာ တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း နည်းလမ်းပေါင်းစုံဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို အန္တရာယ်ပေးလျက်ရှိတာကို ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ကျွန်တော်တို့ရဲ့အိမ်နီးချင်းနိုင်ငံများ၌ပင် အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိ

နေတာကို မျက်ဝါးထင်ထင်မြင်နေရပြီဖြစ်ပါတယ်။ မိမိတို့နိုင်ငံအတွင်းတွင်လည်း ကြိုကြားကြိုကြား ဖြစ်ပွားလျက်ရှိနေပါတယ်။ သတိဆိုသည်မှာ ပိုတယ်လို့မရှိပါဘူး။ ဒါ့ကြောင့် ပြည်ထောင်စုအစိုးရနှင့် နိုင်ငံသူနိုင်ငံသားများကို အကာအကွယ်အပြည့်အဝပေးနိုင်တဲ့ အရေးပေါ်စီမံမှုအက်ဥပဒေဟာ ပြည်တွင်းပြည်ပအခြေအနေအရပ်ရပ်ကြောင့် နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်လျက်ရှိနေတယ်လို့ အလေးအနက်ပြောကြားလိုပါတယ်။ ဒါ့အပြင် အချို့ကလည်း အရေးပေါ်စီမံမှုအက်ဥပဒေပါ ပြဋ္ဌာန်းချက်တွေဟာ အခြားတည်ဆဲဥပဒေတစ်ရပ်ဖြစ်တဲ့ ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်တချို့နဲ့ သဘောတရား ဆင်တူတယ်လို့လည်း ပြောကြပါတယ်။ မှန်ပါတယ်။ ဆင်တူသယောင်ရှိသော်လည်း ဥပဒေတစ်ခုရဲ့ သဘောသဘာဝ၊ အနှစ်သာရ၊ ပြစ်မှုအင်္ဂါရပ်များအနေနဲ့ တစ်ထပ်တည်းတူညီမှာမဟုတ်ကြောင်း သေချာလေ့လာပါက တွေ့ရမှာပဲဖြစ်ပါတယ်။ ရာဇသတ်ကြီးဥပဒေဟာဆိုလို့ရှိရင်တော့ General Law ဖြစ်ပြီးတော့မှ အရေးပေါ်စီမံမှုအက်ဥပဒေကတော့ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေတဲ့ နိုင်ငံတော်လက်နက်ကိုင်အဖွဲ့အစည်းများ၊ အမှုထမ်း၊ အရာထမ်းများကို ထိရောက်စွာအကာအကွယ်ပေးထားတဲ့အပြင် ပြည်သူပိုင်ပစ္စည်း၊ အများပိုင်ပစ္စည်းနှင့် ပြည်သူလူထုရဲ့အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်စောင့်ရှောက်မှုပေးထားတဲ့ အထူးဥပဒေ(Special Law)တစ်ရပ် ဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။ ပြဋ္ဌာန်းပြီးသားဥပဒေတစ်ခုကို ခေတ်စနစ်နှင့်အချိန်အခါနဲ့ မကိုက်ညီတော့လို့ နိုင်ငံသားများရဲ့မူလအခွင့်အရေးကို ထိခိုက်နစ်နာစေလို့ ပယ်ဖျက်သင့်တာကို ပယ်ဖျက်ရမှာဖြစ်ပါတယ်။ ယခုလက်ရှိအချိန်ဟာ နိုင်ငံတော်သစ်ကြီးကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည်ဆောက်နေချိန်ဖြစ်ပါတယ်။ ထို့အတူ ၂၁ ရာစုပင်လုံညီလာခံကျင်းပဖို့အတွက် အဘက်ဘက်ကလည်း ပြင်ဆင်နေချိန်လည်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများရဲ့မူလအခွင့်အရေးနှင့် တာဝန်များကို အကာအကွယ်ပေးထားတဲ့ဥပဒေမှာ ကျွန်တော်ရှေ့ကတင်ပြခဲ့တဲ့ အရေးပေါ်စီမံမှုဥပဒေဟာ တစ်ခုအပါအဝင်ဖြစ်ပြီး လက်ရှိမြန်မာနိုင်ငံရဲ့တည်ဆဲဥပဒေ(The Existing Law)လည်း ဖြစ်တာကြောင့် လိုက်နာကျင့်သုံးလျက်ရှိတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေတစ်ခုဟာ ဟောင်းတိုင်း မကောင်းတာမဟုတ်သလို အသစ်ပြဋ္ဌာန်းတိုင်းလည်း ပြီးပြည့်စုံစွာသုံးလို့ရတာမဟုတ်ပါလို့ ဥပဒေဆိုရိုးစကားလေးတစ်ခု ကြားဖူးပါတယ်။ အသစ်တွေဘယ်လိုကောင်းကောင်း အဟောင်းကိုတော့ တလည်လည်ဆိုတဲ့စကားလိုပေါ့ခင်ဗျာ။ ဒါ့ကြောင့် အရေးပေါ်စီမံမှုဥပဒေကို အလျင်စလိုရုပ်သိမ်းလိုက်မယ်ဆိုရင် ပြည်ထောင်စုအစိုးရနှင့်ပြည်သူတစ်ရပ်လုံးဟာ အကာအကွယ်မဲ့သလိုဖြစ်သွားပြီး

အဖျက်အမှောက်ပြုလုပ်လိုသူ အကြမ်းဖက်သမားများအတွက် ထိရောက်စွာကိုင်တွယ်အပြစ်ပေးနိုင်တဲ့ ဥပဒေတစ်ရပ်ပျောက်ပျက်သွားမှာကို ကျွန်တော့်အနေနဲ့ များစွာပဲစိုးရိမ်မိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ မေးစရာမေးခွန်းရှိပါတယ်။ ဒါတွေက ဘာလဲဆိုတော့ ဒီဥပဒေကို ဘယ်သူတွေက ဘယ်သူတွေကိုအကာအကွယ်ပေးမှာလဲ။ နောက်ပြီးတော့ ရိုးသားတဲ့ပြည်သူတွေကို ဒီဥပဒေကြောင့် ဘယ်သူတွေကို ဘယ်လိုအဟန့်အတားဖြစ်နေတာလဲ။ အဲဒီတော့ အကြမ်းဖက်သမားတွေကို ကျွန်တော်တို့ ဘယ်လိုဥပဒေနဲ့ဟန့်တားမှာလဲ။ ဒီအချက်တွေကို မေးဖို့၊ စဉ်းစားဖို့ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဆက်ပြီးတော့တင်ပြလိုတာကတော့ တစ်ချိန်တုန်းက ဒီဥပဒေကို လက်တွေ့ အကောင်အထည်ဖော်ပြီးတော့မှ ဆောင်ရွက်ခဲ့ကြတာရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ဆောင်ရွက်ခဲ့သူအချို့ရဲ့ အားနည်းချက်၊ ချို့ယွင်းချက်တွေကိုထောက်ပြပြီး ဒီဥပဒေကြီးကို ရုပ်သိမ်းမယ့်အစား မိမိတို့အစိုးရလက်ထက်မှာ ထိုသို့အမှားမျိုး၊ အားနည်းချက်မျိုး၊ ချို့ယွင်းချက်မျိုး မဖြစ်အောင် သင်ခန်းစာယူပြီးတော့မှ ဆောင်ရွက်သွားသင့်ပါတယ်။ အကယ်၍ ဒီဥပဒေကို မဖြစ်မနေ ရုပ်သိမ်းမည်ဆိုပါကလည်း အများပြည်သူကို ထိရောက်စွာအကာအကွယ်ပေးနိုင်မယ့် ခေတ်စနစ်နဲ့ ကိုက်ညီတဲ့ ဥပဒေအသစ်တစ်ရပ် ရေးဆွဲပြဋ္ဌာန်းပြီးမှသာ ရုပ်သိမ်းသွားသင့်တယ်လို့ တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်တင်ပြရရင်တော့ လက်ရှိပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတွေကို ထိန်းသိမ်းဆောင်ရွက်ရာတွင် မိမိတို့အစိုးရအတွက် တစ်တပ်တစ်အား အထောက်အကူဖြစ်တဲ့၊ အလွန်ပင်အရေးကြီးတဲ့ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကို စနစ်တကျ ကိုင်တွယ်ကျင့်သုံးဆောင်ရွက်သွားသင့်ပြီး လက်ရှိအနေအထားအရ ဤဥပဒေကို ရုပ်သိမ်းရန်အချိန်အခါ မသင့်သေးပါကြောင်းနှင့် ပြည်သူ့လွှတ်တော်တွင် ရုပ်သိမ်းရန်ဥပဒေကြမ်း တင်သွင်းလာခြင်းအပေါ် ကန့်ကွက်ဆွေးနွေးပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်မြင့်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်မြင့် ဖြစ်ပါတယ်။ အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှာ တင်သွင်းလာခြင်းနှင့် စပ်လျဉ်းပြီး ကန့်ကွက် ကြောင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြု ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါ တယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အရေးပေါ်စီမံမှု အက်ဥပဒေဟာ နိုင်ငံတော်လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်ရဲ့ စီပွားရေး၊ နိုင်ငံပိုင်အဆောက်အဦ၊ ယာဉ်၊ စက်ကိရိယာ၊ လမ်းပန်းဆက်သွယ်ရေး၊ ပြည်သူလူထုရဲ့ အသက်အန္တရာယ်နှင့် ကျန်းမာရေးဆိုင်ရာ များကိုကာကွယ်ပေးရန် ရည်ရွယ်ပြဋ္ဌာန်း ထားတဲ့ အထူးဥပဒေတစ်ရပ်ဖြစ်ပါတယ်။ မိမိတို့နိုင်ငံမှာ တရားစီရင်ရေးဆိုင်ရာ ဥပဒေများ ရေးဆွဲပြဋ္ဌာန်း ထားရခြင်းဟာ ဖြစ်ပေါ်လာနိုင်တဲ့ ဥပဒေမဲ့ပြုလုပ်မှု များကို ထိရောက်စွာ တားမြစ်နိုင်ရန်ရည်ရွယ်ပြီး အဘက်ဘက်က စဉ်းစားရေးဆွဲပြဋ္ဌာန်းထားရခြင်းဖြစ် ပါတယ်။ ဥပဒေမဲ့ပြုလုပ်မှုများအတွက် ထိရောက်ဟန့်တားသော သက်ဆိုင်တဲ့ပြစ်ဒဏ်များ သတ်မှတ် ပြဋ္ဌာန်းထားခြင်းဖြင့် နောင်တွင်ထပ်မံပြုလုပ်လာမယ့် ဥပဒေမဲ့ပြုလုပ်ချက်များကို ဟန့်တားနိုင်ရန် ရည်ရွယ်၍ ရေးဆွဲပြဋ္ဌာန်း ထားရခြင်းလည်းဖြစ်ပါတယ်။ ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို အသုံးပြုရာမှာလည်းပဲ ဥပဒေမဲ့ပြုလုပ်ချက်များနဲ့ဆက်စပ်သက်ဆိုင်မှုရှိ/မရှိ ဆင်ခြင်သုံးသပ်ပြီး ခိုင်လုံသော စည်းနှောင်မှုများနဲ့ ပြစ်ဒဏ်ချမှတ်နိုင်ရေး ဆောင်ရွက်ကြရတာဖြစ်တဲ့အတွက် ဆက်စပ်မှု၊ သက်ဆိုင်မှု၊ ဆီလျော်မှုရှိတဲ့ ဥပဒေပြဋ္ဌာန်းချက်များကိုသာ ရွေးချယ်အသုံးပြုကြတာဖြစ်ပါတယ်။ ဆက်စပ်သက်ဆိုင်ဆီလျော်မှုရှိသော်လည်းပဲ ရည်ရွယ်ချက်မပါဝင်တဲ့ ဥပဒေမဲ့ပြုလုပ်မှုများကို သက်ညှာသတိပေးတဲ့အနေအထားနဲ့ ပေါ့လျော့စွာစဉ်းစားမယ်ဆိုရင် သင့်လျော်တဲ့ပြဋ္ဌာန်းချက်များ ပါရှိတဲ့ ဥပဒေကို အသုံးပြုနိုင်သကဲ့သို့ ထိရောက်ဟန့်တားတဲ့ တားမြစ်ချက်အတွက်စဉ်းစားမယ်ဆိုရင်တော့ ခိုင်လုံတဲ့ပြဋ္ဌာန်းချက်များပါရှိတဲ့ ဥပဒေကိုအသုံးပြုရာမှာဖြစ်တဲ့အတွက် ငြင်းဆိုနိုင်ခြင်း မရှိစေရေးအတွက် ခိုင်လုံစွာစည်းနှောင်ထားနိုင်တဲ့ ဥပဒေများကိုရေးဆွဲပြဋ္ဌာန်းရပါမယ်။ အရေးပေါ်စီမံမှုအက်ဥပဒေမှာ ဖော်ပြထားတဲ့ ပြဋ္ဌာန်းချက်များဟာ နိုင်ငံတော်နှင့်နိုင်ငံသားများရဲ့ လုံခြုံရေးအတွက် တာဝန်ထမ်းဆောင်နေတဲ့ တပ်ဖွဲ့များ၊ တပ်ဖွဲ့ဝင်များအပေါ်ကျူးလွန်မှုများ၊ နိုင်ငံအတွင်း ကူးလူးဆက်သွယ်သွားလာနိုင်ရေး အများသူငှာအသုံးပြုလျက်ရှိတဲ့ လမ်းကြောင်းများနှင့်စပ်လျဉ်း၍ ကျူးလွန်မှုများ၊ ဦးရေများပြားစွာစီးနင်းနိုင်တဲ့ ယာဉ်များနှင့်စပ်လျဉ်းတဲ့ ကျူးလွန်မှုများ၊ ဦးရေများပြားစွာစီးနင်းနိုင်တဲ့ ယာဉ်များအသုံးပြုတဲ့ လမ်းကြောင်းများနှင့်စပ်လျဉ်းတဲ့ကျူးလွန်မှုများ၊ အုပ်ချုပ်ရေး

ပိုင်းဆိုင်ရာ ဆက်သွယ်မှုစနစ်တို့ကို ယိုယွင်းပျက်စီးအောင် ဥပဒေမဲ့ပြုလုပ်ကျူးလွန်မှုများနှင့် အများပြည်သူရဲ့ ကျန်းမာရေးနှင့်အသက်အန္တရာယ်ထိခိုက်အောင် ဥပဒေမဲ့ပြုလုပ်ကျူးလွန်မှုများအတွက် ထိထိရောက် ရောက်ဟန့်တားနိုင်မယ့် ပြဋ္ဌာန်းချက်များဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတော်နှင့်နိုင်ငံသားများရဲ့ ဘဝလုံခြုံမှုအာမခံချက်ရှိစေရေးဟာ မည်သည့်အချိန်ကာလတွင်မဆို လိုအပ်နေပြီသာဖြစ်ပါတယ်။ နိုင်ငံတော်အတွင်း အကြမ်းဖက်မှုပြုလုပ်ရန် ကြိုတင်ကြံရွယ်ချက်များနှင့် ဥပဒေမဲ့ ပြုလုပ်မှုများကို ကြိုတင်တားဆီးနိုင်မှသာ နိုင်ငံတော်နှင့်နိုင်ငံသားများရဲ့ လုံခြုံမှုကို အပြည့်အဝ အကာအကွယ်ပေးနိုင်မှာဖြစ်ပါတယ်။ လုံခြုံမှုရှိစေဖို့လည်း တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုစေဖို့ပြဋ္ဌာန်းထားတဲ့ အရေးပေါ်စီမံမှုအက်ဥပဒေဟာ လက်ရှိအခြေအနေမှာလည်း ကျင့်သုံးဆောင်ရွက်ရန်လိုအပ်သကဲ့သို့ နောင်တွင်လည်းပဲဆက်လက်တည်ရှိနေရမယ့် ဥပဒေတစ်ရပ်ဖြစ်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံနှင့်အဝန်း လုံခြုံမှုအပြည့်အဝမရရှိသေးတဲ့ နေရာဒေသတွေမှာ လုံခြုံရေးတာဝန်ထမ်းဆောင်နေတဲ့ တပ်ဖွဲ့ဝင်များကို နှောင့်ယှက်တိုက်ခိုက်တဲ့ ပြုလုပ်မှုဖြစ်စဉ်တွေ၊ လူအင်အားရရှိရေးအတွက် ကျေးရွာလူထုကို ခြိမ်းခြောက်ပြီးအဓမ္မစုဆောင်းတဲ့ ဖြစ်စဉ်တွေ၊ ဒေသခံများကို မတရားဖမ်းဆီးခေါ်ဆောင်သွားတဲ့ဖြစ်စဉ်တွေ၊ အဝေးထိန်းစနစ်သုံး ပေါက်ကွဲစေတတ်တဲ့ မိုင်းကဲ့သို့သောလက်နက်များနှင့် တိုက်ခိုက်မှုကဲ့သို့သော အကြမ်းဖက်မှုဖြစ်စဉ်များဟာ နေ့စဉ်နှင့်အမျှ ရင်ဆိုင်ကြုံတွေ့နေကြတဲ့ဒေသများရှိပါတယ်။ အဲဒီဒေသတွေမှာ နေထိုင်ကြရတဲ့ ပြည်သူလူထုများ ဘဝလုံခြုံမှုရှိစေရေးအတွက် အရေးပေါ်စီမံမှုအက်ဥပဒေကို အသုံးပြုကာကွယ်ထိန်းကျောင်းရမှာဖြစ်တဲ့အတွက် ဒီဥပဒေကိုရုပ်သိမ်းခဲ့မယ်ဆိုရင် အကြမ်းဖက်မှုဖြစ်စဉ်များကိုဖန်တီးပြီး ပြည်သူလူထုအပေါ်ခြိမ်းခြောက်အန္တရာယ်ပြုရန် ကြံရွယ်နေသူများကို ထိထိရောက်ရောက်ဟန့်တားနိုင်မယ့် ဥပဒေမရှိတော့ဘဲ အဲဒီအားနည်းချက်အပေါ် အခွင့်ကောင်းယူပြီး ဥပဒေမဲ့ကျူးလွန်မှုများစဉ်ဆက်မပြတ် ဖြစ်ပေါ်လာနိုင်ပါတယ်။ ဥပဒေပါပြဋ္ဌာန်းချက်များဟာ အများပြည်သူအသုံးပြုတဲ့သွားလာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များမှာ အသက်အန္တရာယ်ဖြစ်လာနိုင်တဲ့ပြုလုပ်မှုများမှ လုံခြုံမှုရှိစေရန် ထည့်သွင်းဖော်ပြထားတဲ့ ပြဋ္ဌာန်းချက်များဖြစ်တဲ့အတွက် နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကို ထာဝရကာကွယ်စောင့်ရှောက်ရန်ရည်ရွယ်ရေးဆွဲထားကြောင်း လေ့လာတွေ့ရှိနိုင်ပါတယ်။ နိုင်ငံတော်နှင့်နိုင်ငံသားများလုံခြုံရေးအတွက် တာဝန်ထမ်းဆောင်နေရတဲ့ ကာကွယ်ရေးတပ်ဖွဲ့များ သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေရတဲ့ တပ်ဖွဲ့ဝင်များ

မူကြမ်း

သို့မဟုတ် အစိုးရ အရာထမ်း၊ အမှုထမ်းများရဲ့ တာဝန်ထမ်းဆောင်မှုများအပေါ် ချိုးယွင်းပျက်ကွက်မှုများပြုလုပ်စေခြင်းအလို့ငှာရည်ရွယ်၍ နှောင့်ယှက်မှုတစ်စုံတစ်ရာ ပြုလုပ်လာသူများအတွက် ထည့်သွင်းပြဋ္ဌာန်းထားတဲ့ အကြောင်းအချင်းအရာများပါဝင်တဲ့အတွက် နိုင်ငံသားများရဲ့ ဘဝလုံခြုံရေးကို ရည်ရွယ်ကာပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ အရေးပေါ်စီမံမှုအက်ဥပဒေပါပြဋ္ဌာန်းချက်များဟာ အချို့သောပုဂ္ဂိုလ်များပြောနေသလို ရာဇသတ်ကြီးပါပြဋ္ဌာန်းချက်များနှင့် အစိုးရလျှို့ဝှက်ချက်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များ ပြစ်မှုအင်္ဂါရပ်ထပ်တူထပ်မျှတူညီမှုမရှိပါဘူး။ သဘောသဘာဝမျှသာတူညီမှုရှိမှာဖြစ်ပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေ ရာဇသတ်ကြီးဟာ ပြစ်မှုအင်္ဂါရပ်များ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ရှင်းလင်းချက်များနှင့်ပြဋ္ဌာန်းထားတဲ့ အထွေထွေဥပဒေ(General Law) အဖြစ်ပြဋ္ဌာန်းထားတာဖြစ်ပြီးတော့ ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေဟာ Burma Code Volume-2 မှာပါရှိတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို စောင့်ရှောက်သောဥပဒေများစာရင်းမှာပါရှိတဲ့ အထူးဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။

သို့ပါ၍ ဥပဒေနှစ်ရပ်ရဲ့ အရေးအသားအသုံးအနှုန်းများတူညီမှုရှိသော်လည်းပဲ ဥပဒေရဲ့ ရည်ရွယ်ချက်နဲ့ ထိရောက်စွာအသုံးချနိုင်မှုအပိုင်းမှာ ထပ်တူကျမှုမရှိကြောင်း နှိုင်းယှဉ်လေ့လာတွေ့ရှိရပါတယ်။ အရေးပေါ်စီမံမှုအက်ဥပဒေဟာ တိကျပြတ်သားတဲ့ ပြဋ္ဌာန်းချက်များနှင့် ပြည့်စုံလုံလောက်မှုရှိအောင် ရေးဆွဲထားပြီး နိုင်ငံတော်လုံခြုံရေး(State Security)၊ ပြည်သူ့လုံခြုံရေး (Public Security) တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တားဆီးနှိမ်နင်းရေးနှင့် နိုင်ငံတော်ကာကွယ်ရေးလုံခြုံရေးနှင့် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများဖြစ်တဲ့ တပ်မတော်၊ ရဲတပ်ဖွဲ့တို့က တာဝန်ထမ်းဆောင်ရာမှာ အဟန့်အတား အတားအဆီး အနှောင့်အယှက်ပြုသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်ရည်ရွယ်ပြီး ပြဋ္ဌာန်းထားခြင်းဖြစ်တာဖြစ်တဲ့အတွက် မည်သည့်အစိုးရတက်သည်ဖြစ်စေ ဆက်လက်ကိုင်စွဲထားရမယ့်ဥပဒေတစ်ရပ်ဖြစ်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ ဥပဒေပြုမဏ္ဍိုင်အနေနဲ့လည်း အလေးထားကာကွယ်စောင့်ရှောက်ရမှာဖြစ်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ခိုင်မာစွာရပ်တည်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးလျက်ရှိတဲ့ ဥပဒေများကို အသိအမှတ်ပြုလက်ခံကျင့်သုံးသွားရမှာဖြစ်ပါတယ်။ မျက်မှောက်ကာလ နိုင်ငံတော်မှာကြုံတွေ့နေရတဲ့ ဖြစ်စဉ်များအပေါ်လေ့လာချိန်ထိုးသုံးသပ်ပါက ရုပ်သိမ်းရန်မသင့် ဆက်လက်ထားရှိရမယ့် ဥပဒေတစ်ရပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ထို့အတူ တည်ဆဲဥပဒေတစ်ရပ်နှင့် ငြိစွန်းလို့ အရေးယူခံရတဲ့အတွက် နစ်နာမှုအများအပြားရှိခဲ့ကြောင်း စိတ်ခံစားချက်ကို အလေးထားကာ ဒီဥပဒေကို

ရုပ်သိမ်းမယ်ဆိုခြင်းမှာ လျော်ကန်သင့်မြတ်တဲ့နည်းလမ်းမဟုတ်ပါ။ မဲခွဲဆုံးဖြတ်ကာ ထောက်ခံမဲများတဲ့အတွက် တည်ဆဲဥပဒေရုပ်သိမ်းလိုက်မယ်ဆိုလို့ရှိရင်လည်းပဲ နိုင်ငံတော်နှင့်နိုင်ငံသားများ၊ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြတဲ့ အဖွဲ့အစည်းများကို အကာအကွယ်ပေးမယ့်ဥပဒေ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ဥပဒေမဲ့ကျူးလွန်းလာပါက ထိရောက်စွာ ဟန့်တားကာကွယ်ပေးမယ့် ဥပဒေတစ်ရပ်ပျောက်ကွယ်သွားတော့မှာ ဖြစ်ပါတယ်။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေဟာ နိုင်ငံသားတို့ရဲ့လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကို ကာကွယ်တုံ့ပြန်ရာမှာ မရှိမဖြစ်လိုအပ်တဲ့ ဥပဒေကောင်းတစ်ခုဖြစ်ပါတယ်။ လက်ရှိ ကမ္ဘာမှာ နိုင်ငံတကာအကြမ်းဖက်အဖွဲ့အစည်းများဟာ ပြည်တွင်းပြည်ပဆက်သွယ်ဆောင်ရွက်မှုတွေ၊ Cyber အသုံးပြုကျူးလွန်မှုတွေ၊ အသေခံဗုံးခွဲတိုက်ခိုက်မှုတွေ စတဲ့ ခေတ်မီနည်းလမ်းများ အသုံးပြုပြီးတော့ အကြမ်းဖက်မှုများကိုတုံ့ပြန်နိုင်ရေး ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဒီဥပဒေဟာ မရှိမဖြစ်လိုအပ်တဲ့ ဥပဒေတစ်ရပ်ဖြစ်ပါတယ်။ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းတဲ့ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှာ စတင်ဆွေးနွေးစဉ်ကပင် တက်ရောက်လာခဲ့ကြတဲ့ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ဥပဒေပညာရှင်များက လတ်တလောအခြေအနေများအရ ရုပ်သိမ်းရန်မသင့်ကြောင်း ဆွေးနွေးခဲ့ကြတာကို လေ့လာတွေ့ရှိရပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းသွားတဲ့အချိန်ကြမှသာလျှင် ဤဥပဒေပါ ရည်ရွယ်ချက်၊ ဥပဒေအင်္ဂါရပ်များနှင့်အလားတူပြီး ခေတ်ကာလနှင့်ကိုက်ညီတဲ့ နိုင်ငံတော်နှင့်နိုင်ငံသားများရဲ့ လုံခြုံရေးနှင့်အကျိုးစီးပွားကို ကာကွယ်ပေးမယ့် ဥပဒေအသစ်တစ်ရပ်ရေးဆွဲပြဋ္ဌာန်းပြီးမှသာ ဒီဥပဒေကို ရုပ်သိမ်းသင့်ကြောင်းနှင့် ယခုကဲ့သို့ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းတဲ့ဥပဒေကြမ်းကို တင်သွင်းလာခြင်းအပေါ် ကန့်ကွက်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ညြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လှိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့

လွိုင်လင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပြည်သူ့လွှတ်တော်မှာတင်ပြထားတဲ့ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီတော့ အရေးပေါ်စီမံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းဟု ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒီဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်များကို Power Point မှာတင်ပြထားတဲ့အတိုင်းဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အရေးပေါ်စီမံမှုအက်ဥပဒေမှာ ယခုဖော်ပြခဲ့တဲ့ ရည်ရွယ်ချက်တွေနဲ့ ကြောင်းကျိုးဖော်ပြချက်တွေအတိုင်းဖြစ်ပေါ်နေမှုရှိ/မရှိ၊ မှန်ကန်မှုရှိ/မရှိကို အားလုံးသိမြင်စဉ်းစားနိုင်အောင် မူလဥပဒေပုဒ်မများကို Power Point မှာ တင်ပြထားပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပြဋ္ဌာန်းချက်ဥပဒေများဟာ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းရဲ့ ရည်ရွယ်ချက်မှာဖော်ပြထားသလို ယခုအချိန်အခါ အခြေအနေနဲ့ မည်သို့မျှသက်ဆိုင်မှုမရှိဆိုတာကို စမ်းစစ်ကြည့်ရင် မူလဥပဒေဟာ နိုင်ငံတော်လုံခြုံရေးနှင့်ငြိမ်ဝပ်ပိပြားမှုကို ထိခိုက်စေတဲ့နိုင်ငံတော်ပုန်ကန်မှုတွေ လှုံ့ဆော်မှု၊ နှောင့်ယှက်မှု၊ ပျက်စီးစေမှုတွေကို မဖြစ်နိုင်၊ မလုပ်နိုင်အောင် ကာကွယ်ထားတာတွေ့ရမှာပါ။ အဲဒီလိုဖြစ်စဉ်တွေဟာ ယခုလိုတည်ဆောက်ဆဲဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်နေတဲ့အချိန်ကာလမှာ ပြည်တွင်းငြိမ်းချမ်းရေးတွေ တည်ဆောက်နေတဲ့ အချိန်ကာလမှာဆိုလို့ရှိရင် ကျွန်တော်တို့ပြောရမယ်ဆိုလို့ရှိရင်တော့ ဒါကိုက်ညီမှုမရှိဘူးလို့ ကျွန်တော့်အနေနဲ့ သိမြင်နိုင်ပါတယ်။ အားလုံးပဲလွှတ်တော်ကိုယ်စားလှယ်များ သိမြင်နိုင်ပါတယ်။ ဒီဥပဒေပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ရင်တော့ မည်သူမဆိုဥပဒေနဲ့အညီ အရေးယူခံရမှာဖြစ်ပါတယ်။ မကျူးလွန်ရင်တော့ အရေးမယူနိုင်ပါဘူး။ ဥပဒေမကျူးလွန်ပဲ နိုင်ငံသူ၊ နိုင်ငံသားများနဲ့ နိုင်ငံအရေးဆောင်ရွက်နေသူများကို အချိန်အခါမရွေး ဖမ်းဆီးချုပ်နှောင်ခြင်း၊ တရားစွဲထောင်ချခြင်း၊ တရားမဲ့ပြုနိုင်ခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းတဲ့ဥပဒေကြမ်းရဲ့ အကြောင်းအကျိုးဖော်ပြချက်မှာ မူလဥပဒေဟာ နိုင်ငံသူ၊ နိုင်ငံသားများအား ဖိနှိပ်ချုပ်ချယ်နိုင်တဲ့ ဥပဒေတစ်ခုဖြစ်ခြင်း၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများကို ထိခိုက်နစ်နာစေခြင်းဆိုတဲ့ အချက်တွေပါလာတာ တွေ့ရပါတယ်။ ဒီဥပဒေကို သေချာဖတ်ကြည့်ရင်တော့ အမှား/အမှန်

ကိုခွဲခြားသိနိုင်ပါတယ်။ ဒီဥပဒေမှာ လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့အစည်းများ မပြုမကွဲဘဲ ပြည်သူကို လုံခြုံစွာကာကွယ်ပေးနိုင်အောင် အစိုးရရဲ့အဖွဲ့အစည်း၊ လုပ်ငန်းတွေ၊ အဆောက်အဦ၊ လမ်း၊ တံတား၊ ယာဉ်များအကျိုးရှိစွာ အသုံးပြုနိုင်အောင် ကာကွယ်ပေးထားတာဖြစ်တဲ့အတွက် ဖိနှိပ်ချုပ်ချယ်ထားခြင်း၊ မူလအခွင့်အရေးများကို ထိခိုက်နစ်နာစေခြင်းမရှိတာကို တွေ့ရှိနိုင်ပါတယ်ခင်ဗျား။ ယခုနောက်ဆုံး အကြောင်းအကျိုးဖော်ပြချက်မှာ ရာဇသတ်ကြီးဥပဒေပြဋ္ဌာန်းချက်တွေနဲ့ တော်တော်များများတူညီနေတယ်လို့ အလားတူဥပဒေတစ်ခုမရှိသင့်ဘူးဆိုတာကို ရှင်းလင်းပါ့မယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရုပ်သိမ်းရန်တင်ပြလာတဲ့ ဥပဒေပုဒ်မတွေကို နှိုင်းယှဉ်ကြည့်လိုက်တဲ့အခါမှာ အရေးပေါ်စီမံမှုအက်ဥပဒေပါအချက်အလက်များဟာ အသေးစိတ်ပါဝင်နေပြီးတော့ ပြစ်ဒဏ်အားဖြင့် ကြီးလေးနေတာတွေ့နိုင်ပါတယ်။ ပြစ်မှုဆိုင်ရာ ရာဇသတ်ကြီးမှာ ၁၈၆၁ ခုနှစ်ကပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်ပြီး အခန်း ၂၃ ခန်းနဲ့ ပုဒ်မပေါင်း ၅၁၁ ခုပါဝင်ပါတယ်။ အရေးပေါ်စီမံမှုအက်ဥပဒေမှာတော့ အခန်းမဖွဲ့ဘဲ ပုဒ်မရှစ်ခုတည်းပါပါတယ်။ အထူးဥပဒေလို့လည်းဆိုရမှာပါ။ နိုင်ငံတော်လုံခြုံရေး၊ ပြည်သူတွေရဲ့ ဘဝလုံခြုံမှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို လုံးဝမထိခိုက်နိုင်အောင် ရာဇသတ်ကြီးဥပဒေထက် ပိုမိုခိုင်မာပြည့်စုံအောင် အရေးကြီးတဲ့အကြောင်းအရာများကိုပဲ ရွေးထုတ်ပြီး ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။ သဘောတရားတူသလိုရှိသော်လည်း စည်းနှောင်မှုအားလွန်စွာကွာခြားပါတယ်။ ဒါဟာ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကာအကွယ်တစ်ခုပဲဖြစ်ပါတယ်။ ဒီဥပဒေတစ်ခုရှိလို့ နောက်တစ်ခုမလိုအပ်ဘူးဆိုတဲ့ အကြောင်းအကျိုးဖော်ပြချက်အပေါ် အပေါ်ယံအယူအဆလို့ပဲ မြင်ရပါတယ်။ မြင်မိပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများဟာ ဥပဒေပြုသူတွေပါ။ ဥပဒေဟာ ပြည်သူကို အကာအကွယ်ပေးထားတဲ့အရာပါ။ ဒီအရေးပေါ်စီမံမှုအက်ဥပဒေဟာလည်း နိုင်ငံတော်နှင့် ပြည်သူတွေကို အကာအကွယ်ပေးတဲ့ဥပဒေတစ်ခုဖြစ်ပါတယ်။ တရားဥပဒေဆိုတာနဲ့ တရားမဲ့လုပ်လို့ မရဘူးဆိုတာ လူတိုင်းသိပါတယ်။ ဒီဥပဒေကို ဖောက်ဖျက်ကျူးလွန်မှသာ ဖမ်းဆီးချုပ်နှောင်အရေးယူခံရမှာပါ။ တစ်ချိန်ကတော့ ဒီဥပဒေရဲ့ အထူးအားဖြင့် ပုဒ်မ ၅(ည)နဲ့ အထိန်းသိမ်းခံ၊ အရေးယူခံခဲ့ရတာတွေရှိပါတယ်။ အမှန်တကယ်ငြိစွန်းလို့ အရေးယူခံရတာမျိုးရှိသလို အကြောင်း ကြောင်းနဲ့ အရေးယူခံရတာတွေလည်း ရှိတယ်လို့ကြားသိရပါတယ်။ ဒါက ဥပဒေကိုအသုံးပြုတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းနဲ့ဆိုင်တဲ့ပြဿနာဖြစ်ပါတယ်။ ဥပဒေကို တိတိကျကျမှန်မှန်ကန်ကန်လုပ်မယ့် ဒီနေ့အစိုးရသစ်ရဲ့ တရားစီရင်ရေးစနစ်မှာတော့ ဒီလိုကိစ္စတွေမဖြစ်ပေါ်နိုင်တော့ပါဘူးလို့ ကျွန်တော် ယုံကြည်ပါ

တယ်။ ဒါကြောင့် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းခြင်းမပြုဘဲ ပြင်ဆင်သင့်တာများကို ပြင်ဆင်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်ပြင်ဆင်လိုတာကတော့ ဥပဒေကြမ်းရဲ့ခေါင်းစဉ်ကို ပုဒ်မ ၁ မှာ ဤဥပဒေကို ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်လို့ ပြင်ဆင်ရန်ဖြစ်ပြီးတော့ ဒီဥပဒေပုဒ်မ ၅(ည)မှာ Power Point မှာပါတဲ့အတိုင်း ပုဒ်မ ၅(ည)ကို ပြည်ထောင်စု၏ လုံခြုံရေးကိုသော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှုပြန်လည်ထူထောင်ရေးကိုသော်လည်းကောင်း၊ ထိခိုက်စေရန်အကြောင်းရှိသောနည်းလမ်းဖြင့် အများပြည်သူ၏ သို့တည်းမဟုတ် ပြည်သူတစ်စု၏ ကိုယ်ကျင့်တရားကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ဖောက်လွှဲဖောက်ပြန်ဖြစ်စေသောအမှုကိုပြုလျှင်လို့ ပြင်ဆင်လိုပါကြောင်း တင်ပြအပ်ပါတယ်။ ပုဒ်မ ၅(ည)ကို ပြင်ဆင်တာကတော့ လိုရာစွဲအသုံးချနိုင်မှုလျော့၍ ပိုမိုတိကျအောင်ဆောင်ရွက်နိုင်ရန် ပြင်ဆင်လိုခြင်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် အရေးပေါ်စီမံမှုအက်ဥပဒေ ၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ်(၁၇)။ ၁၉၅၀ ပြည့်နှစ်၊ မတ်လ ၉ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေမှာတော့ ပါလီမန်ဒီမိုကရေစီခေတ်၊ ဖဆပလခေတ်မှာ ဒါပြဋ္ဌာန်းခဲ့တယ်ပေါ့နော်။ ဒီမိုကရေစီစံနှုန်းများနဲ့လည်းအညီ ပြဋ္ဌာန်းခဲ့ပြီးတော့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ ရေရှည်မျှော်တွေးလျက် ရေးဆွဲထားတဲ့ဥပဒေဖြစ်ပါတယ်။ နိုင်ငံတော်လုံခြုံရေး၊ အများပြည်သူများ၏ ကိုယ်ကျင့်တရား၊ တိုင်းချစ်ပြည်ချစ်မျိုးချစ်စိတ်များကို မပျက်ပြားအောင် အကာအကွယ်ပေးခဲ့တဲ့ဥပဒေဖြစ်ပြီး နှစ်ပေါင်း ၆၆ နှစ်တိုင်အောင် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တို့ လိုက်နာကိုးကားခဲ့တဲ့ဥပဒေဖြစ်ပါတယ်။ လိုက်နာကျင့်သုံးခဲ့တဲ့ဥပဒေဖြစ်ပါတယ်။ ဒီဥပဒေအရ ပြစ်မှုကျူးလွန်သူများကို တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုမိန့်ကို သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဌာနများမှ ခွင့်ပြုသော တရားစွဲဆိုရမယ်လို့ ဥပဒေကို ထိန်းချုပ်ထားလို့လည်း ရပါတယ်။ ဒီဥပဒေဟာ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းရဲ့ရည်ရွယ်ချက်နဲ့ကြောင်းကျိုးဖော်ပြချက်မှာပါတဲ့အချက်တွေဟာ လုံးဝပတ်သက်ကိုက်ညီမှုမရှိကြောင်းလည်း တင်ပြအပ်ပါတယ်။ ဥပဒေရဲ့အနှစ်သာရမှာ တရားမဲ့ပြုကျင့်ခြင်းသဘော လုံးဝမပါခြင်းကိုလည်း တွေ့ရှိရပါတယ်။ ယနေ့ နိုင်ငံတော်သစ်တည်ဆောက်ရာမှာ အနှောင့်အယှက်အဟန့်အတားကင်းဝေးပြီး တည်ငြိမ်အေးချမ်းမှုရှိဖို့လိုအပ်တဲ့အတွက် ပြဋ္ဌာန်းထားတဲ့ဥပဒေများကို ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟဆိုတဲ့ အဂတိတရားလေးပါးကင်းကင်းနဲ့ စဉ်းစားသုံးသပ်ကြပြီး မရုပ်သိမ်းသင့်တာ မရုပ်သိမ်းဘဲ၊

ပြုပြင်သင့်တာတွေကို ပြုပြင်သွားကြရမှာဖြစ်ပါတယ်။ ဥပဒေရှိပြီး ရှိတဲ့ဥပဒေမှာ ခိုင်မာတဲ့စည်းနှောင်အားမရှိလျှင် လက်တွေ့အကျိုးမရှိနိုင်တဲ့အတွက် ယခုလိုနိုင်ငံသူနိုင်ငံသား အကျိုးအတွက် ရေးဆွဲထားတဲ့ အရေးပေါ်စီမံမှုအက်ဥပဒေ(၁၉၅၀ ခုနှစ်)ကိုရုပ်သိမ်းခြင်းအစား ပြင်ဆင်သင့်သည့်နေရာများကို ပြင်ဆင်သွားပြီး အစိုးရသစ်အတွက် အားကောင်းတဲ့ဥပဒေတစ်ရပ်အဖြစ် ဆက်လက်ထားရှိသင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော် များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးဖြစ်ပါတယ်။ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်း သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတိုင်းဟာ မိမိတို့နိုင်ငံရဲ့လုံခြုံရေးကို အစဉ်သဖြင့်တိုးမြှင့်ကာကွယ် နိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် လိုအပ်တဲ့ ဥပဒေပြဋ္ဌာန်းမှုများကလည်း နိုင်ငံတော်လုံခြုံရေးအတွက် ဆောင်ရွက်ချက်များပဲဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ အင်္ဂလိပ်အစိုးရ အုပ်ချုပ်စဉ်က အသုံးပြုခဲ့တဲ့ ရာဇသတ်ကြီး ဥပဒေဟာ ယနေ့တိုင်တည်ရှိနေဆဲဖြစ်ပြီးတော့ ဥပဒေမှာ ပြစ်မှုကျူးလွန်သူတွေကို အရေးယူ ဆောင်ရွက်နိုင်ဖို့ ပြဋ္ဌာန်းထားသော်လည်းပဲ ပြစ်မှုကျူးလွန်သူများအပေါ် ထိရောက်ဟန့်တား နိုင်လောက်တဲ့ အရေးယူဆောင်ရွက်ချက်များ လိုအပ်တဲ့အတွက် ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ဖို့ အတွက်ရည်ရွယ်ပြီး ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ် စီမံမှု အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။ ဒီဥပဒေမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ဝတ္တရားတွေကို ဆောင်ရွက်နေတဲ့ နိုင်ငံတော်လက်နက်ကိုင်စစ်တပ် အစည်းအရုံးများ၊ ရဲတပ်ဖွဲ့များစသည်တို့ရဲ့ ချီတက်သွားလာခြင်းဆိုင်ရာတွေကို နိုင်ငံတော်သစ္စာ ဖောက်ပုန်ကန်မှုတွေကို ကျူးလွန်သူတစ်ဦး တစ်ယောက်သို့အကြောင်းကြားရန် ရည်ရွယ်ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး နှောင့်နှေးစေရန်၊ ပျက်ပြားစေရန် ကြံရွယ်၍ ဆောင်ရွက်မှုများအပေါ်

အရေးယူနိုင်ရန်တို့အတွက် ပြဋ္ဌာန်းထားရှိမှုများ တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကို ကျူးလွန်ခဲ့သူ၊ ကျူးလွန် ဆဲဖြစ်သူကို ကူညီရန်ကြံရွယ်ပြီး အစိုးရရဲ့ဆက်သွယ်ရေးဆိုင်ရာ ကိစ္စများကို အနှောင့်အယှက်ဖြစ်စေ ရန်ဆောင်ရွက်သူများအပေါ် အရေးယူနိုင်ဖို့အတွက်လည်း ဥပဒေမှာထည့်သွင်းပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါတယ်။

အဆိုပါ ဥပဒေမှာ ပြည်ထောင်စုလက်နက်ကိုင်စစ်တပ်အစည်းအရုံးများ၊ အစိုးရ အရာထမ်း၊ အမှုထမ်းများကို အစိုးရအပေါ် စည်းကမ်းဖီဆန်ရန်နှင့် သစ္စာမဲ့စေရန်အတွက် စည်းရုံးဆောင်ရွက်မှုတွေ၊ အများပြည်သူတို့ကို အထိတ်တလန့်ဖြစ်စေရန် မမှန်သတင်းလွှင့်ရန်ကြံရွယ်ခြင်း၊ ပြည်သူတို့ရဲ့ အယုံအကြည်ပျက်ပြားစေရန်ဆောင်ရွက်မှုများကို ထိန်းချုပ်နိုင်ဖို့အတွက်လည်း ဥပဒေမှာထည့်သွင်း ပြဋ္ဌာန်းထားကြောင်းတွေ့ရှိရပါတယ်။ ပြည်ထောင်စုရဲ့လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားမှုပြန်လည်ထူထောင်ရေးတို့ကို ထိခိုက်စေရန်ကြံရွယ်ခြင်း၊ တရားစီရင်ဆောင်ရွက်မှုတွေကို အနှောင့်အယှက်ဖြစ်အောင် အားပေးအားမြှောက်ပြုခြင်းစတဲ့လုပ်ငန်းစဉ်တွေအပေါ် မှာလည်း အရေးယူဆောင်ရွက်နိုင်ရန်အတွက်လည်း ဥပဒေမှာပြဋ္ဌာန်းထားရှိပါတယ်။ ဒါ့အပြင် အစိုးရရဲ့ကိစ္စရပ်များအတွက် အသုံးပြုတဲ့ လမ်း၊ တံတား၊ အဆောက်အဦ၊ စက်ပစ္စည်း၊ ရေပေးသွင်းရေးစတဲ့ဆောင်ရွက်ချက်တွေကို ပျက်ပြားစေရန် ဆောင်ရွက်မည့်သူများနှင့် သောက်သုံးရေကို အဆိပ်ခတ်ခြင်း၊ အဆိပ်ဖြစ်စေရန် ဆောင်ရွက်မယ့်သူများအပေါ် အရေးယူနိုင်ရန်အတွက်လည်း ပုဒ်မ ၇ မှာ ထည့်သွင်းရေးဆွဲပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါတယ်။ သို့ပါ၍ အရေးပေါ်စီမံမှုအက်ဥပဒေပါ ဖော်ပြထားတဲ့ ဖော်ပြချက်တွေဟာ နိုင်ငံတော်လုံခြုံရေး၊ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးတို့အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်တွေမှာ အဓိကကျတဲ့ အရေးပါတဲ့ပြဋ္ဌာန်းမှုများဖြစ်ပါကြောင်းနှင့် နိုင်ငံတော်အစိုးရအတွက် အရေးပေါ်အခြေအနေကာလများမှာ နိုင်ငံတော်လုံခြုံရေးအတွက် ဖောက်ဖျက်ကျူးလွန်သူတွေကို ထိရောက်ဟန့်တားတဲ့ အရေးယူဆောင်ရွက်ချက်များ ဆောင်ရွက်နိုင်အောင် ပြဋ္ဌာန်းထားတဲ့ဥပဒေဖြစ်တဲ့အတွက် ဥပဒေမှာဖော်ပြထားတဲ့ပြဋ္ဌာန်းချက်များအနက် ခေတ်ကာလနှင့်လျော်ညီမှုမရှိတော့တဲ့ ဖော်ပြချက်များကို ပြန်လည်စိစစ်ပြီး ပြင်ဆင်ဖြည့်စွက်ရေးဆွဲသင့်သည်များကို ရေးဆွဲဆောင်ရွက်သင့်သော်လည်း ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေတစ်ခုလုံးအား ရုပ်သိမ်းခြင်းမပြုသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**မူကြမ်း**

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းထွန်းဟိန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်အားလုံး ကျန်းမာခြင်း၊ ချမ်းသာခြင်းနှင့်ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ လက်ရှိကျင့်သုံးနေတဲ့ ဥပဒေပေါင်း ၄၁၈ ခုရှိပါတယ်။ ကျွန်တော်တို့ အခုဆွေးနွေးတဲ့ အရေးပေါ်စီမံမှုအက်ဥပဒေလိုမျိုး၊ နာမည်ဆိုးရှိသော၊ သမိုင်းကြောင်းမကောင်းသောဥပဒေဟာ လက်တစ်ဆုပ်စာတောင်မှ မရှိပါဘူး။ ကျန်တဲ့ဥပဒေတွေအတွက် ဘာမှပြောစရာမရှိပါဘူး။ ဒီနေရာမှာ ကျွန်တော်တို့တင်ပြလိုတာကတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းအနေနဲ့ အရေးပေါ်စီမံမှုအက်ဥပဒေကို ကျွန်တော် လေ့လာလိုက်တဲ့အခါမှာ ဒီဥပဒေဟာ ၁၉၅၀ ခုနှစ်က ပြဋ္ဌာန်းထားတဲ့ဥပဒေဖြစ်ပါတယ်။ သမိုင်းကို ပြန်ကြည့်လျှင် ဥပဒေပြဋ္ဌာန်းချိန်မှာ လက်နက်ကိုင်သောင်းကျန်းသူများရဲ့ တိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံအစိုးရဟာ ရန်ကုန်အစိုးရ သို့တည်းမဟုတ် ရန်ကုန်လောက်သာပိုင်စိုးနိုင်သည့် အစိုးရလို့ပျက်ရယ်ပြုခံနေရတဲ့အချိန်လည်း ဖြစ်ပါတယ်။ ရန်ကုန်အစိုးရလို့အခေါ်ခံနေရတဲ့အချိန်မှာ ထုတ်ပြန်လိုက်တဲ့ဥပဒေဖြစ်တာကြောင့် ဒီဥပဒေဟာ မျှတဖို့ထက် အနိုင်ရဖို့က အဓိကဆိုတဲ့ သန္ဓေစိတ်ကိန်းအောင်းနေကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကို လေ့လာလိုက်ပါက ပုဒ်မခုနစ်ခုဖြင့် ဖွဲ့စည်းထားပါတယ်။ ပုဒ်မ ၁ ဟာ ဥပဒေရဲ့ အမည်ဖြစ်ပြီး၊ ပုဒ်မ ၇ ဟာ ပြဋ္ဌာန်းချက်များဖြစ်ပါတယ်။ ပုဒ်မ ၂ ကတော့ ပဋ္ဌမံတပ်သားအတွက် ပြစ်မှုနှင့် ပြစ်ဒဏ်များဖြစ်ပါတယ်။ ပုဒ်မ ၃ ကတော့ နိုင်ငံတော်လက်နက်ကိုင်နှင့် ရာဇဝတ်အမှုထမ်းတို့ရဲ့ ဆောင်ရွက်ချက်များကို ပျက်ပြားစေမှု၊ နှောင့်နှေးစေမှုအတွက် ပြစ်မှုနှင့်ပြစ်ဒဏ် ဖြစ်ပါတယ်။ ပုဒ်မ ၄ ကတော့ သူပုန်သူကန်များကို ကူညီရန်ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးတို့ကို ပျက်စီးစေမှု၊ နှောင့်နှေးစေမှုတို့အတွက် ပြစ်မှုနှင့်ပြစ်ဒဏ်များဖြစ်ပါတယ်။ ပုဒ်မ ၅ ကတော့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုကို ပျက်ပြားစေမှုအတွက် ပြစ်မှုနှင့်ပြစ်ဒဏ်ဖြစ်ပါတယ်။ ပုဒ်မ ၆ ကတော့ နိုင်ငံပိုင်ပစ္စည်းများ ပျက်စီးစေမှုအတွက် ပြစ်မှုနှင့် ပြစ်ဒဏ်များဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အထက်က တင်ပြခဲ့သလို ဥပဒေပေါင်း ၄၁၈ ခုအနက် ဒီအရေးပေါ် စီမံမှုဥပဒေဟာ ဘာကြောင့်နာမည်ဆိုးရတာလဲ။ ဘာကြောင့်သမိုင်းကြောင်း မကောင်းရတာလဲ။ ဒါကို ဥပဒေကျကျ၊ ဥပဒေအနှစ်သာရရှိရှိ လေ့လာသုံးသပ်ဖို့လိုပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေပြုရာမှာ မျှတတဲ့သဘောရှိဖို့ လိုအပ်ပါတယ်။ ဒါကြောင့် There is no Law၊

There is no Justice ဆိုပြီးတော့ ကျွန်တော်တို့ ဥပဒေမှာ ဆိုရိုးရှိပါတယ်။ ဥပဒေမရှိရင် တရားမျှတမှု မရှိပါဘူး။ ဒါကို ကျွန်တော်တို့ ကမ္ဘာမှာရှိတဲ့ဥပဒေပညာရှင်များက လက်ခံထားတာပဲဖြစ်ပါတယ်။ ဒီရဲ့အချက်ကို ကျွန်တော်တို့က အနှစ်ထုတ်ပြီးတော့ ပြန်ပြီးလေ့လာကြည့်မယ်ဆိုရင် There is no justice၊ There is no Law ကလည်း တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် ဥပဒေတစ်ခုဟာ မျှတမှုရှိတဲ့ ဥပဒေမဟုတ်ပါဘူးလို့ ဒီလိုအဓိပ္ပာယ်ရောက်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေကို လက်တွေ့ ကျင့်သုံးတဲ့အခါမှာလည်း မျှတခြင်းကို ကျွန်တော်တို့ ထိန်းညှိထားဖို့လိုပါတယ်။ မျှတမှုရှိအောင်လည်း ထိန်းညှိထားရပါတယ်။ ပမာအားဖြင့်ပြရမယ်ဆိုရင် ပြစ်မှုကျူးလွန်ကြောင်း သက်သေပြသရန် တာဝန်သည် စွပ်စွဲသူအပေါ်၌သာ တည်၏ဟု ကျွန်တော်တို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီလိုမှမဟုတ်ဘဲ တာဝန်ကို ပြဋ္ဌာန်းမထားဘူးဆိုရင် အပြစ်မဲ့သူတို့က လွယ်လွယ်စွပ်စွဲခံရခြင်းဖြင့် ပင်ပန်းဆင်းရဲလိမ့် မည်ဟု ဥပဒေကနေပြီးတော့ ကျွန်တော် ထိန်းညှိတဲ့သဘော၊ မျှတသည့်အမှုကို ထိန်းညှိတဲ့သဘော ကျွန်တော်တို့ တွေ့မြင်နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၅၀ ခုနှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို လေ့လာ လိုက်တဲ့အခါမှာ အထက်မှာ ကျွန်တော်တင်ပြခဲ့တဲ့ မျှတမှုကို ထိန်းညှိထားတာမရှိကြောင်း တွေ့မြင်ရပါ တယ်။ ဥပမာအားဖြင့် အရေးပေါ်စီမံမှုဥပဒေပုဒ်မ ၅(င)ကို ပမာပြလိုပါတယ်။ ထိုဥပဒေ ပုဒ်မ ၅(င)မှာ မမှန်ဟုသိလျက်နှင့် သို့တည်းမဟုတ် မမှန်ဟုယုံကြည်လောက်အောင် အကြောင်းရှိလျက်နှင့် မမှန် သတင်းလွှင့်ရန် ကြံရွယ်၍ တစ်ခုခုလုပ်လျှင် သို့တည်းမဟုတ် ယင်းတို့ဖြစ်စေရန် အကြောင်းရှိသော အမှုကိုပြုလျှင် ပြစ်မှုမြောက်သည်လို့ ပြဋ္ဌာန်းထားပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၅(ည)ကို ကျွန်တော်တို့ နားလည်လွယ်အောင် စကားပြေနဲ့ပြောရမယ် ဆိုရင် မမှန်သတင်းလွှင့်ရန် ကြံရွယ်၍ တစ်ခုခုလုပ်လျှင် ပြစ်မှုမြောက်သည်ဟု ကျွန်တော်တို့ ဆိုရမည် ဖြစ်ပါတယ်။ ထိုပြဋ္ဌာန်းချက်ကို ကျွန်တော်တို့ လေ့လာကြည့်ရှုပါက မမှန်သတင်းလွှင့်ရန် ကြံရွယ်၍ ကြံရွယ်တယ်ဆိုတာ စိတ်ထဲမှာရှိတဲ့ အကြံအစည်ပါ။ စိတ်ထဲမှာဖြစ်ပေါ်နေတဲ့ အကြံအစည်ကို ကျွန်တော်တို့ သက်သေမပြနိုင်သလို စွပ်စွဲသူကလည်း အလွယ်တကူစွပ်စွဲတာကို ကျွန်တော်တို့ တွေ့မြင်နိုင်ပါတယ်။ ဒီကြံရွယ်၍ဆိုတဲ့ကိစ္စတစ်ခုကို တစ်ခုခုလုပ်ချင်းဖြင့် ပေါင်းစပ်ပြီး ကြည့်လိုက်မယ် ဆိုလို့ရှိရင် ပမာအားဖြင့် လူတစ်ယောက်ဟာ ဝါးလုံးတိုင်တစ်တိုင်ကို ကျွန်တော်တို့ ထူနေတယ်ဆိုပါစို့။ ထိုသူနဲ့မတည့်တဲ့ သင့်မြတ်ချင်းမရှိတဲ့ အာဏာပိုင်တစ်ယောက်က တိုင်ထူသူကို မမှန်သတင်းလွှင့်ရန် အတွက် အသံလွှင့်တိုင်ထူနေသည်လို့ ကျွန်တော်တို့ စွပ်စွဲလိုက်ပါက ထိုသူဟာ ဤပုဒ်မ ၅(ည)အတွင်း

တိုက်ရိုက်အကျုံးဝင်သွားမှာ ဖြစ်ပါတယ်။ တိုင်ထူသူက မဟုတ်ပါ။ အလံလွှင့်ရန် အလံတိုင်ထူခြင်းသာ ဖြစ်ပါသည်ဟု ငြင်းဆိုသော်ငြားလည်း ပုဒ်မ ၅(င)ဖြင့် ဖမ်းဆီးနိုင်ခွင့်ကိုတော့ အာဏာပိုင်က ရရှိသွားပါတယ်။ ဒီနေရာမှာ ကြံရွယ်၍တစ်ခုခုလုပ်သည်ဟု ထည့်သွင်းရေးသားလိုက်ခြင်းဖြင့် မျှတမှုသဘောကို ပယ်ဖျက်လိုက်ခြင်းဖြစ်ပါတယ်။ ပိုမိုထင်ရှားစေရန်အတွက် မမှန်သတင်းလွှင့်လျှင် ပြစ်မှုမြောက်သည်ဟု ဥပဒေ၌ ပြဋ္ဌာန်းထားပါက အာဏာပိုင်က ထိုမျှလောက်လွယ်ကူစွာဖြင့် အလံတိုင်ထူသူကို ဖမ်းဆီးနိုင်မည်မဟုတ်ကြောင်း တွေ့ရှိရပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အရေးပေါ်စီမံမှုအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအားလုံးသည် မျှတမှုကို ပယ်ဖျက်ထားသည့် ရေးသားပြဋ္ဌာန်းချက်များသာဖြစ်သဖြင့် အာဏာပိုင်များအတွက် အလွန်အသုံးတည့်သောဥပဒေဖြစ်ငြားသော်လည်းပဲ နိုင်ငံသားများအတွက်မူ (၁) မျှတမှုကင်းမဲ့သော၊ (၂) ကြိုက်သလိုဖမ်းဆီးနိုင်သော၊ (၃) နိုင်ငံသားတို့ရဲ့ အခွင့်အရေးကို အချိန်မရွေးပယ်ဖျက်နိုင်သော၊ (၄) ဖိနှိပ်မှုသန္ဓေပါ၍ ဖိနှိပ်သော၊ (၅) ကောင်းမွန်သောအုပ်ချုပ်မှုနှင့် သန့်ရှင်းသောအစိုးရဖြစ်မှုကို ဆန့်ကျင်နေသော ဥပဒေဖြစ်သဖြင့် တရားစွဲဆိုရန် ခွင့်ပြုမိန့်ကို ထိန်းချုပ်ရုံမျှဖြင့် ဥပဒေပါစာသားများကို ပြင်ဆင်ရုံမျှဖြင့် လုံလောက်နိုင်သော ဥပဒေမဟုတ်ဘဲ ဥပဒေတစ်ခုလုံးက ရုပ်သိမ်းသင့်သောဥပဒေဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေအားပယ်ဖျက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါတယ်။ အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၂ ကဲ့သို့သော ပြစ်မှုမျိုးကို မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃ နှင့် ပုဒ်မ ၁၀ တို့တွင်လည်းကောင်း၊ အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၃ ကဲ့သို့သော ပြစ်မှုမျိုးကို မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များအက်ဥပဒေပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့တွင်လည်းကောင်း၊ ပုဒ်မ ၄ နှင့် ပုဒ်မ ၆ ကဲ့သို့သော ပြစ်မှုမျိုးကို ပြည်သူပိုင်ပစ္စည်းကာကွယ်မှုဥပဒေ တို့ဖြင့်လည်းကောင်း၊ ပုဒ်မ ၅ ကဲ့သို့သော ပြစ်မှုမျိုးကို ၁၉၄၇ ခုနှစ်၊ ပြည်သူ့ငြိမ်ဝပ်ပိပြားရေးထိန်းသိမ်းစောင့်ရှောက်မှုအက်ဥပဒေပုဒ်မ ၅ နှင့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅ တို့ဖြင့်လည်းကောင်း အရေးယူအပြစ်ပေးနိုင်ပါကြောင်း တွေ့ရှိရသဖြင့် အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းလိုက်ပါကလည်း ပြစ်မှုကျူးလွန်နေသူများကို မျှတသော ဥပဒေပြဋ္ဌာန်းချက်များပါသည့် အခြားဥပဒေများဖြင့် အရေးယူနိုင်သည်သာဖြစ်ပါသည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတွင်အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာပါကလည်း မည်သို့မည်ပုံစီမံဆောင်ရွက်ရမည်ကို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁၁)တွင် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်၌ အသေးစိတ်တိကျစွာ

ရေးသားပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ထိုပြဋ္ဌာန်းချက်များအတိုင်း လိုက်နာခြင်းဖြင့် ကောင်းစွာကိုင်တွယ်နိုင်မည်လည်း ဖြစ်ပါတယ်။ လေးစားအပ်သောဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကဲ့သို့ စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်နေသည့်အချိန်တွင် နိုင်ငံသားများ၏အခွင့်အရေးကို ထိခိုက်နစ်နာစေသည့် မျှတမှုကင်းမဲ့သော ဤအရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသင့်ပါကြောင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ကို ခံယူမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီက တင်သွင်းတဲ့ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးအပါအဝင်၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ကလည်း ရုပ်သိမ်းရန်မသင့်ကြောင်း ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့သာ လုပ်သင့်သေးကြောင်းတို့ကို ဆွေးနွေးခဲ့ကြပါတယ်။ ဥပဒေကြမ်းကော်မတီကတော့ ဒီဥပဒေကို ရုပ်သိမ်းသင့်ကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသွားခဲ့ပါတယ်။ ဒါကြောင့် အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ရုပ်သိမ်းသင့်ကြောင်းတင်ပြချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံမဲများလျှင် ဥပဒေကြမ်းကို ရုပ်သိမ်းရန် အတည်ပြုကြောင်း ဆုံးဖြတ်မှာဖြစ်ပါတယ်။ ကန့်ကွက်မဲများလျှင် ဥပဒေကြမ်းကိုရုပ်သိမ်းရန် အတည်မပြုကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။ ယခုဆွေးနွေးတဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့ နည်းလမ်းနဲ့ မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၂၆၁ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၂၃ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၅ မဲ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဥပဒေကြမ်းကော်မတီက တင်သွင်းတဲ့ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ရုပ်သိမ်းရန် အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံတော်၏ချမှတ်ထားသော ပညာရေးမူဝါဒနှင့် ဦးတည်ချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် အထောက်အပံ့ဖြစ်စေသော အခြေခံပညာအဆင့်သင်ကြားသင်ယူမှု ပညာရည်စစ်ဆေးတိုင်းတာခြင်း အကဲဖြတ်မှုပုံစံအတွက် မှန်ကန်သောမူဝါဒတစ်ရပ်ချမှတ်ပေးပါရန်နှင့် ခိုင်ခိုင်မာမာ ကျင့်သုံးပေးပါရန် ပညာရေးဝန်ကြီးဌာနအားတိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့(၈-၈-၂၀၁၆ ရက်နေ့)တွင် တင်သွင်းတဲ့ နိုင်ငံတော်၏ချမှတ်ထားသော ပညာရေးမူဝါဒနှင့် ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အထောက်အပံ့ဖြစ်စေသော အခြေခံပညာအဆင့် သင်ကြားသင်ယူမှု ပညာရည်စစ်ဆေးတိုင်းတာခြင်း အကဲဖြတ်မှုပုံစံအတွက် မှန်ကန်သော မူဝါဒ တစ်ရပ်ချမှတ်ပေးပါရန်နှင့် ခိုင်ခိုင်မာမာကျင့်သုံးပေးပါရန် ပညာရေးဝန်ကြီးဌာနအားတိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၅ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အနာဂတ်အတွက် မှန်ကန်တဲ့၊ တည်ငြိမ်တဲ့၊ ခိုင်မာတဲ့မူဝါဒတစ်ရပ် ချမှတ်မယ်ဆိုရင် အတိတ်ကိုလေ့လာဆန်းစစ်ဖို့ကိစ္စကို မလွဲမသွေလုပ်ရမှာဖြစ်ပါတယ်။ အဲဒီလိုလုပ်တဲ့ အခါမှာ ကျွန်တော်တို့ ဓမ္မဓိဋ္ဌာန်ကျကျ၊ အစွဲကင်းကင်းနဲ့ လုပ်ကြရမှာဖြစ်ပါတယ်။ ဒါမှသာလျှင် အတိတ်မှာမှားခဲ့တာရှိရင် အဲဒီအမှားတွေကို သင်ခန်းစာယူ၊ မှန်ခဲ့တာတွေရှိခဲ့လို့ရှိရင် အဲဒီအမှန်တွေကို တိုးချဲ့ပြီးတော့ အနာဂတ်အတွက် မှန်ကန်တဲ့မူဝါဒတွေချမှတ်ရမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ သဒ္ဓါအဓိက၊ ဝီရိယအဓိက၊ ပညာအဓိကဆိုတဲ့ ဘုရားသုံးမျိုးရှိတဲ့အနက်မှာ ဂေါတမ ဗုဒ္ဓမြတ်စွာဘုရားက ပညာအဓိကဘုရားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဂေါတမဗုဒ္ဓမြတ်စွာဘုရားရဲ့ ဟောကြားချက်တွေဟာ ပညာကိုတန်ဖိုးထားတဲ့ ဟောကြားချက်တွေ အများကြီးပါခဲ့ပါတယ်။

နေထိုင်သူအများစုက ဗုဒ္ဓဘာသာဝင်တွေဖြစ်ကြတဲ့ ကျွန်တော်တို့မြန်မာနိုင်ငံမှ လူ့အဖွဲ့အစည်း ကလည်း ပညာကို တန်ဖိုးထားတဲ့လူ့အဖွဲ့အစည်းဖြစ်ပါတယ်။ ပညာရွှေအိုးလူမခိုး၊ ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည်မြတ်ရွှေအိုး၊ ပညာအလှူထက် ပို၍ကြီးမြတ်သောအလှူဟူသည် မရှိဆိုတဲ့ စကားတွေကိုကြည့်ရင် ကျွန်တော့်တို့လူ့အဖွဲ့အစည်းရဲ့ပညာကို တန်ဖိုးထားပုံကိုတွေ့ရမှာ ဖြစ်ပါ တယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံမှာ ပညာကိုအလေးမထား၊ ပညာရှင်တွေကို လေးစားရိုသေရ ကောင်းမှန်းမသိရုံသာမက ပညာရှင်တွေကိုပါ စိတ်ရောကိုယ်ပါ နာကျင်ပင်ပန်းအောင် ညှဉ်းပန်း နှိပ်စက်ခဲ့တဲ့ အစိုးရတွေအုပ်ချုပ်ခဲ့တဲ့ခေတ်တစ်ခုရှိခဲ့ပါတယ်။ အဲဒီခေတ်မှာ အဲဒီအုပ်ချုပ်သူတွေဟာ တိုင်းပြည်ရဲ့အနာဂတ်အတွက် မကြည့်ဘဲနဲ့ သူတို့ရဲ့အနာဂတ်အတွက်ပဲကြည့်ပြီးတော့ အုပ်ချုပ်ခဲ့ကြတဲ့ အတွက် ကျွန်တော်တို့ ပညာရေးလောကဟာ အခြားလောကများနဲ့အတူ။

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်ဆိုင်ရာသာ ဆွေးနွေးပါ။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အဲဒီကာလမှာ ကျွန်တော်တို့ဟာ ပညာရေးပြိုလဲသွားတဲ့ အခါမှာ ကျွန်တော်တို့ရဲ့ကိစ္စတွေအားလုံး တော်တော်များများက ပြိုလဲသွားခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ မှန်ကန်တဲ့ပညာရေးမူဝါဒတစ်ခုကို ချမှတ်မယ်ဆိုလို့ရှိရင် ကမ္ဘာ့အခြေအနေကို လေ့လာသုံးသပ်ဖို့ လိုပါတယ်။ ဒီနေ့ကမ္ဘာပေါ်မှာ ဆင်းရဲတဲ့နိုင်ငံတွေနဲ့ ချမ်းသာတဲ့နိုင်ငံတွေကို ပညာရှင်တွေက လေ့လာသုံးသပ်ကြည့်လိုက်တဲ့အခါမှာ နိုင်ငံတွေ ဆင်းရဲတဲ့အကြောင်းအရင်း၊ ချမ်းသာခြင်းရဲ့ အကြောင်းအရင်းကို လေ့လာကြည့်လိုက်တဲ့အခါမှာ ချမ်းသာတဲ့နိုင်ငံတွေက HIE နိုင်ငံတွေ ဖြစ်ပြီးတော့၊ ဆင်းရဲတဲ့နိုင်ငံတွေကတော့ LIE နိုင်ငံတွေဖြစ်တာကိုတွေ့ရပါတယ်။ HIE ဆိုတာကတော့ High Imagination- Enabling Countries ဖြစ်ပါတယ်။ အဲဒါကတော့ စိတ်ကူးဉာဏ်ကွန့်မြူးမှု၊ ဆင်ခြင်တွေးတောမှုကို အားပေးတဲ့နိုင်ငံတွေဖြစ်ပါတယ်။ Low Imagination- Enabling Countries ဆိုတာကတော့ စိတ်ကူးဉာဏ်ကွန့်မြူးမှုကို အားမပေးတဲ့နိုင်ငံတွေဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံကလည်း LIE နိုင်ငံထဲမှာပါနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မှန်ကန်တဲ့ မူဝါဒချမယ်ဆိုရင် LIE ဖြစ်နေတဲ့ဘဝကနေပြီး HIE ဖြစ်အောင် ကြိုးစားကြရမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ ပညာရေးဟာ ဖွံ့ဖြိုးတိုးတက်မှုရဲ့ အဓိက မောင်းနှင်အားတစ်ခုဖြစ်ပါတယ်။ ခိုင်မာတဲ့ဖွံ့ဖြိုးတိုးတက်မှု(Sustainable Development)လိုချင် တယ်ဆိုရင် မှန်ကန်တဲ့၊ ခိုင်မာတဲ့ပညာရေးမူဝါဒကို ချမှတ်ရမှာဖြစ်ပါတယ်။ မှန်ကန်တဲ့ ပညာရေး

မူဝါဒဆိုတာကတော့ ဒီမိုကရေစီစနစ်နဲ့လိုက်လျောညီထွေဖြစ်တဲ့ မူဝါဒဖြစ်ပါတယ်။ အဲဒီမူဝါဒဟာ ဘာတွေပါဝင်သင့်သလဲဆိုတဲ့အခါကျတော့ ပညာကိုတန်ဖိုးထား၊ ပညာကိုရိုသေ၊ ပညာရှင်ကိုရိုသေ လေးစားရတဲ့မူဝါဒဖြစ်သင့်ပါတယ်။ အလွတ်ကျက်မှတ်မှု(Memorizing)ထက် ဝေဖန်ပိုင်းခြားမှု (Critical Thinking) ကို အလေးထားတဲ့မူဝါဒဖြစ်သင့်ပါတယ်။ နောက်တစ်ခါ သုတေသနလုပ်ငန်းကို အခြေခံတဲ့ Research Base ပညာရေးမူဝါဒဖြစ်သင့်ပါတယ်။ သင်ယူသူကိုဗဟိုပြုတဲ့ Child Centre Approach ပညာရေးမူဝါဒဖြစ်သင့်ပါတယ်။ နောက်တစ်ခါ ဘဝတစ်သက်တာပညာသင်ယူမှု (Life Long Learning-LLL) ကိုအခြေပြုတဲ့ ပညာရေးမူဝါဒဖြစ်သင့်ပါတယ်။ နောက်တစ်ခါ ရေတို အကျိုး ရလဒ်ထက် ရေရှည်အကျိုးရလဒ်ကိုမျှော်မှန်းပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေလုပ်တဲ့ ပညာရေးမူဝါဒ ဖြစ်သင့်ပါတယ်။ အဲဒီအလုံးစုံခြုံငုံမိတဲ့ ပညာရေးမူဝါဒဖြင့် ကျွန်တော်တို့ဟာ အရည်အချင်း ထက်မြက်တဲ့၊ တည်ကြည်ဖြောင့်မတ်တဲ့ကျောင်းဆရာကောင်းတွေ မွေးထုတ်ပေးရမှာဖြစ်ပါတယ်။ အဲဒီကျောင်းဆရာကောင်းတွေကနေ မိမိတို့ရဲ့တပည့်တွေကို စဉ်ဆက်မပြတ်အကဲဖြတ်တဲ့ ပညာရည် စစ်ဆေးမှုနဲ့ လုပ်ပြီးတော့ စာမေးပွဲစနစ်အစား အဲဒီလိုတည်ကြည်ဖြောင့်မတ်ပြီးတော့ အရည်အချင်း ပြည့်ဝတဲ့ကျောင်းဆရာတွေကနေ မိမိတို့ရဲ့တပည့်တွေကို စဉ်ဆက်မပြတ်အကဲဖြတ်ပြီးတော့ အရည် အချင်းအလိုက် အတန်းတင်ပေးတဲ့စနစ်နဲ့လုပ်မှသာလျှင် ကျွန်တော်တို့ဟာ ပညာရေးဖြင့်ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ဆိုတဲ့ကြွေးကြော်သံဟာ အမှန်တကယ်အကောင် အထည်ဖြစ်လာပါလိမ့်မယ်ဆိုတာကို ကျွန်တော်တို့ ယုံကြည်ပါတယ်လို့ ပြောကြားရင်းနဲ့ အောင်မြေသာစံမဲဆန္ဒနယ်က ဒေါက်တာလှမိုးရဲ့အဆိုကို ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာလှမိုး တင်သွင်းတဲ့အဆိုဟာ ပညာရေးနှင့်စပ်လျဉ်းပြီးတော့ မှန်ကန်တဲ့မူဝါဒတစ်ရပ် ချမှတ်ပေးရန် တင်သွင်းတဲ့အဆိုဖြစ်ပါတယ်။ အဆိုနှင့်စပ်လျဉ်းတဲ့ အကြောင်းအရာများကိုသာ ဆွေးနွေးပေးစေလိုပါတယ်။ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးလွင်ကိုလတ်(သန်လျင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါ တယ်။ ကျွန်တော်ကတော့ သန်လျင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ် ဖြစ်ပါတယ်။ ဒေါက်တာလှမိုးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

တကယ်တော့ ကျောင်းသားတွေရဲ့ ပညာအရည်အသွေးကို အကဲဖြတ်ဆန်းစစ်မှုပုံသဏ္ဌာန်တွေဟာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ပညာရေးမူဝါဒတွေအပေါ်မှာ အခြေခံပြီးတော့ ကွဲပြားမှုတွေလည်းရှိပါတယ်။ ကိစ္စကိုဆွေးနွေးကြတဲ့အခါမှာလည်းပဲ ရှုပ်ထွေးမှုတွေ၊ အငြင်းပွားမှုတွေ၊ ကမ္ဘာမှာရှိနေဆဲကိစ္စလည်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆွေးနွေးရမယ်ဆိုလို့ရှိရင်တော့ ပထမဦးဆုံးအနေနဲ့ ပညာရေးရဲ့ ပညာရေးပိုရမစ်နှင့် ပညာရေးရည်ရွယ်ချက်ကို ကျွန်တော်တို့ သိဖို့လိုပါတယ်။ ပညာသင်ကြားရတဲ့အခါမှာ နိုင်ငံတကာမှာသုံးနေတဲ့ ပညာရေးပိရမစ်ပုံစံရှိပါတယ်။ တစ်ခုကကျတော့ ကျောင်းသားတွေ ဗဟုသုတနဲ့ အချက်အလက်တွေ ကြွယ်ကြွယ်ဝဝရရှိဖို့၊ နောက်တစ်ခုက သူတို့ရဲ့နားလည်မှု စွမ်းရည်မြင့်မားလာဖို့။ နံပါတ်(၃)ကကျတော့ သူတို့နားလည်လာတဲ့ နားလည်မှုစွမ်းရည်တွေကို လက်တွေ့အသုံးချဖို့နဲ့ နံပါတ်(၄)ကကျတော့ အသစ်တီထွင်ဖန်တီးဖို့ဆိုတဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်တွေကို ကျွန်တော်တို့က ပညာရေးရဲ့အခြေခံအဆင့်ဖြစ်တဲ့ အဆင့်တိုင်းအဆင့်တိုင်းမှာ အကဲဖြတ်ပြီးတော့ အတန်းတင်တဲ့ အလုပ်မျိုးတွေကို ပြုလုပ်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ကျွန်တော်တို့ ဒီကျောင်းသားတွေရဲ့ ပညာရေးတိုးတက်မှုကို အကဲဖြတ်တဲ့နေရာမှာလည်းပဲ ကျောင်းသားတွေဟာ သူတို့ဗဟုသုတနဲ့ သူတို့ရဲ့လေ့လာမှုတွေ သူတို့ရဲ့နားလည်မှုတွေ ဘယ်လောက်မြင့်မားလာသလဲလို့ Informative Assessment လုပ်တဲ့အခါမှာ နိုင်ငံတကာမှာ ဘာသုံးလဲဆိုလို့ရှိရင်တော့ စာမေးပွဲစနစ်နဲ့ Tutorial တွေကို သုံးကြပါတယ်။ ဒီထက်ပိုပြီး နောက်တစ်ဆင့်တက်တဲ့အခါမှာ လက်တွေ့အသုံးချမှုကို သုံးတာတို့၊ နောက်ထပ်တီထွင်ဖန်တီးမှုတွေကို အကဲဖြတ်တဲ့အခါမှာတော့ Tutorial တွေ၊ Lab တွေ၊ နောက်တစ်ခါ သုတေသနတွေနဲ့ ကျောင်းသားတွေရဲ့အရည်အသွေးကို ဆန်းစစ်ပါတယ်။ လက်ရှိ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျောင်းသားတွေရဲ့ အရည်အသွေးတွေကို ဆန်းစစ်တာက နိုင်ငံတကာမှာကျင့်သုံးနေတဲ့ ပထမအဆင့်တစ်ဆင့်သာဖြစ်တဲ့ စာမေးပွဲနဲ့ဆန်းစစ်တဲ့အဆင့်အပေါ်မှာ ၁၀၀ ရာခိုင်နှုန်းအပြည့် မှီခိုနေတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါဆိုရင် ဒီကျောင်းသားတွေရဲ့အရည်အသွေးကို ဆန်းစစ်တဲ့အခါမှာ စာမေးပွဲအပေါ်မှာ ၁၀၀ ရာခိုင်နှုန်းမှီခိုတဲ့အတွက်ကြောင့်မို့လို့ ဖြစ်ပေါ်လာတဲ့အားနည်းချက်တွေကို ကျွန်တော်တို့ လေ့လာကြည့်ရမှာဖြစ်ပါတယ်။

နံပါတ်(၁)ကတော့ စာမေးပွဲအမှတ်ကောင်းရေးကို ဦးတည်တာဖြစ်တဲ့အတွက် ကျောင်းသားတွေဟာ သူတို့ရဲ့ပင်ကိုယ်ဗီဇနဲ့ ဝါသနာအပေါ်မှာ အခြေခံပြီးတော့ သင်ယူလေ့လာမှုကို မရတော့ဘဲနဲ့ အထွေထွေအမှတ်ကောင်းရေးကို ဦးတည်သွားခဲ့ပါတယ်။ အဲဒီလိုဦးတည်သွားတဲ့အတွက် ဖြစ်လာတာ

ကတော့ ကျောင်းသားတွေနဲ့ ကျောင်းသားမိဘတွေမှာ ဖိအားတွေအင်မတန်များလာခဲ့ပါတယ်။ စင်ကာပူဝန်ကြီးချုပ် လီကွမ်ယုပြောခဲ့တဲ့ စကားလေးတစ်ခု ကျွန်တော် မှတ်မိပါတယ်။ ဒီအဆင့်တွေ အမှတ်တွေအပေါ်မှာ အာရုံစိုက်လွန်းတဲ့အခါကျတော့ ကျောင်းသားတွေဟာ စာမေးပွဲဖြေတဲ့အခါမှာ စာမေးပွဲဖြေတာနဲ့မတူဘဲနဲ့ မိသားစုတွေအားလုံးကပါ ဝင်ပြီး စစ်ပွဲတစ်ပွဲတိုက်သလို လုပ်နေရတဲ့ အနေအထားကို မကြိုက်တော့ဘူးလို့ ပြောခဲ့တဲ့စကားတစ်ခုရှိပါတယ်။ နောက်တစ်ခုက ဘာဖြစ်လာလဲ ဆိုရင် ကလေးတွေအတွက် မလိုအပ်ဘဲ အချိန်တွေအများကြီးကုန်ခဲ့ပါတယ်။ ကျွန်တော်တို့ ကလေးတွေဟာ သာမန်အရွယ်ရောက်ပြီးသား လူတစ်ယောက်ဟာ လုပ်ငန်းခွင်မှာ ပေးရတဲ့အချိန်ထက် သူတို့ရဲ့ပညာရေးအတွက် ပေးရတဲ့အချိန်က အင်မတန်များနေတာတွေ့ရပါတယ်။ နောက်တစ်ခု ဘာဖြစ်လာလဲဆိုလို့ရှိရင် ပြင်ပလှုပ်ရှားမှုတွေနဲ့ အစုအဖွဲ့နဲ့လုပ်တဲ့အလေ့အထတွေ ကျွန်တော်တို့ ပျောက်ဆုံးခဲ့ပါတယ်။ ဘယ်သူပဲဖြစ်ဖြစ် အရွယ်ရောက်လာတဲ့အခါမှာ တစ်ဦးတစ်ယောက်တည်း လူ့အဖွဲ့အစည်းမှာ ရပ်တည်လို့မရပါဘူး။ ဘယ်အလုပ်ပဲလုပ်လုပ် အစုအဖွဲ့နဲ့ လုပ်ကြရတာပါ။ အဲဒီအလေ့အထတွေကို အခြေခံပညာရေးစနစ်ကနေ ပြုစုပျိုးထောင်ပေးတဲ့စာမေးပွဲစနစ်တစ်ခုတော့ ကျွန်တော်တို့ လိုအပ်နေ ပြီလို့ ကျွန်တော် ယူဆပါတယ်။

နောက်ပြဿနာတစ်ခုက ဘာဖြစ်လဲဆိုတော့ အမှတ်အပေါ်မှာ အားပြုတာဖြစ်တဲ့အတွက် ကျောင်းသားတွေဟာ ပြင်ပစာပေလေ့လာမှုအတွက် အခွင့်အရေးတွေ ဆုံးရှုံးလာခဲ့တာပါ။ အားလုံးဟာ နောက်ဆုံးကုန်ကုန်ပြောရရင် ပညာရေးဟာ ပြဋ္ဌာန်းစာအုပ်အောက်ကို ရောက်သွားခဲ့ပါတယ်။ အမှတ်ရဖို့ဆိုလို့ရှိရင် ပြဋ္ဌာန်းထားတဲ့စာအုပ်တွေထဲက အရာတွေကိုပဲ အလွတ်ကျက်မှတ်ပြီးတော့ အထွေထွေအမှတ်များကို ကြိုးစားရတာပါ။ ဥပမာအနေနဲ့ပြောမယ်ဆိုလို့ရှိရင် လက်ရှိ ကျွန်တော်တို့က ချင်းပြည်နယ်အကြောင်းကို ပညာရေးမှာ ပြဋ္ဌာန်းထားတဲ့စာအုပ်ထဲကလောက်ပဲ ကျွန်တော်တို့ ကျက်ပြီးဖြေနေရတယ်။ ဒါပေမဲ့ လက်တွေ့ ချင်းပြည်နယ်ရဲ့အခြေအနေဟာ ပညာရေးပြဋ္ဌာန်းစာအုပ် ထက်မကတဲ့ ကျယ်ပြန့်မှုတွေရှိနေပါတယ်။ ဒါကြောင့်မို့လို့ ဒီအမှတ်ပေးစနစ်ကြောင့် လုပ်လိုက်တဲ့အခါ မှာ ပညာရေးဟာ ပြဋ္ဌာန်းစာအုပ်အောက်ကို ရောက်သွားတဲ့အနေအထားမျိုး ကျွန်တော်တို့ တွေ့ရပါ တယ်။ နောက်တစ်ခုက ဘာဆုံးရှုံးခဲ့သလဲဆိုလို့ရှိရင် ကလေးတွေဟာ သူတို့ရဲ့ပင်ကိုယ်ဗီဇကို သူတို့ ပြုစုပျိုးထောင်တဲ့အလေ့အကျင့် ဆုံးရှုံးသွားပါတယ်။ လက်ရှိပညာရေးစနစ်အရဆိုလို့ရှိရင် ကျွန်တော် တို့ စာမေးပွဲရလဒ်အပေါ်ကနေပြီးတော့ တက္ကသိုလ်ဝင်တန်းတွေကို ခွဲခြားတဲ့အခါမှာ အဲဒီအချိန်ရောက် ပြီဆိုရင် ကျောင်းသားတွေကိုယ်တိုင် သူတို့ကိုယ်တိုင်သူတို့ ဘာဝါသနာပါမှန်းမသိဘူး။ သူတို့ကိုယ်တိုင်

ဘယ်ဘာသာရပ်ကို အဆင့်မြင့်သင်ကြားရမယ်ဆိုတာ မဆုံးဖြတ်နိုင်တော့ဘူး။ အဲဒီလို သူတို့ဝေဝါးနေတဲ့အချိန်မှာပဲ နောက်ထပ်မေးခွန်းတစ်ခုပေါ်လာပါတယ်။ အဲဒါက ဘာလဲဆိုရင် Market နဲ့ Education ပညာရေးနှင့် ဈေးကွက်မှာ ဘယ်သူကဦးဆောင်တာလဲဆိုတာ ပေါ်လာပါတယ်။ ဒီတစ်ခါကျတော့ ကျောင်းသားတွေဟာ ပင်ကိုယ်ဗီဇဖွံ့ဖြိုးမှုအားနည်းလာခဲ့ရတဲ့အခါကျတော့ တက္ကသိုလ်ဝင်တန်းတွေကို စဉ်းစားတဲ့အချိန်မှာ မိဘတွေက ဆရာဝန်လုပ်ပါလား၊ ကျောင်းဆရာလုပ်ပါလား၊ ရှေ့နေလုပ်ပါလား သူတို့ရဲ့ပင်ကိုယ်ဗီဇအပေါ်မှာ ဆုံးဖြတ်ကြတာမဟုတ်ဘဲနဲ့ Market က တောင်းဆိုတဲ့အပေါ်မှာပဲ ဆုံးဖြတ်ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်တော့ နိုင်ငံတကာမှာဆိုလို့ရှိရင် ဈေးကွက်ကို သုတေသနက ဦးဆောင်ပါတယ်။ သုတေသနမှာတွေ့ရှိလာတဲ့ အသစ်တီထွင်ဖန်တီးမှုတွေကြောင့်မို့လို့ ဈေးကွက်မှာရှိနေတဲ့ နည်းပညာတွေအားလုံးဟာ အပြောင်းအလဲဖြစ်သွားတာဟာ နိုင်ငံတကာဖွံ့ဖြိုးမှုကိုကြည့်ရင် ဒီအတိုင်းပဲတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိ ကျွန်တော်တို့ ကျင့်သုံးနေရတဲ့ စာမေးပွဲစနစ်အပေါ်မှာ ၁၀၀ ရာခိုင်နှုန်းမှီခိုနေရတာဟာ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ကျွန်တော်တို့ရဲ့ ကျောင်းသားတွေရဲ့ ပင်ကိုယ်ဗီဇဖွံ့ဖြိုးမှုနဲ့ သုတေသနလုပ်ငန်းတွေ၊ တီထွင်ဆန်းသစ်မှုတွေအားလုံးကို ကျွန်တော်တို့ အပြီးသတ် အဆုံးအဖြတ်လုပ်လိုက်တဲ့ပုံစံမျိုးဖြစ်နေတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်တင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကိုသွားဖို့ ကျွန်တော်တို့နိုင်ငံမှာရှိနေတဲ့ မတူကွဲပြားမှုတွေကို နားလည်ဖို့ ကျွန်တော်တို့နိုင်ငံသားတွေဟာ နိုင်ငံသားကောင်းတွေဖြစ်ဖို့ဆိုလို့ရှိရင် ကျွန်တော်တို့ လက်ရှိသွားနေတဲ့ အမှတ်ကိုအမှီပြုနေတဲ့ ပညာရေးအကဲဖြတ်မှုကတော့ မဖြစ်မနေပြုပြင်ပြောင်းလဲရမယ့်အချိန်ကိုရောက်ပြီလို့ ယူဆပါတယ်။ ဒီလိုပြုပြင်ပြောင်းလဲမှုတွေ ရောက်ဖို့အတွက် အဓိကလိုအပ်ချက်ကတော့။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမင်းသိုင်း(ဘိုကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆန္ဒပြုဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘိုကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်းဖြစ်ပါတယ်။ ကျွန်တော်ထောက်ခံတင်ပြဆွေးနွေးလိုတာကတော့ ဒေါက်တာလှမိုးရဲ့ ပညာရေးနှင့်ပတ်သက်တဲ့အဆို ဖြစ်ပါ

တယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပညာရေးကဏ္ဍ၌ပါတဲ့ပြဋ္ဌာန်းချက်တွေကို ပိုမိုအကောင်အထည်ဖော်နိုင်ဖို့အတွက် ပြန်လည်ဖြည့်စွက်ရေးဆွဲထားတဲ့ အခြေခံပညာရေးဥပဒေကြမ်းကို ၂၀၁၅ ခုနှစ် ဇွန်လမှာ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ အတည်ပြုထားပါတယ်။ အဲဒီဥပဒေကြမ်းမှာဆိုရင် အခြေခံပညာရေးရည်မှန်းချက်(၁၀)ချက်ပါရှိပါတယ်။ အဲဒီ(၁၀)ချက်လုံးကို ကျွန်တော်မတင်ပြတော့ပါဘူး။ သို့သော်လည်းပဲ အရေးကြီးတဲ့အချက် နံပါတ်(၃)အချက်ဟာ အခြေခံပညာအဆင့်အလိုက် တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိသော ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံသားကောင်းများဖြစ်ပေါ်လာစေရန်ဆိုတဲ့အချက်ပါပါတယ်။ ဒီပညာရေးရည်မှန်းချက်ဟာ အင်မတန်မှအရေးကြီးတဲ့အချက်ဖြစ်ပါတယ်။ ပညာရေးရည်မှန်းချက်တွေ ဘယ်လောက်ပဲကောင်းကောင်း အကောင်အထည်ဖော်ပေးမယ့် သင်ကြားမှုသင်ယူမှုလုပ်ငန်းစဉ်နဲ့ ပညာရည်စစ်ဆေးတိုင်းတာမှု အကဲဖြတ်စနစ်ကောင်းမှသာလျှင် ဒီပညာရေးရည်မှန်းချက် ပေါက်မြောက်အောင်မြင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ အခြေခံပညာအဆင့်မှာ ၁၉၉၈-၁၉၉၉ မတိုင်ခင်တုန်းက ဘာသာဗဟိုပြုတဲ့ Subject Center Approach၊ နောက်တစ်ခါ ဆရာဗဟိုပြုတဲ့ Teacher Center Approach နည်းများနဲ့ သင်ကြားခဲ့ပါတယ်။ ၁၉၉၈-၁၉၉၉ ရောက်တဲ့အခါမှာ Japan International Corporation Agency နဲ့ပူးပေါင်းပြီးတော့မှ ပညာရေးကို ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဆိုပြီးတော့ သင်တန်းတွေပေး၊ ဆွေးနွေးပွဲတွေလုပ်ပြီးတော့ ၂၀၁၄ ခုနှစ်ကနေစပြီးတော့မှ ထိုးထွင်းကြံဆတီထွင်ဖန်တီးဝေဖန်နိုင်စွမ်းရှိတဲ့ ကလေးဗဟိုပြုချဉ်းကပ်သင်ကြားမှုပုံစံ (Child Center Approach)ကို ပြောင်းလဲပြီးတော့ ကျင့်သုံးဆောင်ရွက်ခဲ့ပါတယ်။

သူငယ်တန်းကနေပြီးတော့ နဝမတန်းအထိကို ကလေးဗဟိုပြုချဉ်းကပ်သင်ကြားသင်ယူမှုပုံစံတွေနဲ့ ကျောင်းတွေမှာ စသင်ခဲ့ပါတယ်။ သင်တန်းတွေလည်းပေးခဲ့ပါတယ်။ အဲဒီတော့ ကလေးဗဟိုပြုတဲ့ချဉ်းကပ်သင်ယူမှုပုံစံနှင့်အတူ Continuous Assessment Pass System ဆိုပြီးတော့ ကျွန်တော်တို့ တန်းစဉ်အကဲဖြတ်တဲ့စနစ်ကိုလည်းပဲ စာမေးပွဲအောင်/ရှုံးစနစ်ကိုလည်း လုပ်ခဲ့ပါတယ်။ ဒါကကျွန်တော်တို့ သူငယ်တန်းကနေပြီးတော့ နဝမတန်းအထိကို လုပ်ခဲ့တာပါ။ သို့သော် ၁၉၉၀ ခုနှစ်မတိုင်ခင်တုန်းက တက္ကသိုလ်ဝင်စာမေးပွဲဆိုပြီးတော့ အခြေခံပညာအထက်တန်း(၁၀ တန်း)ကို မေးခွန်းတစ်စုံတည်းလုပ်ခဲ့ရာမှ ၁၉၉၉ ရောက်သွားတဲ့အခါကျတော့ မေးခွန်းဆယ်စုံ၊ တိုင်းနှင့်ပြည်နယ်အလိုက် မေးခွန်းဆယ်စုံ ၁၀ တန်းမှာ မေးလာပါတယ်။ အဲဒီမေးခွန်းဆယ်စုံကနေပြီးတော့ ၂၀၁၅ လည်းကျရော

မေးခွန်းတစ်စုံပြန်လုပ်လာပါတယ်။ တစ်ပြည်လုံးမှာ မေးခွန်းတစ်စုံနဲ့ပြန်စစ်လာပါတယ်။ အဲဒီတော့ မေးခွန်းတစ်စုံနဲ့စစ်လိုက်၊ မေးခွန်းဆယ်စုံနဲ့စစ်လိုက် တစ်ခါအခု ယနေ့အထိ မေးခွန်းတစ်စုံနဲ့ပြန်စစ်ပါတယ်။ အဲဒီတော့ ကျောင်းသားတွေနဲ့ ကျောင်းသားမိဘတွေဟာ မျက်စိလည်လမ်းမှားပြီးတော့ မည်ကဲ့သို့ဆက်လက်ဆောင်ရွက်ရမှာကိုမသိဘဲနဲ့ ဒီမေးခွန်းတွေကိုဖြေဆိုနိုင်ဖို့ အလွတ်ကျက်မှတ်ပြီးတော့ ပုံနှိပ်စာအုပ်ပါ ၏၊ သည် မလွဲကျက်မှတ်ပြီးတော့မှ သူတို့မှာဖြေဆိုနေရတဲ့ အခြေအနေကိုရောက်ပါတယ်။ အဲဒီတော့ ဒီ ၁၀ တန်းစာမေးပွဲ(တက္ကသိုလ်ဝင်စာမေးပွဲ)ကိုလည်းပဲ အမှတ်အဆင့်အပေါ် မူတည်ပြီးတော့မှ တက္ကသိုလ်ကိုသွားတဲ့အဆင့်ဖြစ်နေပါတယ်။ အဲဒီတော့ ကျောင်းသားတွေဟာ မိမိရဲ့ သွားချင်တဲ့တက္ကသိုလ်ကို အမှတ်များများနဲ့ရောက်ဖို့အတွက်ကို အလွတ်ကျက်မှတ်ရုံကလွဲလို့ ဘာမှ မရှိပါဘူး။ တွေးတောကြံဆတီထွင်ဖန်တီးနိုင်တဲ့စွမ်းရည်တွေ အကုန်ပျောက်သွားတယ်။ အဲဒီတော့ ဒီကျောင်းသားတွေကို တွေးတောကြံဆတီထွင်ဖန်တီးနိုင်စွမ်းရှိတဲ့ပုံစံသွားမယ်ဆိုတဲ့ ကလေးဗဟိုပြု သင်ကြားနည်းစနစ်ဟာ ပျောက်ပြီးတော့မှ အလွတ်ကျက်မှတ်တဲ့စနစ်။ အဲဒီတော့ ကျွန်တော်တို့ Parrot Learning လို့ခေါ်တဲ့အလွတ်ကျက်မှတ်တဲ့စနစ်ကိုပဲ ကျွန်တော်တို့ သွားနေရပါတယ်။

အဲဒီတော့ ကျွန်တော်တို့ပညာရေးဌာနမှာ မူတွေလည်းရှိတယ်။ နည်းစနစ်တွေလည်းရှိတယ်။ ပုံစံတွေလည်း ရေးဆွဲပြီးသားကြီးရှိပြီးသားနဲ့ ကျွန်တော်တို့ အောက်ခြေမှာဖြစ်နေတာကတော့ အလွတ်ကျက်မှတ်တဲ့ စနစ်ပဲဖြစ်ပါတယ်။ အဲဒီတော့ စစ်ဆေးတိုင်းတာမှုစနစ်တွေလွဲလာသည်နှင့်အမျှ မိဘတွေရော၊ ဆရာတွေရော၊ ကျောင်းသားတွေဟာ မည်သို့မည်ပုံဆောင်ရွက်ရမှန်းမသိဘဲနဲ့ အမှတ်ကောင်းဖို့၊ အဆင့်ကောင်းဖို့၊ တက္ကသိုလ်ကောင်းကောင်းရဖို့အတွက်ကို၊ အမှတ်များများရဖို့အတွက်ကို မိုးလင်းကနေပြီးတော့ မိုးချုပ်အထိ ကျောင်းရယ်၊ ကျူရှင်ရယ်၊ အိမ်ရယ်၊ အိမ်ရောက်ပြန်တော့လည်း သူတို့မှာ အနားမနေရဘူး။ Study Guide ဆိုပြီးတော့ ဆရာဆရာမနဲ့ တစ်ခါနေရပြန်တယ်။ တချို့ တွေမှာဆိုရင် ဘယ်လောက်အထိလွန်ကဲလာသလဲဆိုရင် Study Guide အပြင် အိပ်တဲ့အခါမှာ အတူ ယှဉ်တွဲပြီးတော့ နေဖို့အတွက် အိပ် Guide ပါရှိတယ်။ အဲဒီလောက်ထိ မိဘတွေမှာဒုက္ခရောက်တယ်။ အဲဒီတော့ ဒီစစ်ဆေးအကဲဖြတ်တဲ့ပုံစံကို တိတိကျကျမှန်မှန်ကန်ကန် ဆောင်ရွက်ပေးနိုင်ဖို့ဆိုတာကို ဒေါက်တာလှမိုးရဲ့ အဆိုကို ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာစားသုံးရန်အတွက် အစည်းအဝေးကို ၁ နာရီခန့်နားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**မှုကြမ်း**

**အချိန်၊ ၁၁း၅၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အစည်းအဝေးကို နေ့လယ် ၁ နာရီအချိန်မှာ ပြန်လည် စတင်မှာဖြစ်ပါတယ်။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့်(အမရပူရမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် ဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေလို့ ဆုတောင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်(ခ) ဦးအောင်ဇော်မြင့် ဖြစ်ပါတယ်။ ကျွန်တော်က အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ ကျွန်တော်တက်ခဲ့တဲ့ Economic Forum တစ်ခုမှာ No country has developed without strong education and health system လို့ စီးပွားရေးပညာရှင်တစ်ဦးက ဆွေးနွေးခဲ့ပါတယ်။ ခိုင်မာမှန်ကန်တဲ့ ပညာရေးနှင့် ကျန်းမာရေးအစီအစဉ်များမရှိဘဲ မည်သည့်နိုင်ငံမှ တိုးတက်နိုင်မယ်မဟုတ်ဘူးဆိုတာ အားလုံးလက်ခံထားကြပြီးသားပါ။ ကျွန်တော်တို့နိုင်ငံမှာလည်း ခိုင်မာမှန်ကန်တဲ့ ပညာရေးမူဝါဒတွေမရှိတဲ့အတွက်ကြောင့် နိုင်ငံတကာနှင့်ယှဉ်ရင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရပါတယ်။ စီးပွားရေးမူဝါဒတစ်ခုမှာရင်၊ Fiscal Year တစ်နှစ်ကုန်

သွားရင် သတိထားမိနိုင်ပါတယ်။ ပညာရေးမူဝါဒမှားယွင်းခဲ့ရင် Generation တစ်ခုကျော်မှ သိမြင်နိုင်ပါတယ်။ ဒါကြောင့်မို့ မှန်ကန်တဲ့ပညာရေးစနစ်တစ်ခု ရေးဆွဲပြီး ခိုင်ခိုင်မာမာကျင့်သုံးရေးဟာ အထူးအရေးကြီးလှပါတယ်။ တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲဆိုပေမယ့် ကျွန်တော်တို့ရဲ့ခြေလှမ်းများဟာ ပုဂံကို ဦးတည်ဖို့တော့လိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားပညာရေးဥပဒေ အခန်း(၄)မှာ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဖွဲ့စည်းခြင်းနှင့် ကော်မရှင်ရဲ့တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အစိုးရအဖွဲ့သည် အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်နှင့် ဖွဲ့စည်းဖို့ပါပါတယ်။ ကော်မရှင်ရဲ့တာဝန်နှင့် လုပ်ပိုင်ခွင့်ထဲမှာလည်းပဲ အမျိုးသားပညာရေးမျှော်မှန်းချက်များနှင့် ပညာရေးမူဝါဒများ ချမှတ်ပေးဖို့ပါပါတယ်။ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့ ပြည်ထောင်စုလွှတ်တော်ကနေ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေ အတည်ပြုပြဋ္ဌာန်းခဲ့တာ တစ်နှစ်ကျော်ခဲ့ပါပြီ။ ယနေ့အချိန်အထိ အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို ဖွဲ့စည်းနိုင်ခြင်းမရှိသေးပါဘူး။ ပြည်ထောင်စုအစိုးရက ဖွဲ့စည်းပြီး ပြည်ထောင်စုလွှတ်တော်သို့ အတည်ပြုပေးရန် ပေးပို့ထားခြင်း မရှိသလို ပညာရေးဝန်ကြီးဌာနကလည်း အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို ဖွဲ့စည်းရန် ပြည်ထောင်စုအစိုးရကို အသိပေးတိုက်တွန်းခြင်းမပြုသေးပါဘူး။ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဖွဲ့စည်းပြီးတဲ့နောက်မှ သက်ဆိုင်ရာမူဝါဒတွေကို ရေးဆွဲကြရမှာ ဖြစ်ပါတယ်။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၈ ပုဒ်မခွဲ(ခ)အရဆိုရင် ပညာရေးနှင့်သက်ဆိုင်တဲ့မူဝါဒတွေ၊ ဥပဒေတွေ၊ နည်းဥပဒေတွေနှင့် အခြားလုပ်ထုံးလုပ်နည်းများရေးဆွဲရာမှာ မိဘပြည်သူများ၊ ကျွမ်းကျင်ပညာရှင်များ၊ ပညာရေးဆိုင်ရာလူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆရာဆရာမများမှ ရွေးချယ်တဲ့ကိုယ်စားလှယ်များ၊ ကျောင်းသားများက ရွေးချယ်ပေးတဲ့ ကိုယ်စားလှယ်များရဲ့ အကြံပြုချက်များကို ရယူပြီး ပြည်သူလူထုကို ကျယ်ပြန့်စွာသိစေရန် ဆက်လက်ဆောင်ရွက်ခြင်းအစရှိတဲ့ လုပ်ငန်းစဉ်တွေအတွက် အချိန်ကာလအတိုင်းအတာတစ်ခုအထိ ကြာမြင့်နိုင်တယ်ဆိုတာ သိသာနိုင်ပါတယ်။ ဒီအချိန်အတောအတွင်းမှာ ယိုယွင်းပျက်စီးနေတဲ့ ပညာရေးစနစ်ကို ဒီအတိုင်းဆက်သုံးရန် မသင့်တော်ပါဘူး။ အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို မဖွဲ့ရသေးလို့ ဘာမှဆက်မလုပ်ဘဲ ရပ်ထားရင် ပိုပြီးနစ်နာပါလိမ့်မယ်။ နိုင်ငံသူနိုင်ငံသားများက မှန်ကန်တဲ့ပညာရေးအပြောင်းအလဲတစ်ခုကို လိုချင်လှပါပြီ။ ပညာရေးမှာ တစ်ရက်ပြောင်းဖို့ နောက်ကျရင် နိုင်ငံဖွံ့ဖြိုးရေးတိုးတက်မှုဟာ တစ်လနောက်ကျပါမယ်။ တစ်လပြောင်းဖို့

နောက်ကျရင် ဖွံ့ဖြိုးရေးမှာ တစ်နှစ်နောက်ကျပါမယ်။ တစ်နှစ်နောက်ကျရင် ၁၀ နှစ်လိုက်လို့မမီပါဘူး။

လေးစားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားပညာရေးမူဝါဒကော်မရှင် မဖွဲ့စည်းရသေးပေမယ့် ပညာရေးဝန်ကြီးဌာနက ၂၀၁၆ ခုနှစ်ကနေ ၂၀၂၂ ခုနှစ်အထိ အကောင်အထည်ဖော်မယ့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းရေးဆွဲပြီး ဖြစ်ပါတယ်။ အဲဒီစီမံကိန်းမှာ အမျိုးသားပညာရေးစစ်ဆေးအကဲဖြတ်ရေးမူဝါဒကနေ လက်တွေ့ကျင့်သုံးရမယ့် လက်စွဲ Manual အဆင့်ထိ ရေးဆွဲဖို့လုပ်ငန်းစဉ်တွေလည်း ချထားပြီးပြီလို့ သိရပါတယ်။ ဆက်လက်အကောင်အထည်မဖော်နိုင်သေးပါဘူး။ အမျိုးသားပညာရေးမူဝါဒကော်မရှင် မဖွဲ့စည်းရသေးပေမယ့်လည်း ရေးဆွဲပြီးမဟာဗျူဟာစီမံကိန်းထဲမှာပါတဲ့ KG တန်းဆိုရင် ၂၀၁၆ ပညာသင်နှစ်မှာ စတင်သင်ကြားနေပါပြီ။ အခုဆိုရင် KG တန်းရဲ့ အားနည်းချက်၊ အားသာချက်တွေ တွေ့နေရပါပြီ။ ဒီအချက်တွေကို စုစည်းပြီး အမျိုးသားပညာရေးမူဝါဒကော်မရှင်ဖွဲ့စည်းပြီးတဲ့နောက် အပြီးသတ်မူဝါဒတွေချမှတ်တဲ့အခါမှာ ထည့်သွင်းစဉ်းစားနိုင်တဲ့ အားသာချက်တစ်ခုအဖြစ် ပြောင်းလဲနိုင်ပါပြီ။ အမျိုးသားပညာရေး စစ်ဆေးအကဲဖြတ်ရေးမူဝါဒကိုလည်း အမျိုးသားပညာရေးမူဝါဒကော်မရှင်မဖွဲ့ရသေးလို့ဆိုပြီး စောင့်ဆိုင်းနေမယ့်အစား အမျိုးသားပညာရေးဥပဒေပြဋ္ဌာန်းချက်များကို အခြေပြုပြီး Framework တစ်ခု သတ်မှတ်ကာ မှန်မှန်ကန်ကန်ရေးဆွဲပြီး ခိုင်ခိုင်မာမာကျင့်သုံးရန် လိုအပ်နေပြီဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နေရင်းမှ အားနည်းချက်၊ အားသာချက်တွေကို သိမြင်လာပြီး အမျိုးသားပညာရေးမူဝါဒကော်မရှင်မှ အမျိုးသားပညာရေးစစ်ဆေးအကဲဖြတ်ရေးမူဝါဒချမှတ်တဲ့အခါမှာလည်း အထောက်အပံ့ဖြစ်နိုင်သလို ချမှတ်ပြီးတဲ့နောက်မှာလည်း တစ်ဆက်တည်း ကျင့်သုံးအကောင်အထည်ဖော်နိုင်မှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးရွှေကို(ကျောက်ပန်းတောင်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကိုပါ။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးရဲ့အဆိုကို ကျွန်တော်ထောက်ခံဆွေးနွေး

သွားမှာဖြစ်ပါတယ်။ ဒေါက်တာလှမိုးရဲ့အဆိုမှာ အပိုင်းနှစ်ပိုင်းရှိပါတယ်။ (၁) ပညာရည်စစ်ဆေးတိုင်းတာခြင်း အကဲဖြတ်မှုပုံစံအတွက် မှန်ကန်သော မူဝါဒတစ်ရပ်ချမှတ်ပေးရန်၊ (၂) ချမှတ်တဲ့ မူဝါဒကို ခိုင်ခိုင်မာမာကျင့်သုံးပေးရန်တို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးအဆင့်မြင့်မားမှုဟာ အဓိကအကြောင်းတရားဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအားလုံးမှာ မိမိရဲ့နိုင်ငံပညာရေးအဆင့်မြင့်မားမှုအတွက် စဉ်ဆက်မပြတ် သုတေသနလုပ်ပြီး မပြတ်ပြောင်းလဲအသုံးပြုနေကြတဲ့ အချိန်ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ပညာရေးပြုပြင်ပြောင်းလဲမှုကို ကြည့်ရင်ဆရာ ဗဟိုပြုသင်ကြားတဲ့စနစ်ကနေ ကျောင်းသားဗဟိုပြုသင်ကြားတဲ့စနစ်၊ ကျောင်းသားဗဟိုပြုသင်ကြားတဲ့စနစ်ကနေ ဗဟုသုတဗဟိုပြုသင်ကြားတဲ့စနစ်ဆိုပြီး အဆင့်ဆင့်ပြောင်းသွားပါတယ်။ ဒီလိုအချိန်မှာ ကျွန်တော်တို့နိုင်ငံကတော့ ဆရာဗဟိုပြုသင်ကြားရေးစနစ်မှာပဲ ကျန်နေခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ပညာရေးမှာ စာမေးပွဲရမှတ်တစ်ခုတည်းနဲ့ ပညာရည်တိုင်းတာစစ်ဆေးအကဲဖြတ်ခြင်းလုပ်လိုက်တဲ့အခါ စာမေးပွဲဗဟိုပြုသင်ရိုးညွှန်းတမ်းတွေအောက်မှာ ဆရာဗဟိုပြုသင်ကြားရေးစနစ်တွေ ကျွန်တော်တို့ ကျင့်သုံးနေခဲ့ရပါတယ်။ ဒါပဲ ပြဋ္ဌာန်း၊ ဒါပဲ Note ထုတ်၊ ဒါပဲ သင်၊ ဒါပဲကျက်၊ ဒါပဲမေး၊ ဒါပဲဖြေဆိုတဲ့ ပုံစံမျိုးတွေဖြစ်နေတာ ကြာပါပြီ။ ကလေးတွေမှာ ဒီစနစ်ကြောင့် ဝေဖန်ပိုင်းခြားဆင်ခြင်တွေးတောတဲ့အကျင့်တွေ ပျောက်သွားတယ်။ စဉ်းစားတွေးခေါ်နိုင်စွမ်းနဲ့ တီထွင်ဖန်တီးနိုင်မှုဆိုင်ရာ အရည်အသွေးတွေ ကျဆင်းသွားတယ်။ ကလေးတွေရဲ့ အရည်အချင်းကို စာမေးပွဲနဲ့ပဲ ဆုံးဖြတ်၊ အထူးသဖြင့် တက္ကသိုလ်ဝင်ခွင့်မှာ စာမေးပွဲအမှတ်တစ်ခုတည်းနဲ့ ဆုံးဖြတ်လိုက်တဲ့အခါကျတော့ မိဘ၊ ဆရာ၊ ကျောင်းသားအားလုံးဟာ စာမေးပွဲအမှတ်ရရှိရေးကလွဲရင် ဘာဆိုဘာမှမစဉ်းစားကြတော့ပါဘူး။ ပြဋ္ဌာန်းချက်အဝန်းအဝိုင်းထဲကနေထွက်ပြီး ပညာသင်ကြားဖို့၊ ပညာရှာဖို့ မစဉ်းစားကြတော့ပါဘူး။ ဒီတော့ ကျွန်တော်တို့မျှော်မှန်းတဲ့ ဗလငါးတန်နှင့်ပြည့်စုံတဲ့ ပညာတတ်ကလေးတွေ၊ ပတ်ဝန်းကျင်ကို ချစ်တဲ့၊ တိုင်းပြည်ကို အလုပ်အကျွေးပြုမယ့်ကလေးတွေ၊ လောကကို စူးစမ်းစိတ်ဝင်စားပြီး မိမိကို မြှင့်တင်ပေးမယ့် ပညာကို အငမ်းမရရှာဖွေမယ့်ကလေးတွေကို ကျွန်တော်တို့ မရနိုင်တော့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးမှာ သင်ကြားမှု၊ သင်ယူမှုတစ်ခုတည်းနှင့် ပြီးသွားတာ မဟုတ်ပါဘူး။ ပညာရည်စစ်ဆေးတိုင်းတာမှုနှင့် အကဲဖြတ်မှုကလည်း အရေးပါပါတယ်။ ပညာရည်စစ်ဆေးတိုင်းတာခြင်းနှင့် အကဲဖြတ်မှုပုံစံကိုလိုက်ပြီး သင်ကြားမှု၊ သင်ယူမှုပုံစံလည်း လိုက်ပြောင်းသွား

တာပါ။ ကလေးများရဲ့စာမေးပွဲရမှတ်တစ်ခုတည်းနဲ့ ကလေးများရဲ့ပညာရည်ကို မဆုံးဖြတ်၊ မသတ်မှတ်ဘဲ တစ်ကိုယ်ရည်ထူးချွန်မှု၊ ဉာဏ်ရည်၊ အကျင့်စာရိတ္တ၊ ကျန်းမာရေး၊ ပေါင်းသင်းဆက်ဆံ ကျွမ်းကျင်မှု၊ ကျောင်းအပေါ်တုံ့ပြန်မှုများကိုပါ ထည့်သွင်းတွက်ချက်ပြီး အကဲဖြတ်မယ်ဆိုရင် သင်ကြားမှု၊ သင်ယူမှုပုံစံလည်း ပြောင်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့လိုချင်တဲ့ အမျိုးသား ပညာရေးဥပဒေ ပုဒ်မ ၃ မှာ ပြဋ္ဌာန်းထားတဲ့အချက်အလက်တွေနဲ့ ပြည့်စုံတဲ့၊ ဗလငါးတန်နဲ့ပြည့်စုံတဲ့ ကလေးတွေကို ကျွန်တော်တို့ ရရှိနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအပိုင်းကို ကျွန်တော်ဆက်ဆွေးနွေးပါမယ်။ မူဝါဒတစ်ရပ်ချမှတ်ပြီးပြီ ဆိုရင်လည်း ချမှတ်ထားတဲ့မူဝါဒကို ခိုင်ခိုင်မာမာကျင့်သုံးဖို့လိုပါတယ်။ ချမှတ်ထားတဲ့မူဝါဒကို အောင်မြင်အောင် ကျင့်သုံးနိုင်ဖို့ ကျောင်း၊ ဆရာ၊ သင်ထောက်ကူပစ္စည်းများပြည့်စုံအောင်၊ အရည်အချင်းပြည့်မီအောင် ဖြည့်တင်းပေးရပါမယ်။ စာရွက်ပေါ်မှာရှိတဲ့ ကျောင်းအရေအတွက်၊ ဆရာ အရေအတွက်၊ ကျောင်းသားအရေအတွက်တွေနဲ့တင် စားပွဲမှာတွက်ချက်ပြီး မူဝါဒကို ချမှတ် ဖော်ဆောင်မယ်ဆိုရင်တော့ ဖြစ်လာမှာမဟုတ်ပါဘူး။ လိုအပ်တဲ့နေရာတွေကို မျက်ကွယ်ပြုပြီး မလိုအပ် တဲ့နေရာတွေကို ကျောင်းချပေးခဲ့တယ်။ ကျောင်းအဆင့်တွေ မြှင့်ပေးခဲ့တယ်။ ဒါကြောင့် တစ်ရွာမှာ တော့ အတန်းက ငါးတန်း၊ ဆရာက ငါးယောက်၊ ကျောင်းသားက စုစုပေါင်းမှ ၃၀ လောက်ရှိတဲ့ရွာတွေ ရှိပြီးတော့ တချို့ရွာတွေမှာတော့ ကျောင်းသားက ၂၀၀၊ ၂၅၀၊ အတန်းက ငါးတန်း၊ ဆရာက သုံးယောက်လောက်နဲ့ လုံးပန်းနေရတာတွေရှိပါတယ်။ ကျောင်းနဲ့ကျောင်းသားတွေတော့ ရှိပါရဲ့။ ဆရာ မရှိလို့ ဆယ်တန်းအောင်၊ ဆယ်တန်းကျကလေးတွေကို လုပ်အားပေးသင်ကြားခိုင်းနေရတဲ့ ကျောင်းတွေ၊ နေစရာကမရှိ၊ စားစရာကရှားပါး၊ သွားရေးလာရေးက ခက်ခဲလို့ ခန့်ထားတဲ့ဆရာ မရောက်လို့ မျှော်နေရတဲ့ကျောင်းတွေ၊ မိုးရွာရင်၊ လေတိုက်ရင် ရပ်ထား၊ အမိုးမလုံ၊ အကာမဲ့တဲ့ကျောင်း တွေ၊ ဘဝမလုံခြုံတဲ့၊ မဖူလုံတဲ့ ဆရာဆရာမတွေရဲ့ဘဝတွေကို ပကတိအခြေအနေတွေကို ကျွန်တော်တို့ ပြုပြင်ဖြည့်ဆည်းပေးဖို့လည်း လိုပါတယ်။ ဒါမှသာ ကျွန်တော်တို့ချမှတ်တဲ့မူဝါဒဟာ မှန်ကန်ပြီး အကောင်အထည်ဖော်ရာမှာ အောင်မြင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းလျှောက်စေချင်ရင် လမ်းခင်းပေးဖို့လိုသလို လမ်းလျှောက်ချင်လာ အောင်၊ လမ်းလျှောက်နိုင်လာအောင်လည်း လုပ်ပေးဖို့လိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**မူကြမ်း**

**ဦးရွှေကို(ကျောက်ပန်းတောင်းမဲဆန္ဒနယ်)။** ။ ဥပဒေပုဒ်မ ၁၀၅ အရ ပညာရည် စစ်ဆေးတိုင်းတာခြင်း အကဲဖြတ်မှုပုံစံ ချမှတ်နိုင်ပါရန် ဒေါက်တာလှမိုးရဲ့အဆိုကို ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာတင်အောင်(ကျောက်ဆည်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်အောင်ပဲ ဖြစ်ပါတယ်။ မန္တလေးတိုင်း ဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး တင်သွင်းတဲ့အဆိုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အကြောင်းအကျိုးစုံစုံလင်လင်နဲ့ ထောက်ခံဆွေးနွေးသွားကြတာတွေ့ရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ ပြည်သူတွေရဲ့ လိုအပ်ချက်၊ ပြည်သူတွေရဲ့တောင်းဆိုချက်တွေကို အမြဲနားထောင်နေရတဲ့အတွက် အမှန်တကယ် အကျိုးရှိစေမယ့် တင်ပြချက်များဆိုတာ ငြင်းစရာမရှိပါဘူး။ သို့သော်လည်းပဲ ပညာရေးဝန်ကြီးဌာနမှာ ယခင်ပညာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ဦးစီးဌာနခုနစ်ခု၊ ယခင်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အောက်မှာရှိတဲ့ ဦးစီးဌာနငါးခု စုစုပေါင်း ဦးစီးဌာန ၁၂ ခုရှိတယ်ဆိုတာ တွေ့ရပါတယ်။ ဦးစီးဌာန တစ်ခုချင်းအလိုက် ရှေ့ဆက်အကောင်အထည်ဖော်ရမယ့် ပညာရေးပြုပြင်ပြောင်းလဲမှုများအတွက် စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများ လုပ်နေကြတာကိုလည်း သိပါတယ်။ လုပ်ငန်းများကိုလည်း တာဝန် ယူလုပ်ကိုင်နေကြတာကို တွေ့ရပါတယ်။ သို့သော်လည်းပဲ ရှေ့ကလွှတ်တော်ကိုယ်စားလှယ်ကြီးတွေ တင်ပြသွားသလိုပဲ ဝန်ကြီးဌာနမှာ ခိုင်မာပြတ်သားတဲ့မူဝါဒများမရှိသေးတဲ့အတွက် ဦးစီးဌာနတစ်ခု ချင်းအလိုက် ယခင် လုပ်နေကြအတိုင်းသာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေကြတာကို တွေ့ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးဟာ ခေတ်အဆက်ဆက်က အကြိမ်ကြိမ်အခါခါ ပြောင်းလဲခဲ့ တာကို တွေ့ရပါတယ်။ စနစ်သစ်ပြီး စနစ်သစ်ဖြစ်ခဲ့ပေမယ်လို့ ကျွန်တော်တို့နိုင်ငံရဲ့ ကျောင်းသား ကျောင်းသူများဟာ အစမ်းသပ်ခံဘဝအဖြစ်နဲ့ပဲ ရှိခဲ့ပါတယ်။ ဒါကြောင့် ပညာရေးစနစ်တစ်ခုကို ပြောင်းလဲရာမှာ အရင်ကလိုမဟုတ်ဘဲနဲ့ အရည်အသွေးမြင့်တဲ့ပညာတတ်တွေဖြစ်လာဖို့ လုပ်ဆောင်

ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အချိန်တွေယူပြီးတော့ ဒီလုပ်ငန်းတွေကို အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ အဲဒီလို လုပ်ငန်းတွေကိုအကောင်အထည်ဖော်ရာမှာ စောစောက တင်ပြခဲ့သလိုပဲ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဆိုတာ ပညာရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေ အခန်း(၄) ပုဒ်မ ၅ မှာ ဖြည့်သွင်းထားတာကိုတွေ့ရပါတယ်။ ဒါကြောင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်ကိုသာ ဖွဲ့စည်းပြီးမယ်ဆိုရင်တော့ အဲဒီကနေ ထပ်ပြီး ကျွန်တော်တို့အနေနဲ့ သင်ရိုးညွှန်းတမ်းကော်မတီတွေ အမျိုးသားရေးပညာရေးအဆင့်အတန်းနဲ့ အရည်အသွေးအာမခံမှု အကဲဖြတ်အဖွဲ့အစည်းတွေဖွဲ့နိုင်မှာဖြစ်ပါတယ်။ ဒီကော်မတီတွေ ဒီအဖွဲ့အစည်းတွေကနေပြီးတော့ ပညာအရည်အချင်းကို ကောင်းမွန်တဲ့မူဝါဒတွေ ချမှတ်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးရဲ့အဆိုကို အောက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုပါတယ်။ နိုင်ငံတော်၏ ချမှတ်ထားသော ပညာရေးမူဝါဒနှင့် ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ရန် အထောက်အပံ့ဖြစ်စေသော အခြေခံပညာအဆင့်ပညာရေးစစ်ဆေးတိုင်းတာခြင်း၊ အကဲဖြတ်မှုပုံစံအတွက် မှန်ကန်သောမူဝါဒချမှတ်ပေးပါရန် ဆိုတဲ့နေရာမှာ မှန်ကန်သောမူဝါဒရဲ့ ရှေ့ကနေ အမျိုးသားပညာရေးမူဝါဒကော်မရှင်က မှန်ကန်သောမူဝါဒတစ်ရပ် ချမှတ်ပေးပါရန်နှင့် ခိုင်ခိုင်မာမာ ကျင့်သုံးပေးပါရန်ဆိုတဲ့ ရှေ့ကနေပြီးတော့ ပညာရေးဝန်ကြီးဌာနက ခိုင်ခိုင်မာမာ ကျင့်သုံးပေးပါရန်ဆိုတဲ့ တိုက်တွန်းတဲ့အဆိုအဖြစ် ဖြည့်စွက်အကြံပြုချင်ပါတယ်။ အားလုံးကို လေးစားပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးတဲ့အခါမှာ အဆိုကိုဖြည့်စွက်ဆွေးနွေးလို့ရတယ်။ အကြံပြုဆွေးနွေးလို့ရတယ်။ ပြင်ဆင်ချင်တယ်ဆိုရင် ပြင်ဆင်တဲ့ အဆိုပြုချက်က လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်အညီ သီးခြားတင်ရတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ကိုယ်စားလှယ်များဆွေးနွေးတဲ့အခါမှာ ဒီအဆိုအပေါ်မှာဖြည့်စွက်လို့၊ အကြံပြုလို့ ဆွေးနွေးတာက ဆွေးနွေးပါ။ ဒါက ကိုယ့်ရဲ့ကိုယ်စားလှယ်တစ်ယောက်ရဲ့ဆွေးနွေးပိုင်ခွင့်ဘောင်အတွင်းမှာရှိပါတယ်။ ပြင်ဆင်တယ်ဆိုရင်တော့ အဲဒီအဆိုအပေါ်မှာ လိုက်ပြင်တယ်၊ ပြင်တယ်ဆိုရင်တော့ ပြင်ဆင်ချက်အဆိုကို သီးခြားတင်ရတယ်။ အဲဒါလေးကို ကျွန်တော်တို့ ကိုယ်စားလှယ်တွေက ဆွေးနွေးတဲ့အခါမှာ သဲသဲကွဲကွဲဖြစ်စေချင်ပါတယ်။ ဒါကို ကျွန်တော်တို့က ဒါဒီမှာဘာလို့ ပြောလဲဆိုတဲ့အခါကျတော့ နောက်ပိုင်း အတည်ပြုဖို့၊ မှတ်တမ်းတင်ဖို့စသည်ဖြင့် တစ်ခုခုဆုံးဖြတ်

**မူကြမ်း**

ဖို့လုပ်တဲ့အခါမှာ မူလအဆိုအပေါ်မှာမူတည်ပြီး လုပ်ရတာရှိတယ်။ ဆွေးနွေးချက်တွေအပေါ်မှာ၊ ဝန်ကြီးဌာနကရှင်းတဲ့အပေါ်မှာ မူတည်ပြီး ကိုယ်စားလှယ်တွေရဲ့အများဆန္ဒကို ယူရတာရှိတယ်။ ခုနကလို ကြားထဲကနေပြီးတော့ ပြင်ဆင်ချက်ဟာတွေပါလာလို့ရှိရင် ဒါက ဆွေးနွေးတာအနေနဲ့ပဲ ရမယ်။ အကြံပြုတာအနေနဲ့လည်းရမယ်။ ပြင်ဆင်ချက်ကိုကျွန်တော်တို့ လိုက်ပြီးတော့ ဆုံးဖြတ်လို့ မရဘူး။ ဒါအခုတစ်ခါတည်း ကျွန်တော် ရှင်းရှင်းလင်းလင်း ပြောပြထားတာပါ။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။

**ဥက္ကဋ္ဌ**။ ။ ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်ထွန်းနိုင်(ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီး ခနောင်တိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်က ဒေါက်တာလှမိုးတင်သွင်းတဲ့ နိုင်ငံတော်ကချမှတ်ထားတဲ့ ပညာရေးမူဝါဒနှင့် ဦးတည်ချက်များကို အောင်မြင်စွာအကောင်အထည် ဖော်နိုင်ရန် အခြေခံပညာအဆင့် ပညာသင်ကြားခြင်းတတ်မြောက်မှုစစ်ဆေးရန်အတွက် အထောက် အပံ့ဖြစ်စေသော ပညာရည်စစ်ဆေး တိုင်းတာခြင်းအကဲဖြတ်မှုပုံစံအတွက် မှန်ကန်သောမူဝါဒတစ်ရပ် ချမှတ်ပေးပါရန်နှင့် ခိုင်ခိုင်မာမာ ကျင့်သုံးပေးပါရန် ပညာရေးဝန်ကြီးဌာနအား တိုက်တွန်းကြောင်း အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နဲ့တင်ပြဆွေးနွေးခွင့်ပြုပါရန်လည်း ပန်ကြားအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ပညာရေးအကြောင်းကို ပြောလို့ရှိရင် မိဘဆရာပူးပေါင်းကလေးပညာ ကောင်းဆိုတဲ့ ဆောင်ပုဒ်ကနေပြီးတော့ ကျွန်တော်တို့စပြောဖို့လိုမယ်ထင်ပါတယ်ခင်ဗျား။ အထူးသဖြင့် ကျွန်တော်တို့တစ်တွေဟာ မဆလခေတ်ပညာရေးစနစ်အောက်မှာ အဲဒီဆောင်ပုဒ်ကို လမ်းညွှန်ချက် တစ်ခုလို ကျွန်တော်တို့ခံယူရင်းနဲ့ ဖြတ်သန်းခဲ့ကြရတာပါ။ ဒါပေမဲ့ ဒီကနေ့ခေတ်မျက်မှောက် ကမ္ဘာ့ပညာရေးအရွေ့မှာ ကလေးတွေရဲ့ပညာကောင်းဖို့ဆိုတာ မိဘဆရာပူးပေါင်းရုံနဲ့ မလုံလောက် တော့ဘဲ တိုင်းပြည်ရဲ့ပညာရေး နှင့်ဆက်နွှယ်နေတဲ့ Stake Holder တစ်နည်းအားဖြင့် ပါဝင် သက်ဆိုင်သူတွေအားလုံးရဲ့ အခန်းကဏ္ဍကိုပါ မကျန် မဖြစ်မနေထည့်သွင်းစဉ်းစားလာကြပါတယ်။ အထူးသဖြင့် တိုင်းပြည်ရဲ့အမျိုးသားအဆင့် ပညာရေးမူဝါဒချမှတ်သူတွေ၊ ပညာရပ်ဆိုင်ရာသုတေသန

ပညာရှင်တွေ၊ ဆရာဖြစ်သင်အရည်အသွေးမြင့် သင်တန်းကျောင်းတွေ၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ အစည်းတွေ၊ ရပ်မိရပ်ဖကျောင်းအကျိုးတော်ဆောင် အဖွဲ့အစည်းတွေရဲ့ ကိုယ်စီကိုယ်ငှတာဝန် ကျေပွန်မှုတွေကလည်း မရှိမဖြစ်အရေးပါလှတာကို တွေ့ရမှာပါ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့အမျိုးသားပညာရေးမူဝါဒများနှင့် ရည်မှန်းချက်တွေကိုလေ့လာကြည့်ရင် ကျွန်တော်တင်ပြခဲ့တဲ့ Stake Holder များရဲ့အခန်းကဏ္ဍကိုလွှမ်းခြုံပြီး ပြည့်ပြည့်စုံစုံရေးဆွဲခဲ့တဲ့ အကြောင်းကိုတော့ တွေ့ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီမူဝါဒတွေကို လက်တွေ့လက်ငင်း အကောင် အထည်ဖော်ဆောင်ရွက်နိုင်မှုအပိုင်းမှာတော့ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေတသီကြီးနဲ့ ဘက်ပေါင်းစုံ မှာရင်ဆိုင်နေရပါတယ်။ ထင်သလောက်လည်း ခရီးမပေါက်ခဲ့ဘဲနဲ့ မြန်မာ့ပညာရေးဟာ အဘက်ဘက် ကနေပြီးတော့ နိမ့်ကျနေခဲ့ပါတယ်။ ဥပမာအနေနဲ့ပြောရလို့ရှိရင် ၂၀၁၄ ခုနှစ် အခု Power Point ထဲမှာပြထားတဲ့ မတ်လ ၅ ရက်နှင့် ၆ ရက်မှာ ကျင်းပခဲ့တဲ့ အမျိုးသားအဆင့်လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှု ဆွေးနွေးပွဲကနေ ထွက်ပေါ်လာတဲ့ရလဒ်၊ ပညာရေးမူဝါဒ ၁၈ ချက် ရှိပါတယ်။ အဲဒီပညာရေးမူဝါဒ ၁၈ ချက်ထဲမှာ ပညာရေးဝန်ထမ်းများအားလုံး၏ အရည်အသွေး နှင့်လူမှုဘဝ မြှင့်တင်ရေးကိုအလေးထား ဆောင်ရွက်ရမည်လို့ မူဝါဒချမှတ်ခဲ့သော်ငြားလည်း ဆရာ ဆရာမတွေရဲ့လက်တွေ့အခြေအနေကတော့ အားလုံးသိကြတဲ့အတိုင်း ပီတိကိုသာလှိုင်လှိုင်စားသုံး ရင်းအားတင်းခရီးဆက်နေကြရပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အနေနဲ့လည်း ပီတိချည်းပဲစားလို့တော့ လက်တွေ့မကျပါဘူး။ ထမင်းလဲစားဖို့လိုပါတယ်လို့ ဒီလ ၄ ရက်နေ့ နေပြည်တော်မှာကျင်းပတဲ့ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်နှီးနှောဖလှယ်ပွဲ အခမ်းအနားမှာ ဆရာဆရာမများရဲ့ လက်ရှိအခြေအနေကို စိန်ခေါ်မှုတစ်ရပ်အဖြစ် ရှုမြင်သုံးသပ် ပြောဆိုခဲ့ပါတယ်။ အလားတူ အဲဒီ ၁၈ ချက်ထဲမှာပဲ အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ကို အကောင်အထည်ဖော်မည့် အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်ရမည်လို့ မူဝါဒချမှတ်အကောင်အထည် ဖော်ခဲ့ရာမှာ အထိုက်အလျောက်အောင်မြင်မှုရခဲ့သော်လည်း ဒီနေ့ဒီအချိန် နိုင်ငံတစ်ဝန်းမှာ ကျောင်းမနေနိုင်တဲ့ ကျောင်းနေရွယ်ကလေးတွေ အများအပြားရှိနေဆဲပါ။ မိသားစုဝင်ငွေကို တစ်ဖက် တစ်လမ်းကပံ့ပိုးဖို့အတွက် လမ်းဘေးမှာ ကွမ်းယာရောင်းနေတဲ့ ကလေးတွေ၊ မီးပွိုင့်မှာပန်းရောင်း၊ ရေသန့်ဘူးရောင်းနေတဲ့ ကလေးတွေ၊ လယ်ထဲအမှိုက်လိုက် ကောက်နေတဲ့ ကလေးတွေ၊ လက်ဖက်ရည်ဆိုင် ထမင်းဆိုင်တွေမှာ စားပွဲထိုးလုပ်နေတဲ့ကလေးတွေ၊ စစ်ဘေးရှောင်ဒုက္ခသည်

**မူကြမ်း**

စခန်းက ကလေးငယ်တွေ၊ နိုင်ငံခြားရောက်ရွှေ့ပြောင်းမိသားစုတွေက ကလေးငယ်တွေဟာ မူဝါဒအရ ဘယ်လောက်ပဲအခမဲ့ဆိုဆို၊ ဘယ်လိုပဲမသင်မနေရဆိုဆို စာသင်ခန်းတွေဆီရောက်မလာနိုင်ပါဘူး။ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ခွင့်မရသူများကို လူတိုင်းကျောင်းနေပညာရေးအရ ပညာ သင်ယူနိုင်ခွင့်ဖန်တီးပေးခြင်းသည် မည်သည့်ခွဲခြား ကန့်သတ်ချက်များမရှိဘဲ တူညီသော သင်ယူမှု အခွင့်အလမ်းရှိစေရမည်ဆိုတဲ့ မူဝါဒတော့ရှိပေမယ့် လက်တွေ့မှာ အဲဒီကလေးငယ်တွေဟာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအနေနဲ့ တစ်နိုင်တစ်ပိုင် ကိုယ်ထူကိုယ်ထပညာဒါနစာသင်ဝိုင်း တွေမှာပဲ ကြုံသလို ဖြတ်သန်းနေရပါတယ်။ သာသနာရေးဝန်ကြီးဌာနက တရားဝင်ထုတ်ပြန်တဲ့ စာရင်းအင်းတွေအရ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေမှာ တက်နေတဲ့ကလေးငယ် ဦးရေဟာ စုစုပေါင်း သုံးသိန်းခန့်ရှိပါတယ်။ ဒီအခြေအနေတွေဟာ အခုလက်ရှိ ရေးဆွဲရမယ့်မူဝါဒထဲမှာ အားလုံးအကျုံးဝင်တဲ့ ပညာရေးစနစ်တစ်ခုဖြစ်စေချင်တယ်ဆို လို့ရှိရင် ဒီအခြေအနေတွေကို ထည့်သွင်းတွက်ချက်ပြီးတော့ ဆွေးနွေးသင့်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ လက်ရှိအခြေခံပညာအဆင့်ကနေပြီးတော့ အလယ်တန်း၊ အထက်တန်းအဆင့်ကနေပြီးတော့ ပုံမှန်ဆိုလို့ရှိရင် (၁၀)တန်းမအောင်ဘဲနဲ့ (၈)တန်း အောင်ကနေပြီးတော့ အလုပ်ထွက်ပြီးတဲ့ (၁၀)တန်းထိမရောက်ဘဲနဲ့ နည်းပညာနှင့်အသက်မွေး ပညာရေးတက်ရောက်မှုအခြေအနေကိုပြတဲ့ Graph ဖြစ်ပါတယ်။ ဒီ Graph အရ ကြည့်လို့ရှိရင် ကျွန်တော်တို့နိုင်ငံဟာ အထက်တန်းကျောင်းသား ၂၀၀ မှာ (၈)တန်းအောင်ပြီးတော့ နည်းပညာနဲ့ အသက်မွေးပညာရေးကို တက်ရောက်နိုင်တဲ့အခြေအနေဟာ တစ်ယောက်တည်းပဲရှိပြီးတော့ အိမ်နီးချင်းတရုတ်နိုင်ငံမှာတော့ သူတို့တစ်တွေဟာ ၁၀၀ မှာ ၄၄ ယောက်ခန့်ထိ နည်းပညာနှင့် သက်မွေးပညာရေးကို တက်ရောက်နိုင်တယ်ဆိုတာ ကျွန်တော်တို့တွေ့ရပါတယ်။ ဒီအခြေအနေ တွေဟာ ပညာရေးရဲ့ အထူးသဖြင့် အားနည်းချက်တွေကို ဖော်ပြနေတာဖြစ်ပါတယ်။ တကယ်တမ်း ကျတော့ ကျွန်တော်တို့ အရင်တုန်းက THS လို့ခေါ်တဲ့ စက်မှုလက်မှုအထက်တန်းကျောင်းတွေ၊ ဆောင်းဒါးယက္ကန်းကျောင်းတွေဆိုတာ ရှိခဲ့ပါတယ်။ အခု ဒီနောက်ပိုင်းမှာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ကနေလုပ်နေတဲ့ သက်မွေးနည်းပညာနဲ့ပတ်သက်တဲ့ ဟိုတယ်သင်တန်းကျောင်းဆိုတာလည်း ဒီသဘောတရားတွေဖြစ်ပါတယ်။ ဒီပညာရေးတွေကို ကျွန်တော်တို့အနေနဲ့ အမြဲတမ်းအားပေးပြီးတော့ လက်ရှိဆွဲမယ့်ပညာရေးပေါ်လစီထဲမှာပဲ ထည့်သွင်းတွက်ချက်ဖို့လိုပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူအားလုံး ကျန်းမာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ အောင်မြေသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးရဲ့ ပညာရေးမူဝါဒချမှတ်ရေးနဲ့ပတ်သက်တဲ့အဆိုကို ထောက်ခံဆွေးနွေးအကြံပြုတင်ပြသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်တင်ပြခဲ့သလို နိုင်ငံတစ်နိုင်ငံရဲ့တိုးတက်မှုအလားအလာကို ခန့်မှန်းဖို့ဆိုရင် အဲဒီနိုင်ငံရဲ့ ပညာရေးအပေါ် ဘယ်လောက်မျှော်လင့်ချက်ထားသလဲ။ ဘယ်လောက်ရင်းနှီးထားသလဲ။ ဘယ်လို မူဝါဒတွေနဲ့ အကောင်အထည်ဖော်သလဲ။ ဘယ်အတိုင်းအတာအထိ အကျိုးသက်ရောက်မှုရှိသလဲ ဆိုတာကို ဆန်းစစ်ရပါတယ်။ ဖွံ့ဖြိုးတဲ့နိုင်ငံတိုင်းဟာ ပညာရေးကို နိုင်ငံ့ဦးစားပေးအဖြစ် အလေးထား ဆောင်ရွက်ကြတာ တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ကျောင်းသားတွေကို ဘယ်လိုနည်းစနစ်နဲ့ သင်ကြားမယ်ဆိုတဲ့အပိုင်းနဲ့ သင်ယူပြီးတဲ့ကလေးတွေအတွက် ပညာရည်စစ်ဆေးအကဲဖြတ်မှုအပိုင်း ဆိုပြီး နှစ်ပိုင်းဆွေးနွေးပါမယ်။ ပထမပိုင်းကို ဆွေးနွေးရရင် သင်ကြားကြမယ့်ဆရာဆရာမတွေရဲ့ သင်ကြားမှုစွမ်းရည်ပြည့်ဝဖို့ နိုင်ငံတော်အနေနဲ့ ဆရာများကို ဦးစွာလေ့ကျင့်သင်တန်းများ အထူး အစီအမံနဲ့ ပြုလုပ်သင့်ပါတယ်။ ဒီနေရာမှာ ဒီလှိုင်းစာစောင် စာမျက်နှာ ၂၆ မှာပါတဲ့ ကလေးသူငယ်နှင့် ဒီမိုကရေစီကဏ္ဍမှာ ကလောင်ရှင် ဆရာမဆွေဆွေရဲ့ ပညာရေးဆောင်းပါးများဟာ နော်ဝေနိုင်ငံမှာ ဖော်ဆောင်နေတဲ့ ပညာရေးစနစ်ကို အထူးမီးမောင်းထိုးပြထားတာ တွေ့ရပါတယ်။ မူကြိုကျောင်းနဲ့ အာဟာရ၊ မူကြိုကျောင်းနဲ့ ကျန်းမာရေးစောင့်ရှောက်မှု၊ မူကြိုမှာလေ့ကျင့်ပေးတဲ့ စိတ်ဓာတ်နဲ့ အမူအကျင့်များ အစရှိတဲ့ဆောင်းပါးများဟာ သင်ကြားပေးမယ့် ဆရာဆရာမများနဲ့ မိဘများအတွက် အထူးအားကျအတုယူဖွယ်ဗဟုသုတများ ဖြစ်ပါတယ်။ မိဘများအနေနဲ့လည်း အထူးဖတ်ရှုလေ့လာ သင့်ကြောင်း သတင်းကောင်းပါးလိုပါတယ်။ ကျောင်းသားများရဲ့ သင်ယူမှုစွမ်းရည်ကို ကျယ်ကျယ် ပြန့်ပြန့်ဘက်ပေါင်းစုံကနေ ချဉ်းကပ်သင်ယူစေတာကို တွေ့ရပါတယ်။ ကလေးတစ်ယောက်အတွက် ပညာသင်ယူမှုတင်မကဘဲ ပတ်ဝန်းကျင်စူးစမ်းလေ့လာတတ်အောင်၊ သဘာဝပတ်ဝန်းကျင်ကို တန်ဖိုး ထားတတ်အောင် မိမိနှင့်အတူ ကျောင်းတက်တဲ့မိတ်ဆွေ၊ သူငယ်ချင်းများနှင့် ပေါင်းသင်းဆက်ဆံပုံ အဆုံး အသေးစိတ်ကို ဖော်ပြထားတာ တွေ့ရပါတယ်။ လေ့ကျင့်သင်ကြားပေးကြတဲ့ဆရာဆရာမများရဲ့

အခန်းကဏ္ဍာ ဘယ်လောက်အရေးကြီးပြီး ကျယ်ပြန့်တယ်ဆိုတာကို အဆိုပါဒီလှိုင်းဆောင်းပါးပါ အချက်များက ကွက်ကွက်ကွင်းကွင်းဖော်ပြနေပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းသားတစ်ယောက်ရဲ့ ပညာသင်မှုဖြစ်စဉ်ဟာ မူလတန်းပညာရေးဟာ အဓိကကျလှပါတယ်။ ဒီနေရာမှာ အခြေခံပညာရေးအပိုင်းက ဆရာဆရာမများရဲ့ ပထမဆုံးစတင်တဲ့ရာထူးက မူလတန်းပြနဲ့စတင်ပြီး အလယ်တန်းပြ၊ အထက်တန်းပြ အစရှိသဖြင့် ရာထူးအလိုက် အဆင့်တိုးတဲ့စနစ်ဖြစ်ပါတယ်။ ဆရာဖြစ်သင်တန်းမပြီးမြောက်သေးတဲ့ မူလတန်းပြအဆင့် စခန့်တာဟာ ကလေးများအတွက် များစွာအခက်အခဲဖြစ်စေပါတယ်။ ကလေးသူငယ်အရွယ် ပထမဆုံးနှစ်ကာလများဟာ အလွန်အရေးကြီးတဲ့ကာလဖြစ်ပါတယ်။ ဦးနှောက်ဆဲလ်များ ဖွံ့ဖြိုးအားကောင်းနေတဲ့အတွက် တစ်စက္ကန့်ကို ဦးနှောက်ဆဲလ်ပေါင်း ၁၀၀၀ မျှအလုပ်လုပ်နေတယ်လို့ ဆိုပါတယ်။ အဲဒီဦးနှောက်ဆဲလ်တွေ ဆက်သွယ်လှုပ်ရှားနေချိန်မှာ ကလေးများရဲ့ စိတ်ခံစားမှု တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြောကြားလိုစိတ်များကို ဟန့်တားမှု၊ ခံစားမှုများမဖြစ်သွားစေရန် လွန်စွာမှ အရေးကြီးလှပါတယ်။ အဲဒီအချိန်မှာ လေ့လာသင်ယူမှုစနစ်ကျမှ အနာဂတ်မှာ ဆက်ပြီး လေ့လာသင်ယူလိုစိတ် ဖြစ်လာမှာပါ။ ယနေ့ KG တန်းများမှာ လေ့ကျင့်ထားတဲ့ဆရာမများနဲ့ သင်ယူစေတာဟာ အလွန်ကောင်းမွန်တဲ့လမ်းစပဲဖြစ်ပါတယ်။ သင်ယူခြင်းရဲ့နောက်ဆုံးရလဒ်ဟာ နားထောင်တတ်ခြင်းပဲဖြစ်ပါတယ်။ တတ်မြောက်ခြင်းဆိုတာလည်း သူတစ်ပါးပြောသမျှကို အာရုံစိုက်နားထောင်ပေးတတ်ခြင်းဖြင့် တိုင်းတာနိုင်တဲ့အတွက် သင်ကြားမယ့်ဆရာဆရာမများဟာ ကိုယ်ချင်းစာတရားနဲ့ ကလေးပြောသမျှကို ဘယ်လောက်စိတ်ရှည်စွာနဲ့ နားထောင်ပေးနိုင်သလဲဆိုတာ ဆရာတစ်ယောက်ရဲ့ သင်ကြားမှုစွမ်းရည်ထဲက တစ်ခုဖြစ်ပါတယ်။ အကြံပြုလိုတာကတော့ ပထမဆုံးမူလတန်းပြကို ကျွမ်းကျင်အဆင့်(၄)ကစတင်ပြီး သင့်တင့်တဲ့လုပ်သက်အလိုက် ရာထူးတိုးတဲ့အခါ ရာထူးတိုးယူလိုကယူ သို့မဟုတ် အလယ်တန်းပြရာထူးနဲ့တူညီတဲ့လစာ ခံစားခွင့်ပေးပြီး ၎င်းကို မူလတန်းကျွမ်းကျင်အဆင့်(၃)သတ်မှတ်ပြီး အထက်တန်းပြရာထူးနဲ့တူညီတဲ့လစာတန်းကို မူလတန်းကျွမ်းကျင်အဆင့်(၂)၊ အထက်တန်းကျောင်းအုပ်နဲ့တူတဲ့လစာတန်းကို မူလတန်းကျွမ်းကျင်အဆင့်(၁) အစရှိသဖြင့် ရာထူးအဆင့်လိုက် လစာတိုးသွားပြီး မူလတန်းမှာပဲ အထူးကျွမ်းကျင်ရေးတာဝန်တစ်ရပ်အနေနဲ့ ပြောင်းလဲကျင့်သုံးဖို့ အဆင့်တိုင်းမှာ ကျွမ်းကျင်မှု၊ စစ်ဆေးမှုတွေနဲ့ စနစ်တကျပျိုးထောင်ပေးသင့်ကြောင်း အကြံပြုလိုပါတယ်။ ဒီအခါ မူလတန်းကျောင်းသားများဟာ ကျွမ်းကျင်ဆရာဆရာမများရဲ့ သင်ကြားမှုကို အခြေခံခိုင်ခိုင်မာမာနဲ့ နွေးထွေးစွာရရှိမှာ အမှန်ဖြစ်ပါတယ်။ မူလတန်းပြများကလည်း မူလတန်းပြ

ဆိုတဲ့ဘဝကို ယုံကြည်မှုအပြည့်နဲ့ ခံယူနိုင်မှာဖြစ်ပါတယ်။ အထက်ဆိုခဲ့ပါ မူလတန်းပညာရေး ကိစ္စဆွေးနွေးသလိုမျိုး အလယ်တန်းမှာကျင့်သုံးမယ်ဆိုရင်လည်း ထပ်တူအကျိုးရရှိမယ်ဆိုတာ မြေကြီး လက်ခတ်မလွဲပါပဲခင်ဗျား။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆွေးနွေးခဲ့တာတွေက မူလတန်း၊ အလယ်တန်းနဲ့ ကျွမ်းကျင်ဆရာဆရာမများ ပြုစုပျိုးထောင်ဖို့ အခြေခံအချက်များဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ နှလုံးသားမှာ အခုချိန်ထိ စွဲနေအောင်ရှိနေတဲ့ ဆရာဆရာမများမှာ ဘာတွေ့ရသလဲဆိုရင် မိမိသင်ကြား တဲ့တပည့်အားလုံးရဲ့ မိသားစုစီးပွားရေးနောက်ခံအကြောင်းများ၊ တစ်ဦးတစ်ယောက်ချင်းရဲ့ အကောင်း အဆိုးများ ကောင်းသူကိုချီးမွမ်းသလို၊ ဆိုးသူကို မနှိမ့်ချဘဲ သားသမီးလေးလို သဘောထားပြီး အပြစ် ရှိလို့ရိုက်ပြီးချိန်မှာတောင် ဒီကလေးကို လျစ်လျူမရှုဘဲ မုန့်ဖိုးပေးတာမျိုး အရေးတယူဆက်ဆံတာမျိုး တွေဟာ ဆရာဆရာမကောင်းတစ်ယောက်ရဲ့ လက္ခဏာတွေဆိုတာ အားလုံးသိပါတယ်။ လက်ရှိ ကျင့်သုံးနေတဲ့ မူလတန်းမှ စတုတ္ထတန်းအထိ ရင်ခွင်ပိုက်စနစ်ဟာ ဆရာမတော်ရင် ကျောင်းသားများ တော်ပြီး ဆရာမညံ့ရင် ကျောင်းသားများ အခြေခံမပါဘဲ သတ်ပုံသတ်ညွှန်းကအစ အဲဒီဆရာမရဲ့ အမူ အကျင့်အတိုင်း တစ်လျှောက်လုံးပါခဲ့တာ ကျောင်းသားများ နစ်နာကြရပါတယ်။ အထူးသဖြင့် အင်္ဂလိပ် စာမှာ သိသာပါတယ်။ စာရေးသားနည်းလွဲမှားတာတွေ၊ အသံထွက်မှာ S သံကို ပီပီသသမဆိုနိုင်တာ တွေ တွေ့ရပါတယ်။ ဥပမာ- ဗိုင်းရပ်(စ်)ကို ဗိုင်းရက်လို့ ခေါ်တာမျိုးပါ။ မိမိအတန်းမှာရှိတဲ့ ကလေး အားလုံးကို ပိုင်ပိုင်နိုင်နိုင်ထိန်းသိမ်းစောင့်ရှောက်သင်ကြားနိုင်ဖို့ ဆရာဆရာမတစ်ယောက်ရဲ့ ကျောင်းသားဦးရေ ၃၀ ဝန်းကျင်ဟာ အသင့်တော်ဆုံးပဲဖြစ်ပါတယ်။ ဒါကြောင့် ဆရာဆရာမများနဲ့ စာသင်ခန်းများဟာ အဓိကလိုအပ်မှာ အမှန်ပါပဲ။ အထက်တန်းပြများအနေနဲ့လည်း မိမိရဲ့မူလ ကျွမ်းကျင်ဘာသာမေဂျာအလိုက် သင်ကြားပေးနိုင်ဖို့နဲ့ တက္ကသိုလ်ဝင်တန်း စာစစ်ခေါ်ရာမှာလည်း အထူးလိုအပ်လှပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအပိုင်းဖြစ်တဲ့ သင်ကြားသင်ယူမှုပညာစစ်ဆေးမှု အကဲဖြတ်မှုအပိုင်းမှာတော့ မူဝါဒချမှတ်နိုင်ဖို့ရာမှာ ရေးဆွဲသူများနဲ့ လက်တွေ့သင်ကြားနေကြတဲ့ ဆရာ ဆရာမများရဲ့ အကြံဉာဏ်ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသင်ယူဖို့လိုမယ်လို့ အကြံပြုလိုပါတယ်။ ဒါကြောင့် မူဝါဒရေးဆွဲရာမှာ အကဲဖြတ်မှုပေးမယ့်ဆရာဆရာမတွေအနေနဲ့ တည်ကြည်ဖြောင့်မတ်ပြီး ဘက်မလိုက်နိုင်အောင်၊ အဂတိကင်းအောင် အစီအမံများပါဝင်ရပါမယ်။ အတန်းပိုင် သို့မဟုတ် ကျောင်းအုပ်တစ်ဦးတည်းကို ဆုံးဖြတ်ခွင့်ပေးမထားဘဲ အစုအဖွဲ့လိုက် တာဝန်ယူတာဝန်ခံဖို့လိုအပ်ပါ

**မူကြမ်း**

တယ်။ အကဲဖြတ်ဖြစ်စဉ်ကာလအတွင်း မိဘများနဲ့ လစဉ်မဟုတ်တောင် နှစ်လ သို့မဟုတ် သုံးလ တစ်ကြိမ် သက်ဆိုင်ရာမိဘများနှင့် ထိတွေ့ညှိနှိုင်းစေသင့်ပါတယ်။ ဒါမှသာ မိဘများအနေနဲ့ မိမိတို့ သားသမီးရဲ့ပညာရေးဖြစ်စဉ်မှာ ပူးပေါင်းပါဝင်နိုင်မှာဖြစ်ပါကြောင်းနှင့် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဟန်ထွန်း(ဘုတလင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ ဘုတလင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဟန်ထွန်းပါ။ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့မှာ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး တင်သွင်းသောအဆိုကို ထောက်ခံဆွေးနွေးသွားမှာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့အနာဂတ်ဟာ အဲဒီနိုင်ငံရဲ့ပညာရေးပေါ်မှာ မူတည်နေပါတယ်။ ပညာရေးစနစ် မှန်ကန်ကောင်းမွန်လေ၊ နိုင်ငံတည်ငြိမ်ဖွံ့ဖြိုးတိုးတက်လေဆိုတာကို နိုင်ငံတကာပုံရိပ်တွေမှာ တွေ့မြင်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာလည်း ပိုမိုကောင်းမွန်တဲ့ပညာရေးစနစ်တစ်ခုကို အကောင်အထည်ဖော်ပြီး ခိုင်ခိုင်မာမာကျင့်သုံးဖို့ လိုအပ်နေပါတယ်။ ပညာဆိုတာ အကောင်းအဆိုး အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားတတ်ခြင်းပါ။ လက်ရှိပညာရေးစနစ်ဟာ တွေးခေါ်မြော်မြင်မှုမပါဘဲ အလွတ်ကျက်ပညာရေးစနစ်ဖြစ်နေပါတယ်။ ၏သည် မလွဲတမ်း ကျက်နိုင်၊ ဖြေနိုင်လျှင် အမှတ်များများရတယ်ဆိုတဲ့ အလွတ်ကျက်ပညာရေးပါ။ အာဂုံရမှ အာဂလူဆိုတဲ့ပညာရေးစနစ်ဖြစ်နေပါတယ်။ ပညာရေးဆိုတာထက် သင်ညာရေးလို့ပြောရင် ပိုမှန်ပါလိမ့်မယ်။ အလွတ်ကျက်ဖြေစာမေးပွဲစနစ် အလွန်အကျွံလွှမ်းမိုးမှုအောက်မှာ တွေးခေါ်မြော်မြင်မှုနည်းတဲ့ နိုင်ငံသားတွေ ပေါ်ထွက်လာပါတယ်။ အဲဒီနိုင်ငံသားတွေရဲ့ တည်ဆောက်ထားတဲ့ ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိကျင့်သုံးနေတဲ့ ပညာရေးစနစ်ရဲ့အားနည်းချက်များစွာထဲက အနည်းငယ်ထောက်ပြလိုပါတယ်။ နိုင်ငံတော်မှ အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်နေပါသော်လည်း လက်ရှိကျင့်သုံးနေတဲ့ ပညာရည်အကဲဖြတ်မှုစနစ်ကြောင့် ကျောင်းသားမိဘများမှာ ငွေကုန်

ကြေးကျအလွန်များပါတယ်။ ဒါဟာအလွန်ဝမ်းနည်းစရာကောင်းလှပါတယ်။ ဗလငါးတန်နဲ့ပြည့်စုံအောင် သင်ကြားပေးနိုင်တဲ့အစိုးရကျောင်းများကို အားမကိုးရဲဘဲ ပြင်ပကျူရှင်နဲ့ ကိုယ်ပိုင်ကျောင်းများကို အဓိကအားထားနေကြပါတယ်။ ပြင်ပကျူရှင်နဲ့ ကိုယ်ပိုင်ကျောင်းများမှာထားလျှင် အထက်တန်းကျောင်းသားတစ်ယောက်အတွက် (၉)တန်းနှင့် (၁၀)တန်း နှစ်နှစ်စာ ကျပ်သိန်း ၁၀ ချီကုန်ပါတယ်။ ငွေကုန်ခံပြီး ဘာကြောင့်ထားလဲဆိုရင် ပြင်ပကျောင်းတွေဟာ စာမေးပွဲမေးခွန်းဖြေဆိုနိုင်ရေးကို အဓိကထားလေ့ကျင့်ပေးလို့ဖြစ်ပါတယ်။ အဲဒီအတွက် အမှတ်ကောင်းကောင်းရပါတယ်။ အမှတ်ကောင်းကောင်းရတာနဲ့ ပညာတတ်တာဟာ မတူပါဘူး။ ဒါပေမဲ့ နိုင်ငံတော်ကလည်း အမှတ်များများရသူကိုပဲ ချီးမြှောက်ပါတယ်။ ပိုပြီးဝမ်းနည်းစရာကောင်းတာက နိုင်ငံတော်က တွေးခေါ်မြော်မြင်မှုပါပြီး ဗလငါးတန်နဲ့ ပြည့်စုံတဲ့နိုင်ငံသားများ မွေးထုတ်ပေးရန်ရည်ရွယ်သော်လည်း ရည်မှန်းရာကို မရောက်နိုင်ခဲ့ပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းတွေမှာ ကာယချိန်၊ ဖွံ့ဖြိုးချိန်၊ သက်မွေးချိန်၊ စိုက်ပျိုးချိန်၊ ပန်းချီချိန်၊ ဂီတချိန်ဆိုတာတွေဟာ အချိန်ဇယားထဲမှာပဲရှိနေပါတယ်။ အချိန်ရှိသရွေ့ ကျောင်းသားလေးတွေဟာ စာပြီးစာ ကျက်နေကြရပါတယ်။ အားမှကစားတဲ့ အားကစားလည်း မအားလပ်လို့ မကစားနိုင်တော့ပါဘူး။ ကွန်ပျူတာတို့၊ Language Lab နဲ့ သိပ္ပံခန်းတွေဟာ ဆိုင်းဘုတ်သာချိတ်ထားပြီး ကျောင်းသားကျောင်းသူတွေအတွက်တော့ ပြတိုက်နဲ့အလားသဏ္ဍာန်တူနေပါတယ်။ လက်တွေ့မပါတဲ့ပညာရေးဟာ ကျောင်းသားကျောင်းသူများကို ပြင်ပလောကနဲ့ အဆက်အသွယ်ဖြတ်ထားတဲ့သဘော ဖြစ်စေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်က ဖွံ့ဖြိုးတိုးတက်နေတဲ့နိုင်ငံအများစုဟာ တီထွင်ဖန်တီးမှုကို ဦးစားပေးတဲ့ Pioneer Education ကို ဦးတည်တဲ့ပညာရေးစနစ်ကို ကျင့်သုံးနေကြပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိပညာရေးစနစ်ဟာ ကျောင်းသားကျောင်းသူများရဲ့ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ တီထွင်ဆန်းသစ်နိုင်စွမ်းကို လျော့ကျစေပါတယ်။ ကျောင်းသားကျောင်းသူလေးများဟာ အမှားအမှန်ကို တွေးတောဆင်ခြင်ဖို့ထက် ဆရာသင်တဲ့စာနဲ့ တစ်ထပ်တည်းဖြစ်အောင် ရေးသားဖြေဆိုနိုင်ရေးကို ကြိုးစားအားထုတ်နေကြတာကို ဝမ်းနည်းစွာမြင်တွေ့နေရပါတယ်။ ဆရာ့ထက်တပည့်လက်စောင်းထက်ဆိုတဲ့ ထူးချွန်ထက်မြက်တဲ့မျိုးဆက်သစ်ပညာတတ်လေးများကို မွေးထုတ်ပေးနိုင်ဖို့ ဖြစ်မလာနိုင်ပါဘူး။ ဒါဟာ အခြေခံပညာရေး ကျဆုံးခြင်းပါပဲ။ အခြေခံပညာရေး ကျဆုံးခြင်းဟာ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးစနစ်တစ်ခုလုံး ကျဆုံးခြင်းပါပဲ။ ပညာရေးစနစ်တစ်ခုလုံး ကျဆုံးပြီဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့အနာဂတ် ကျဆုံးခြင်းပါပဲ။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပညာသင်ကြားနေချိန်မှာလည်း အစ်ကိုအစ်မများက မင်းတို့ရဲ့ ပညာရေးစနစ်ဟာ ငါတို့လောက်ကို မကောင်းပါဘူးလို့ အပြောခံခဲ့ရပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်လည်း ယနေ့ ညီငယ်ညီမငယ်များရဲ့ ပညာရေးစနစ်ကို ကျွန်တော်တို့ထက် ပိုမိုဆိုးရွားလာတာကိုလည်း မြင်တွေ့နေရပါတယ်။ အဆင့်မြင့်ပညာရေးနယ်ပယ်တက္ကသိုလ်ဆရာဆရာမများက အထက်တန်းမှာ အခြေခံမပါခဲ့လို့ သူတို့တတ်အောင်သင်ဖို့ရာ မလွယ်ဘူးလို့ပြောပါတယ်။ အထက်တန်းကလည်း အလယ်တန်းကို အပြစ်ပြော။ အလယ်တန်းကလည်း မူလတန်းကိုအပြစ်ပြော။ တကယ်တမ်းတော့ မူလတန်းပြဆရာဆရာမတွေဆိုတာ အဆင့်မြင့်ပညာက မွေးထုတ်ပေးလိုက်တဲ့ ဆရာဆရာမတွေသာဖြစ်နေပါတယ်။ ဒီနေ့အချိန်အခါမှာ အဆင့်ဆင့်တာဝန်ယူမှု တာဝန်ခံမှုရှိတဲ့ ပညာရေးစနစ်ဖြစ်သင့်နေပါပြီ။ လက်ရှိပညာရေးစနစ်ကို ဆရာဆရာမများလည်း မကြိုက်သလို ကျောင်းသားမိဘများကလည်း အားမလိုအားမရဖြစ်နေကြပါတယ်။ ကျောင်းသားကျောင်းသူများကတော့ ပညာရေးစနစ်ပြုပြင်ပြောင်းလဲဖို့ ပြီးခဲ့တဲ့အစိုးရလက်ထက်မှာ စိတ်အားထက်သန်စွာ တောင်းဆိုခဲ့တာလည်း အထင်အရှားရှိခဲ့ပါတယ်။ ဒီနေ့အချိန်အခါမှာ ပြည်သူကရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့အစိုးရအနေဖြင့် ကောင်းမွန်တဲ့ပညာရေးစနစ်တစ်ရပ်ကို ချမှတ်ပြီး ခိုင်ခိုင်မာမာနဲ့ အကောင်အထည်ဖော်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ယနေ့ကျောင်းသူကျောင်းသားများဟာ ဒို့ဘိုးဘွားအမွေစစ်မို့ဆိုပြီး ထိန်းသိမ်းကာကွယ်မယ့်သစ်တောကြီးတွေ၊ တောင်ကြီးတွေနဲ့ သဘာဝသယံဇာတများလည်း မရှိသလောက်နည်းပါးနေပါပြီ။ ကျွန်တော်တို့ ထားခဲ့ရမယ့်အရာတွေက ပြည်တွင်းပြည်ပအကြွေးတွေပဲမဖြစ်သင့်ပါဘူး။ ထုတ်ယူသုံးစွဲလို့မကုန်နိုင်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ထားခဲ့သင့်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်နေမှုကသာ သုံးစွဲလို့မကုန်နိုင်တဲ့အရင်းအမြစ်တွေ၊ သယံဇာတတွေ ဖြစ်ပါတယ်။ အနာဂတ်ကျောင်းသားလူငယ်လေးများအတွက် အနာဂတ်ဘဝ အာမခံချက်ပေးနိုင်သော ကောင်းမွန်တဲ့ပညာရေးစနစ်တစ်ခုကို အကောင်အထည်ဖော်သင့်ပါပြီ။ အချို့ကပြောပါတယ်။ စာမေးပွဲစနစ်မရှိရင် စာမတတ်နိုင်ဘူးလို့။ ဒါ့ကြောင့် စာမေးပွဲစစ်နေရပါတယ် ပြောတယ်။ ကျွန်တော်တို့က စာမေးပွဲစနစ်ကို ကန့်ကွက်နေတာမဟုတ်ပါဘူး။ စာမေးပွဲစနစ်အပေါ်မှာ အလွန်အကျွံမှီခိုပြီး ကျောင်းသားကျောင်းသူများရဲ့ အနာဂတ်အဆုံးအဖြတ်ပေးနေတာကို ဒီ့ထက်ကောင်းမွန်တဲ့ ပညာရည်အကဲဖြတ်မှုမူဝါဒတစ်ခုကို ချမှတ်ပြီး ခိုင်ခိုင်မာမာအကောင်အထည်ဖော်ဖို့ တင်ပြနေခြင်းသာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး

တင်သွင်းသော အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။ အားလုံးကို လေးစားပါတယ်။ ကျွန်တော်က မြောက်ဦးမဲဆန္ဒနယ်က ဦးဦးလှစော ဖြစ်ပါတယ်။ ဂုဏ်သိက္ခာမြင့်မားတဲ့ ပညာရေးစနစ်တစ်ခုပေါ် ထွန်းလာစေရေးကို စေတနာနဲ့ ဒေါက်တာလှမိုးရဲ့ အဆိုကို ကျွန်တော် ဖြည့်စွက်ဆွေးနွေးပါမယ်။ ပထမ အချက်က ကျွန်တော်တို့ရဲ့ ပညာရေးဟာ အင်မတန်ဝမ်းနည်းစရာ၊ ရင်လေးစရာ၊ ဂုဏ်သိက္ခာကျဆင်း စရာဆိုတာ အမှန်တရားပါပဲ။ အဲဒီတော့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ပညာရေးပြုပြင်ပြောင်းလဲမှုကြီး တစ်ခု လက်တွေ့ကျကျလိုအပ်နေပါတယ်။ အဲဒီတော့ ကုန်ခဲ့တဲ့ အစိုးရလက်ထက်မှာ ပညာရေးပြုပြင် ပြောင်းလဲမှုကို ဦးတည်ပြီးတော့ ကျောင်းသားလှုပ်ရှားမှုတွေပေါ်ခဲ့တယ်။ ဒါပေမဲ့ အကျည်းတန်စွာပဲ နိဂုံးချုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ကောင်းတာတစ်ခုက ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာ လေးပွင့် ဆိုင်တွေ့ဆုံမှုကနေပြီးတော့ တက္ကသိုလ်ဝင်ခွင့်စနစ်၊ စာမေးပွဲစနစ်ကို ပြုပြင်ပြောင်းလဲဖို့ အတွက်ကို Working Group တွေလုပ်မယ်ဆိုပြီးတော့ သဘောတူညီမှုရခဲ့ပါတယ်။ အချက်(၁၁)ချက်ထဲက အချက်(၅)မှာပါ။ အဲဒီမှာ ကျွန်တော်တို့ အစိုးရဝန်ကြီးထဲက ဦးလှထွန်း၊ လွှတ်တော်က ဦးသိန်းဆွေ အခု ပြည်ထောင်စုဝန်ကြီးဖြစ်နေတဲ့ ဦးသိန်းဆွေပါ။ နောက် NNER က ကိုသိန်းလွင်။ နောက် အောင်မှိုင်းဆန်းတို့ ကျောင်းသားလေးတွေပါပါတယ်။ အဲဒီတော့ အဲဒီသဘောတူညီချက်ဟာ ကောင်းမွန်ပါတယ်။ ကျွန်တော်တို့ လက်ခံတယ်။ ဒီနှစ်အစိုးရလက်ထက်မှာ ဒါကိုအကောင်အထည် မဖော်တော့ဘူးလား။ အသုံးမဝင်တော့ဘူးလား။ အဲဒီတော့ ကျွန်တော်တို့က စေတနာမှန်တဲ့အတွက် ကြောင့် ကျွန်တော်တို့မူဘောင်တစ်ခုနဲ့ ဒီဟာကိုအကောင်အထည်ဖော်စေချင်ပါတယ်။ ဒေါက်တာလှမိုး ရဲ့အဆိုဟာလည်း ဒီဟာပဲဖြစ်တယ်ဆိုတာကို ကျွန်တော် ပထမအချက်အနေနဲ့ ပြောလိုပါတယ်။

ဒုတိယအချက်က အမျိုးသားပညာရေးဥပဒေ အခန်း(၄)အပိုဒ် ၅ မှာ အမျိုးသားပညာရေး ကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းရမယ်ဆိုတာပါရှိပါတယ်။ နောက် အခန်း(၆)မှာ လုပ်ပိုင်ခွင့်(၈)ချက်ဆိုတာပြထားပါတယ်။ နောက် အခန်း(၁၄)မှာ နိုင်ငံတော်က အကောင်အထည် ဖော်ရမယ်ဆိုပြီးတော့ လမ်းညွှန်ထားပါတယ်။ အမျိုးသားပညာရေးဥပဒေထဲမှာ။ ကျွန်တော် နည်းလည် တာက နိုင်ငံတော်ဆိုတာဟာ ဒီပညာရေး တကယ်အကောင်အထည်ဖော်ရမယ့် ဒီလုပ်ငန်းစဉ်ကြီးကို

အကောင်အထည်ဖော်ရမယ့်ပုဂ္ဂိုလ်ဟာ ပညာရေးဝန်ကြီးနှင့် ပညာရေးဌာနပဲ။ တကယ်တော့ ပညာရေးဝန်ကြီးဆိုတာ ပညာရေးရဲ့တပ်မှူးကြီးပဲ။ အဲဒီတော့ ကျွန်တော်တို့တိုင်းပြည်မှာက နေရာတိုင်းမှာ ပြဿနာပေါင်းစုံရှိနေပါတယ်။ ဆိုပါစို့ ကျွန်တော်တို့ အမှတ် ၃၀ နှင့် Moderation ကိစ္စကလေးတွေ အောင်လာတယ်။ နောက် တက္ကသိုလ်ရောက်လာတယ်။ မေးခွန်း Out တာတွေ၊ ကူးချတာတွေ၊ ပါမောက္ခတွေဆီမှာ သင်တန်းတွေသွားတက်၊ အနီးကပ်သင်တန်းတွေတက် ဆရာတွေကဈေးကောက်တွေလို ပိုက်ဆံတွေတောင်း အဲဒီလိုပဲ အဲဒီကလေးတွေက ဘွဲ့ရလာတယ်။ အဲဒီတော့ ဒီကလေးတွေဟာ ကျွန်တော်မြင်တာက အဖျက်အဆီးခံနေရတာ အဲဒီတော့ ဒီဟာတွေကို ကျွန်တော်တို့ ဘယ်လိုပြုပြင်ကြမလဲ။ အဲဒီတော့ ပညာရေးမူဝါဒတွေဘယ်လောက်ပဲကောင်းကောင်း တကယ်တပ်မှူးကောင်းကြီးတွေလိုပါတယ်။ အဲဒီတပ်မှူးကောင်းကြီးတွေဟာ မူဝါဒကို ပြတ်ပြတ်သားသားကိုင်တွယ်ပြီးတော့ လုပ်ဆောင်ဖို့လိုအပ်တယ်ဆိုတဲ့အချက်ကို ကျွန်တော် ဒုတိယအချက်အနေနဲ့ ပြောကြားလိုပါတယ်။

တတိယအချက်က ပညာရေးချွတ်ခြုံကျမှုအကြောင်းအချက်များဆိုတာရှိပါတယ်။ စီးပွားရေးဘဝနဲ့လည်းဆိုင်တယ်။ အဓိကကတော့ နိုင်ငံရေးပြဿနာလို့ ကျွန်တော်သုံးသပ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ပြဿနာကြီးနှစ်ရပ်ရှိပါတယ်။ (၁) စစ်ဘက်အရပ်ဘက် ဆက်ဆံရေးပြဿနာနဲ့ ကျွန်တော်တို့ ဗမာနှင့် ဗမာမဟုတ်တဲ့လူတွေရဲ့ တိုင်းရင်းသားတွေရဲ့ ပြဿနာပါပဲ။

**ဥက္ကဋ္ဌ**။ ။ ပညာရေးမူဝါဒဆွေးနွေးပါ။

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။ ဒီပြဿနာရဲ့ခေါင်ချုပ်က ပြည်တွင်းစစ်ပဲ။ အဲဒီတော့ ပြည်တွင်းစစ်ကြောင့် စစ်ဘောင်ကျယ်လာတယ်။ စစ်အာဏာရှင်စနစ်တွေပေါ်ထွက်လာတယ်။ ပြည်တွင်းစစ်ဟာ ကျွန်တော်တို့ရဲ့ လူ့အရင်းအမြစ်တွေ၊ သယံဇာတတွေ၊ ဥစ္စာခနေတွေ ကောင်းမြတ်ခြင်းတွေကို စုပ်ပြုဝါးမျိုနေတဲ့ တကယ် Vampire ကြီးတစ်ကောင်ပဲ။ အဲဒီတော့ ပြည်တွင်းစစ်ကြောင့် ပညာရေးစရိတ်တွေကို ကောင်းကောင်းမသုံးနိုင်ဘူး။ အဲဒီတော့ ကျွန်တော်တို့တိုင်းပြည်မှာ ပြည်တွင်းစစ် ရပ်စဲပြီးတော့ ငြိမ်းချမ်းရေးရဖို့လိုပါတယ်။ ဒါအနှစ်ချုပ်ပဲ။ အဲဒီတော့ ငြိမ်းချမ်းရေးရရင် ကျွန်တော်တို့က ပညာရေးမှာ များများသုံးနိုင်မယ်။ အခုတော့ ကျွန်တော်တို့က မီးခိုးတစ်လူလူနဲ့ ပြည်တွင်းစစ်ဖြစ်နေတဲ့ ကျွန်တော်တို့နိုင်ငံမှာ ကျွန်တော်တို့က ပညာရဲ့ Infrastructure တွေကိုလည်း မသုံးနိုင်ဘူး။ ကျွန်တော်တို့ရဲ့ တကယ်လိုအပ်တဲ့ Research Institution တွေကိုလည်း မတည်ဆောက်

နိုင်ဘူး။ အဲဒါကြောင့် ကျွန်တော် ပြည်တွင်းစစ်အကြောင်းကို ပြောရခြင်းဖြစ်ပါတယ်။ ပြည်တွင်းစစ်ရပ်စဲရေးဟာ မြန်မာပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရေးတကြီးဖြစ်ပါတယ်။ ပြည်တွင်းစစ်ရပ်စဲတဲ့အခါမှာ ကျွန်တော်တို့ စစ်အသုံးစရိတ်တွေကို လျှော့ချပြီးတော့ ပညာရေးအသုံးစရိတ်တွေကို မြှင့်တင်ဖို့ဆိုတာဟာ ကျွန်တော်တို့ရဲ့ တာဝန်ကြီးတစ်ရပ်ဖြစ်တယ်ဆိုတာကို ပြောကြားခြင်းဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့က လေးပွင့်ဆိုင်ဆွေးနွေးမှုမှာလည်းပါခဲ့ပါတယ်။ ငါးနှစ်အတွင်းမှာ ပညာရေးအသုံးစရိတ်ကို ၂၀ ရာခိုင်နှုန်းအထိ တဖြည်းဖြည်းတိုးမြှင့်ဖို့ဆိုတဲ့အချက်ဟာ ပညာရေးပြုပြင်ပြောင်းလဲဖို့အတွက် အင်မတန်အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်တယ်ဆိုတာကို ကျွန်တော်ထောက်ပြလိုပါတယ်။

နောက်တစ်ချက်ကတော့ အဓိကကတော့ လွှတ်တော်က ကျွန်တော်တို့ကို လေ့လာဖို့အတွက် ရည်ညွှန်းပေးထားတဲ့ သုတေသနစာတမ်းမှာ ကိုရီးယားနိုင်ငံကို ဥပမာပေးထားပါတယ်။ အဲဒီတော့ ကိုရီးယားမှာ ပတ်ချုံဟီးလက်ထက်မှာ Reform တွေတော်တော်ပြင်းထန်ပါတယ်။ သူဆုံးပြီးတဲ့နောက်ပိုင်းမှာလည်း Reform တွေက အရမ်းပြင်းထန်တယ်။ ဘယ်လောက်အထိပြင်းထန်လဲဆိုရင် ၁၉၉၀ ခုနှစ်မှာ ကိုရီးယားမှာဆိုရိုးရှိပါတယ်။ Five Hours Sleep Failure ကျောင်းသားတစ်ယောက်ဟာ ငါးနာရီအိပ်ရင် စာမေးပွဲကျကိုကျမယ်။ ဘယ်လောက်ပဲတော်တော်။ ဆိုလိုတဲ့သဘောက သုံးနာရီ၊ လေးနာရီ လေ့လာစာကျက်လည်းပိုဝင် လက်တွေ့လုပ်ပြီးမှအိပ်တယ်ဆိုရင် အောင်တယ်ဆိုတဲ့သဘောမျိုးပါ။ အဲဒီတော့ ကျွန်တော်တို့ဟာ အဲဒီလို ပြင်းပြင်းထန်ထန်တောင်းဆိုတဲ့ ပညာရေးစနစ်လည်း ကျွန်တော်တို့ဆီမှာ လိုအပ်ပါတယ်။ အဲဒီတော့ အဲဒီလိုပြင်းပြင်းထန်ထန်တောင်းဆိုတဲ့ ပညာရေးစနစ်ပေါ်ထွန်းဖို့အတွက် ကျွန်တော်တို့ ဆရာတွေ၊ ပါမောက္ခတွေ၊ ကျွန်တော်တို့ ပညာရေးတပ်မှူးကြီးတွေ၊ ကျွန်တော်တို့ လွှတ်တော်က တွန်းလိုက်တဲ့အခါကျမှ ကျွန်တော်တို့က ဂုဏ်သိက္ခာရှိတဲ့ ပညာရေးစနစ်ကြီးတစ်ခုပေါ်လာပြီးတော့ ဂုဏ်သိက္ခာရှိတဲ့နိုင်ငံကြီးတစ်ခု ပေါ်ထွက်လာမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အဲဒါကို ကျွန်တော် ထောက်ခံပြီးဆွေးနွေးတင်ပြတာပါ။ လေးစားပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမျိုးညွန့်(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဟုမ္မလင်းမဲဆန္ဒနယ်က ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်ဖြစ်ပါတယ်။ ဒေါက်တာလှမိုးရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသွားတဲ့အထဲက ဥပဒေပုဒ်မတွေအောင်မြင်ဖို့ အဓိကဆောင်ရွက်ရမှာကတော့ ပညာရေးကဏ္ဍကပဲဖြစ်ပါတယ်။ ဒါတွေကို ပေါက်မြောက်အောင်မြင်ဖို့အတွက် အခြေခံပညာကနေစတင်ဆောင်ရွက်ရမှာဖြစ်ပါတယ်ခင်ဗျား။ နိုင်ငံတစ်ခုတွင် နိုင်ငံတော်ကချမှတ်တဲ့ မူဝါဒနှင့် လိုက်လျောညီထွေမှုရှိတဲ့ ပညာရေးစနစ်ကို တည်ဆောက်ရမှာဖြစ်ပါတယ်။ ဒီချမှတ်တဲ့ ပညာရေးမူဝါဒကို အကောင်အထည်ဖော်ရတာကတော့ ဆရာဆရာမတွေက အဓိကလိုက်ပါဆောင်ရွက်ရပါတယ်။ ဘယ်ပညာရေးစနစ်မှာပဲဖြစ်ပါစေ၊ သင်ကြားမှု၊ သင်ယူမှုဖြစ်စဉ်ကို အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းကို စစ်ဆေးတဲ့ စစ်ဆေးတိုင်းတာမှုစနစ်ဆိုတာရှိပါတယ်။ ကျွန်တော်တို့ဆီမှာတော့ သူငယ်တန်းကနေ သတ္တမတန်းအထိ အတန်းကူးပြောင်းစနစ်ကိုကျင့်သုံးပါတယ်။ ဒီစနစ်ကို ဆရာဆရာမအများစုက မကြိုက်နှစ်သက်ကြပါဘူး။ သူတို့မကြိုက်နှစ်သက်တဲ့အတွက် ဆင်းရ ကျောင်းသားတွေ တစ်နည်းအားဖြင့် အမှတ် ၄၀ အောက်ရတဲ့ကျောင်းသားတွေကို ကုစားသင်ကြားခြင်းလုပ်တဲ့အခါမှာ ကုစားစစ်ဆေးတိုင်းတာခြင်းတွေလုပ်ကြတဲ့အခါမှာ တကယ်ဆောင်ရွက်မှုကနည်းပြီးတော့မှ မေးခွန်းပေး၊ စာအုပ်တွေချကူးရေးပြီး အတန်းကူးပြောင်းစေခဲ့တာ တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် တတ်မြောက်မှုအားနည်းပြီး အတန်းတက်လာတဲ့ကလေးအရေအတွက် ပိုများလာပါတယ်။ မခိုင်မာတဲ့အုတ်မြစ်အထက်မှာ အထပ်မြင့်အဆောက်အဦတွေဆောက်သလိုပဲ အန္တရာယ်အလွန်ကြီးမားလှပါတယ်ခင်ဗျား။ ပညာရေးအခြေမခိုင်မာမှုဟာ နိုင်ငံတစ်နိုင်ငံရဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အရေးအရာအားလုံးကို ပြိုကျပျက်စီးစေနိုင်ပါတယ်။ ဒါကြောင့် အဆိုရှင် ဒေါက်တာလှမိုးတင်ပြတဲ့ ခိုင်မာတဲ့ပညာရေးမူဝါဒဟာ မရှိမဖြစ်လိုအပ်ပါတယ်။ စာမေးပွဲစစ်ဆေးခြင်း ဆိုတာကလည်း ကလေးတွေရဲ့ အနာဂတ်စွမ်းရည်ကို ခန့်မှန်းနိုင်ဖို့သာဖြစ်စေပြီး အရှုံးသတ်မှတ်ပေးဖို့တော့ မဖြစ်သင့်ဘူးလို့ ဆွေးနွေးချင်ပါတယ်။ အဆိုရှင်က ပြောသွားပါတယ်။ သူငယ်တန်းကနေ နဝမတန်းအထိ စဉ်ဆက်မပြတ် အကဲဖြတ်အတန်းတင်ပုံစံကို ကျင့်သုံးပါတယ်လို့ ဆိုပါတယ်။ ဟုတ်လည်းဟုတ်ပါတယ်။ စဉ်ဆက်မပြတ် အတန်းတင်ပုံစံကို ကျင့်သုံးပါတယ်။ ဒါပေမဲ့ ဒီစာမေးပွဲတွေကို သင်ယူသူတွေးခေါ်မြော်မြင်မှုပါတဲ့ တတ်မြောက်မှုစစ်ဆေးခြင်းထက် ပုံနှိပ်စာအုပ်ထဲက ပြဋ္ဌာန်းစာများကို ၏၊ သည်မလွဲပြန်ရေးချနိုင်တဲ့ အလွတ်ကျက်ပညာရေးစနစ်ကို ဦးတည်ထားတယ်လို့လည်း ဆိုပါတယ်။ ဒီအချက်များကို ကျွန်တော် ဒီလိုလေးဖြည့်စွက်ဆွေးနွေးချင်ပါတယ်။ မူလတန်းကနေ သတ္တမတန်းအထိ စဉ်ဆက်မပြတ် အကဲဖြတ်အတန်းတင်စနစ်ကျင့်သုံးတယ်ဆိုတာလည်း မှန်ပါတယ်။ ကလေးတွေကို

ဒီအတိုင်းအတန်းတင်လိုက်တာမဟုတ်ပါဘူး။ ကျွန်တော်တို့ အပတ်စဉ်၊ လစဉ်၊ နှစ်ဝက်၊ နှစ်ကုန်စာမေးပွဲတွေ အကြိမ်ကြိမ်စစ်ဆေးပြီးတော့မှ အတန်းတင်ပေးလိုက်တာပါ။ ဒါကြောင့် စာမေးပွဲတွေများပြီးတော့မှ သင်ရိုးကုန်အောင်တောင်မှ အတော်ခဲယဉ်းနေပါတယ်။ စာမေးပွဲစစ်ဆေးလို့ရှိရင်လည်း ဆရာက မေးခွန်းထုတ်ရတယ်။ အမှတ်ပေးစည်းမျဉ်းတွေဆွဲရပါတယ်။ အမှတ်ပေးစည်းမျဉ်းတွေနဲ့ တိုက်ဆိုင်စစ်ဆေးရပါတယ်။ ဒါကြောင့် အမှတ်ပေးစည်းမျဉ်းနဲ့ ၏၊ သည်မလွဲတူမှ ဖြေနိုင်သူက စာမေးပွဲရလဒ်ကောင်းပြီး ချီးမြှင့်မြောက်စားခံရတာပါ။ ဒါကြောင့် အမှတ်ပေးစည်းမျဉ်းနှင့် မေးခွန်းနောက်ကို ကျောင်းသားတွေ၊ မိဘတွေလိုက်နေကြပြီး အဂတိတရားများပါ ပါလာကြပါတယ်။ ၁၉၉၀-၁၉၉၁ လောက်ကတည်းက ဆရာအတတ်သင်ကျောင်းတွေနဲ့ ပညာရေးတက္ကသိုလ်တွေမှာ ကလေးဗဟိုပြုသင်ကြားခြင်းစနစ်ကို သင်ကြားပေးပါတယ်။ ဒါပေမဲ့ လက်တွေ့မှာတော့ စာမေးပွဲစနစ်နှင့် အတန်းတင်ခြင်း၊ အမှတ်ပေးစည်းမျဉ်းနှင့်တိုက်ဆိုင်စစ်ဆေးခြင်း၊ အမှတ်များတဲ့သူကို ချီးမြှင့်မြောက်စားခြင်းကြောင့် သင်ခန်းစာတတ်မြောက်ဖို့ထက် မေးခွန်းသိဖို့၊ စည်းမျဉ်းတွေသိဖို့၊ အမှတ်များများရဖို့ အဓိကကျနေတာကြောင့် ဆရာဗဟိုပြုသင်ကြားခြင်းသာ အသက်ဝင်နေပါတယ်။ ကလေးများရဲ့ အတွေးအခေါ်တီထွင်ဖန်တီးမှုများပေါ်ထွက်လာရေးဟာ မှေးမှိန်ပျောက်ကွယ်နေပါတယ်။ ဒါဆိုရင် ပညာရေးမျှော်လင့်ချက်တွေနဲ့ လက်တွေ့ကျင့်သုံးနေတဲ့ ပညာရေးစနစ်က လွဲနေတယ်ဆိုတာတော့ သေချာပါတယ်။ ဒါကြောင့် အဆိုရှင်တင်ပြသလို ပညာရေးစစ်ဆေးခြင်း အကဲဖြတ်ပုံစံအတွက် မှန်ကန်တဲ့မူဝါဒတစ်ရပ်ချမှတ်ပေးရန်နှင့် ခိုင်ခိုင်မာမာကျင့်သုံးဖို့လိုအပ်မှာ သေချာပါတယ်။

၂၀၁၅ ခုနှစ် ပြင်ဆင်ပြဋ္ဌာန်းခဲ့တဲ့ အမျိုးသားပညာရေးဥပဒေ အခန်း(၄)မှာ အမျိုးသားပညာရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များဆိုတဲ့ အခန်းပါပါတယ်။ အဲဒီအခန်း ပုဒ်မ ၆ ပုဒ်မခွဲ(ဂ)မှာတော့ သူရဲ့တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ရေးထားပါတယ်။ ပညာရေးစနစ်နဲ့ ပညာရေးဆိုင်ရာမူဝါဒများ၊ ပညာရေးဆိုင်ရာစီမံကိန်းများ အကောင်အထည်ဖော်မှုအပေါ် အကဲဖြတ်ခြင်း၊ သုံးသပ်ခြင်းနှင့် အကြံပြုခြင်း၊ ပုဒ်မခွဲ(ဃ)မှာ အရည်အသွေးအာမခံမှု စံချိန်စံညွှန်းများ သတ်မှတ်နိုင်ရန် မူဝါဒများ ချမှတ်ခြင်းနှင့် အကြံပြုခြင်းတို့ တွေ့ရပါတယ်။ ဒါဆိုရင် မှန်ကန်တဲ့ မူဝါဒချမှတ်ဖို့အတွက် အမျိုးသားပညာရေးကော်မရှင်မှာလည်း တာဝန်ရှိတယ်ဆိုတာ တွေ့ရပါတယ်။ ဒါကြောင့် ဒေါက်တာလှမိုး တင်သွင်းသွားတဲ့အဆိုကို အကောင်အထည်ဖော်နိုင်ဖို့အတွက် အမျိုးသားပညာရေးကော်မရှင်ကြီးလည်း ပေါ်ပေါက်ဖို့လိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့တွေအားလုံး ဒီပညာရေးမူဝါဒ အချိန်မီချမှတ်ဆောင်ရွက်သွားနိုင်ဖို့အတွက် ဒေါက်တာလှမိုးရဲ့အဆိုကို ထောက်ခံ

ဆွေးနွေးရင်း ကျွန်တော် ဒီနေရာမှာ နိဂုံးချုပ်ပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးထင်လင်းဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါက်တာလှမိုး တင်သွင်းတဲ့အဆိုနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျာ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၆-၂၀၂၁ အတွက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (National Education Strategic Plan- NESP) နဲ့ အဆိုပါစီမံကိန်းဆိုင်ရာမူဝါဒ လုပ်ငန်းအညွှန်းဘောင်များကို ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ Quality Basic Education Program Intituitic ၊ UNICEF ၊ UNESCO World Bank ၊ ADB ၊ ILO ၊ British Council ၊ အမေရိကန်သံရုံးစတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ပူးပေါင်းကူညီမှုတွေနဲ့ ရေးဆွဲခဲ့တဲ့ အဆိုပါမဟာဗျူဟာစီမံကိန်းမှာ ပညာရေးကဏ္ဍတစ်ခုလုံး အကျုံးဝင်တဲ့ ဘက်စုံလွှမ်းခြုံသောပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ပါဝင်ပါတယ်။ ဒါ့အပြင် မဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မဟာဗျူဟာမြောက်အပြောင်းအလဲ (၉)ရပ်ကိုလည်း ဖော်ထုတ်ခဲ့ကြပါတယ်။ ဒီအထဲမှာ အဆိုရှင် ဒေါက်တာလှမိုးရဲ့အဆိုမှာဖော်ပြချက်ဖြစ်တဲ့ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် အမျိုးသားအဆင့်စာမေးပွဲများဆိုတဲ့အပိုင်းလည်း ပါဝင်တာကို လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံအများစုဟာ လွန်ခဲ့တဲ့ နှစ် ၂၀ ကျော်လောက်ကစလို့ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းစနစ်တွေကို ပိုမိုအလေးထားဆောင်ရွက်လာကြတာကို UNESCO စာတမ်းတွေအရ လေ့လာသိရှိရပါတယ်။ ဒီနေရာမှာ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းစနစ်တစ်ခု အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် အလေးထားရမယ့် အချက်တစ်ချက်ကို တင်ပြလိုပါတယ်။ ပထမအချက်အနေနဲ့ မထိရောက်မလုံလောက်တဲ့ ပညာရေးမူဝါဒများ(Inappropriate or Inadequate Education Policy) ဖြစ်ပါတယ်။ ဒီအချက်နှင့်

ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံမှာ အဆိုရှင်တင်ပြခဲ့သလိုပဲ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အမျိုးသားပညာရေးဥပဒေမှာ ပညာရေးဆိုင်ရာမူဝါဒတွေကို ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အမျိုးသား ပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုကော်မတီ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ အစရှိတဲ့ကော်မတီ/ကော်မရှင်တွေကိုလည်း အမျိုးသား ပညာရေးဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ရန်လိုအပ်မှာဖြစ်ပါတယ်။ အခြေခံပညာရေးဥပဒေနှင့် အခြားသော ပညာရေးဆိုင်ရာဆက်စပ်ဥပဒေများကိုလည်း ဆက်လက်ပြဋ္ဌာန်းပေးရန်လိုအပ်မှာ ဖြစ်ကြောင်းအကြံပြုတင်ပြအပ်ပါတယ်။ နောက်တစ်ချက်ကတော့ ဆရာဆရာမများအပိုင်း Teaching Force ဖြစ်ပါတယ်။ ဒီအချက်နှင့်ပတ်သက်လို့ ဆရာဆရာမတွေရဲ့အတွေ့အကြုံ၊ အရည်အသွေးပိုင်း ဆိုင်ရာတွေအပြင် ဆရာဆရာမတွေရဲ့စိတ်ဓာတ်ပိုင်းဆိုင်ရာတက်ကြွမှု၊ လူမှုစီးပွားဘဝအခြေအနေ စတာတွေပါဝင်ပါတယ်။ ဒါ့အပြင် သင်ရိုးညွှန်းတမ်းများ၊ သင်ထောက်ကူနှင့်သင်ကြားရေးဆိုင်ရာ အခြေခံအဆောက်အဦများ၊ ကျောင်းနေနှုန်း၊ ကျောင်းကျန်းမာရေးအခြေအနေ၊ နိုင်ငံသားတွေရဲ့ လူမှု စီးပွားဘဝနှင့်ပညာရေးအပေါ်ခံယူချက်များ၊ နိုင်ငံရဲ့ပထဝီဝင်အနေအထားနှင့် လမ်းပန်းဆက်သွယ် ရေး၊ တိုင်းရင်းသားလူမျိုးများနှင့်ဘာသာစကားများအခြေအနေ၊ မသန်စွမ်းကလေးငယ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့်လက်နက်ကိုင် ပဋိပက္ခများအခြေအနေစတဲ့ အချက်တွေပေါ်မှာ မူတည်ပြီး အားလုံးကိုအတတ်နိုင်ဆုံး လွှမ်းခြုံနိုင်ဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ Assess Quality, Efficiency and Equity(AQE) Concert တစ်ခုကိုလည်း အလျဉ်းသင့်လို့ တင်ပြလိုပါ တယ်။ AQE Concept အရ Equity ဟာ Power Point မှာ တင်ပြထားတဲ့အတိုင်းပဲ အရေးပါတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အထက်မှာ တင်ပြခဲ့ပြီးဖြစ်တဲ့ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းတစ်ခု အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ အလေးထားရမယ့်အချက်တွေဟာ ကျွန်တော်တို့ နိုင်ငံမှာ ဖြစ်ပေါ်သက်ရောက်လျက်ရှိနေပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီအချက်တွေအပေါ်မှာ Equity ရရှိအောင် တတ်နိုင်သမျှဆောင်ရွက်မှ ပညာရေးကဏ္ဍမှာ အောင်မြင်မှုရရှိနိုင်မယ်လို့ ယူဆမိပါတယ်။ မပြည့်မစုံနဲ့ လိုအပ်ချက်တွေရှိတဲ့ ဒေသတွေ၊ ကဏ္ဍတွေမှာ Equity ရရှိအောင် ပိုမိုဆောင်ရွက်ပေးခြင်းအားဖြင့် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းစနစ်ဟာလည်း ပိုမိုထိရောက် အောင်မြင်လာမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံအပါအဝင် နိုင်ငံအများ စုမှာ ကျင့်သုံးဆောင်ရွက်နေကြတဲ့ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းစနစ်များနှင့်ပတ်သက်လို့လည်း

အကျဉ်းမျှတင်ပြလိုပါတယ်။ ထိရောက်တဲ့ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းတစ်ခုဖြစ်ဖို့အတွက် Type of Assessment Activity နဲ့ Quality of Assessment Activity အပိုင်းနှစ်ပိုင်းလိုအပ်ကြောင်း လေ့လာသိရှိရပါတယ်။ Type of Assessment မှာ Classroom Assessment ၊ Examination နဲ့ Lab Skill Assessment တွေပါဝင်ပါတယ်။ လက်တွေ့ကျင်သုံးကြရမှာတော့ နိုင်ငံအလိုက် ကွဲပြားမှု ရှိကြပါတယ်။ ဖင်လန်နိုင်ငံမှာ Classroom Assessment ကို အသားပေးပြီးတော့ တရုတ်မှာ Examination System ကို အလေးပေးဆောင်ရွက်ပါတယ်။ စင်ကာပူနိုင်ငံမှာတော့ Examination System ကိုအလေးပေးပေမယ်လို့ Classroom Assessment ရဲ့ Ask Learning ၊ For Learning အတွက် ကျောင်းသားကျောင်းသူတွေ အလွယ်တကူလေ့လာနိုင်ဖို့ ပညာရေးဆိုင်ရာလေ့လာဖွယ် အခြေခံအဆောက်အအုံတွေကို နိုင်ငံနဲ့အဝှမ်း ဖန်တီးတည်ဆောက်ပေးထားတာကို တွေ့ရှိရပါတယ်။ Lab Skill Assessment မှာတော့ International ၊ Regional ၊ National Level အထိ အရည် အသွေးစစ်ဆေးမှု အကဲဖြတ်မှုတွေ ပါဝင်ပါတယ်။ အများအားဖြင့် နိုင်ငံအများစုကတော့ ပညာရည် စစ်ဆေးအကဲဖြတ်ရာမှာ အထက်ပါအရည်အသွေးစစ်ဆေးတိုင်းတာမှုပုံစံတွေကို ပေါင်းစပ်ကျင့်သုံးကြ တာကို တွေ့ရှိရပါတယ်။ မိမိတို့နိုင်ငံမှာလည်း ကျောင်းသားဗဟိုပြုသင်ကြားနည်းစနစ် (CCA) နဲ့ ကျောင်းသားဗဟိုပြု စစ်ဆေးတိုင်းတာအကဲဖြတ်နည်းများကို ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA) နဲ့ ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး ၂၀၁၄ ခုနှစ်က စတင် အကောင်အထည်ဖော်လျက်ရှိပါတယ်။ ဒါ့အပြင် စတုတ္ထတန်း၊ အဋ္ဌမတန်း၊ တက္ကသိုလ်ဝင်တန်းတွေကို National Level အဆင့်စာမေးပွဲတွေ ကျင်းပပြီးတော့ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်း ဆောင်ရွက် လျက်ရှိပါတယ်။

Quality of Assessment Activity အပိုင်းမှာတော့ ပထမအချက်အနေနဲ့ Legislative or Policy Frame Work နဲ့ Educational Budget အပိုင်းတွေပါဝင်ပါမယ်။ ဒါတွေကို ခေတ်နဲ့အညီ Review လုပ်နေဖို့လိုအပ်မှာလည်း ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ မိမိတို့ချမှတ်လိုက်တဲ့ စနစ်တွေ၊ မူဝါဒတွေဟာ ပညာရေးစနစ်ကြီးတစ်ခုလုံးမှာပါတဲ့ အခြားကဏ္ဍတွေနဲ့ကိုက်ညီပြီးတော့ ချိတ်ဆက်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကို System Alignment လို့ခေါ်ပါတယ်။ နောက်ဆုံး တစ်ချက်ကတော့ ကျောင်းသားကျောင်းသူတွေရဲ့ Analysis၊ Interpretation ၊ Respond ၊ Critical Thinking Skill တွေအပြင် တိုင်းပြည်အတွက် အမျိုးသားပညာရေးရည်မှန်းချက်(National Education Goal)နဲ့ ထိရောက်တဲ့ရလဒ်(Effective Outcome)တွေရရှိနိုင်စေမယ့် Assessment

Quality ဖြစ်ပါတယ်။ ဘယ် Assessment စနစ်ကိုပဲသုံးသုံး ကျွန်တော်တို့ Reliability နဲ့ Validity ရှိနေဖို့လိုအပ်မှာဖြစ်ကြောင်းကိုလည်း အကြံပြုတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံရဲ့ ပညာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပညာရှင်များရဲ့အကူအညီတွေရယူပြီး အမျိုးသားပညာရေးမြင့်မားဖို့ ခေတ်အဆက်ဆက်ကြိုးပမ်းဆောင်ရွက်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ Basic Education ရဲ့ Output ဟာ Vocational နဲ့ Higher Education အတွက် Input ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ ပညာရေးအဆင့်အတန်းမြင့်မားပါမှ နိုင်ငံသူနိုင်ငံသားတွေရဲ့ လူမှုစီးပွားဘဝ၊ ကိုယ်ကျင့်တရား၊ အတွေးအခေါ်၊ တီထွင်ကြံဆမှုတွေမြင့်မားပြီး ပညာကိုအခြေခံတဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာမှာဖြစ်တယ်လို့ မိမိအနေနဲ့ ယုံကြည်တဲ့အတွက် ဒေါက်တာလှမိုးရဲ့အဆိုကို အပြည့်အဝ ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဖြိုးဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ကတော့ အဆိုရှင် ဒေါက်တာလှမိုးရဲ့ အဆိုပေါ်မှာ အကြံပြုဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးစနစ်နိမ့်ကျနေမှုအပေါ်မှာ အပြည့်အဝနဲ့ ဝေဖန်မှုများစွာရှိပါတယ်။ ဒီဟာတွေထဲမှာ သုံးသပ်ကြည့်မယ်ဆိုရင်တော့ အရည်အသွေးနဲ့ စံချိန်စံညွှန်းပိုင်းဆိုင်ရာကိစ္စရပ်တွေ၊ သင်ကြားမှုစနစ်၊ နောက်ပြီးတော့ သင်ကြားမှုချဉ်းကပ်တဲ့ပုံစံ၊ စစ်ဆေးအကဲဖြတ်မှု ဒီဟာတွေအပေါ်မှာတော့ ပိုမိုစိတ်ဝင်တစားနဲ့ ဆွေးနွေးကြတယ်ဆိုတာကို ကျွန်တော်တို့အနေနဲ့ တွေ့ရှိရပါတယ်။ သင်ကြားရေးစနစ်အနေနဲ့ ပြောရမယ်ဆိုလို့ရှိရင်တော့ Formal Education, Non Formal Education, Alternative Education အစရှိသဖြင့် ဒီလိုပုံစံမျိုးတွေရှိသလို သင်ကြားမှုကို ချဉ်းကပ်တဲ့ပုံစံမှာကျတော့ TCA၊ ထိုမှတစ်ဆင့် CCA၊ နောက်ပိုင်းကျတော့ Knowledge Centre Approach အခုဆိုလို့ရှိရင်တော့ နောက်ဆုံးအနေနဲ့ဆိုရင် စဉ်ဆက်မပြတ် သင်ယူသင်ကြားမှုကို အထောက်အပံ့ဖြစ်စေနိုင်တယ်ဆိုတဲ့ Learning Center Approach ဆိုတဲ့ LCA စသဖြင့် အဆင့်ဆင့်ပြောင်းလဲလာတာတွေကိုလည်း တွေ့ရှိရပါတယ်။ စစ်ဆေးအကဲဖြတ်မှုမှာဆိုရင်တော့ Formative Assessment, Summative Assessment, Interim Assessment အစရှိသဖြင့် စစ်ဆေးအကဲဖြတ်မှုပုံစံတွေပေါင်းစုံ ကျင့်သုံးကြတာကိုလည်း တွေ့ရှိရပါ

တယ်။ ကျွန်တော့်အနေနဲ့ ဒါတွေကိုတင်ပြရခြင်းဟာ ပညာရေးမှာ ဘယ်စံ၊ ဘယ်ပုံစံ၊ ဘယ်စနစ်၊ ဘယ်အညွှန်းကတော့ ပိုပြီးသာတယ်၊ ပိုပြီးကောင်းတယ်ဆိုတာမျိုး မရှိပါဘူး။ ပညာရေးရည်မှန်းချက်တွေအပေါ်မှာ မူတည်ပြီးသွားတော့မှ လိုအပ်ချက်တွေအလိုက် သင့်လျော်တဲ့နည်းလမ်းတွေနဲ့ ကျင့်သုံးအသုံးပြုကြတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ တင်ပြလိုခြင်းပါ။ ဥပမာအားဖြင့်ပြောရမယ်ဆိုရင်တော့ ဒီနေ့ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနေကြတဲ့ အလွတ်ကျက်တဲ့ကိစ္စ Rote Learning ကိစ္စပေါ့ဗျာ။ ဒီဟာမှာဆိုလို့ရှိရင်လည်း ဆိုးမွေတွေရှိတယ်ဆိုတာကိုလည်းလက်ခံပေမယ့် ကောင်းကွက်တွေလည်းရှိသေးတယ်ဆိုတာကိုတော့ မမေ့သင့်ပါဘူး။ ဥပမာအားဖြင့် ကျွန်တော်တို့တွေသည် အချို့ကိစ္စရပ်တွေ မျက်စိထဲမှာမြင်အောင်ပြောပြရမယ်ဆိုလို့ရှိရင် သင်္ချာဆိုင်ရာ Equation တွေ ဒီလိုဟာမျိုးတွေဆိုလို့ရှိရင်တော့ အလွတ်မကျက်လို့မရပါဘူး။ ကျက်ရတဲ့ကိစ္စရပ်တွေရှိပါတယ်။ ကျွန်တော် ပထမပိုင်းမှာ တင်ပြသလိုပါပဲ လိုအပ်တဲ့လိုအပ်ချက်အပေါ်မှာ မူတည်ပြီးသွားတော့မှ သင့်တော်တဲ့နည်းလမ်းတွေကို အသုံးပြုဖို့ကသာလျှင် အဓိကရည်ရွယ်ရင်းနဲ့ အရေးပါတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ နောက်တစ်ချက်အနေနဲ့ တင်ပြချင်တာကတော့ စစ်ဆေးအကဲဖြတ်မှု(Assessment) ကိစ္စတွေပါပဲ။ ဒီဟာမှာဆိုရင် စာမေးပွဲစစ်ဆေးအကဲဖြတ်မှု Summative Assessment တွေနဲ့ ပတ်သက်ပြီးသွားတော့ ဒီဟာသည် မသင့်တော်ဘူးလို့ပြောဆိုနေကြတဲ့ ကိုယ်စားလှယ်တွေလည်း ရှိပါတယ်။ ကျွန်တော့်ဘက်ကနေပြီးတော့ ပြန်လည်တင်ပြလိုတာကတော့ ဒီဟာသည်လည်း သူ့အလိုက်သူ့အထာနဲ့သူ လိုအပ်တဲ့ Assessment တစ်ခုလို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတကာမှာလည်း အခုအချိန်အထိ Summative Assessment တွေကိုလည်း ကျင့်သုံးနေဆဲပဲဖြစ်ပါတယ်။ ခုနက National Level Exam တွေလို့ ပြောလို့ရတဲ့ Standardize Test တွေ၊ ဒီဟာတွေဆိုလို့ရှိရင် Summative Exam တွေ၊ Summative Assessment တွေနဲ့ပဲ ကျင့်သုံးလေ့ရှိပါတယ်။ ဥပမာအားဖြင့် ပြောရမယ်ဆိုလို့ရှိရင်တော့ အမေရိကမှာဆိုရင် ISEE၊ နောက်ပြီး နာမည်ကြီး SAT၊ UK မှာဆိုလို့ရှိရင်တော့ GCE အစရှိသဖြင့် ဒါတွေကလည်း Summative Assessment တွေနဲ့ပဲ စစ်သွားတာပါ။ ဒါပေမဲ့ ကျွန်တော် တို့နိုင်ငံမှာကတော့ ဒါကျက်၊ ဒါဖြေ ဒီလိုအမှတ်ပေးဆိုပြီးသွားတော့ ဖြစ်ပေါ်နေရခြင်းသည် Summative Assessment ဆိုတဲ့ စစ်ဆေးအကဲဖြတ်မှုစနစ်ရဲ့ အားနည်းချက်ကြောင့်မဟုတ်ဘဲနဲ့ ဒီဟာတွေကို လက်တွေ့ကျင့်သုံးတဲ့နေရာမှာ အလွယ်နည်းလိုက်ခဲ့တဲ့ စံလွဲမှုတွေကြောင့် ဖြစ်တယ်လို့ပဲ သုံးသပ်လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မေးခွန်းတစ်ခုကိုထုတ်တဲ့နေရာမှာ ခုနက တပ်မတော်သားကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အထဲမှာ

လည်းပါပါတယ်။ အဓိကအခြေခံအချက်နှစ်ချက်ဖြစ်တဲ့ Validity နဲ့ Reliability ဒီအချက်နှစ်ချက် အားနည်းခြင်းရဲ့အကျိုးဆက်ကြောင့်သာလျှင် ဒါကျက်၊ ဒါဖြေ ဒီလိုအမှတ်ပေးဆိုတဲ့စနစ်တွေ ဖြစ်ပေါ် နေရတာပါ။ ဒီအချက်တွေကို ကျွန်တော်တို့တွေ ပြင်ဆင်လိုက်နိုင်မယ်၊ ပြောင်းလဲလိုက်နိုင်မယ်ဆို ရင်တော့ အင်မတန်မှ ကောင်းမွန်တဲ့ပညာရေးစနစ်တစ်ခုလည်း ဖြစ်လာလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ခြုံငုံပြီးတော့ သုံးသပ်ရမယ်ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံရဲ့ပညာရေးစနစ်ဟာ ပြောင်းလဲဖို့ လိုအပ်နေပြီ၊ ပြုပြင်ပြောင်းလဲဖို့လည်း အချိန်ကျနေပြီဆိုတဲ့ကိစ္စရပ်ပေါ်မှာတော့ ဘယ်သူမှအငြင်းပွားမှုမရှိဘဲနဲ့ ဘုံသဘောတူညီလိမ့်မယ်လို့ ကျွန်တော်တို့တွေ ယူဆရပါတယ်။ ဒီဟာဆိုလို့ရှိရင်တော့ ကျွန်တော်တို့က တည်ဆဲဥပဒေအရ ပညာရေးဆိုင်ရာမူဝါဒတွေချမှတ်နိုင်ဖို့ အတွက်ဆိုရင် အမျိုးသားပညာရေးမူဝါဒကော်မရှင် အမြန်ဆုံးပေါ်ထွက်လာဖို့ လိုပါတယ်။ ဒီကော်မရှင်ကနေမှတစ်ဆင့် ပညာရေးမူဝါဒတွေချမှတ်ပြီးသွားတော့မှ အဆိုရှင် ဒေါက်တာလှမိုး တင်သွင်းခဲ့တဲ့ သင်ကြားသင်ယူမှု ပညာရည်စစ်ဆေးတိုင်းတာအကဲဖြတ်နိုင်ရေးဆိုတဲ့ ဒီကိစ္စတွေ ဆောင်ရွက်နိုင်ဖို့ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီအစရှိတဲ့ အဆင့်ဆင့်သောကော်မတီတွေ ဆက်ပြီးတော့ ဖွဲ့စည်းသွားဖို့လည်း လိုအပ်ပါတယ်။ အဲဒီလိုမျိုးဖွဲ့စည်းသွားတဲ့ ကော်မရှင်၊ ကော်မတီကနေပြီးတော့ မှတစ်ဆင့် မူဝါဒတွေ၊ လမ်းညွှန်ချက်တွေကို ပညာရေးဝန်ကြီးဌာနက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာပါ။ ပညာရေးဝန်ကြီးဌာနသည် Implemental အနေနဲ့သာ ရှိပါလိမ့်မယ်။ မူဝါဒတွေချမှတ်ဖို့အတွက်ဆိုရင်တော့ အမျိုးသားပညာရေးမူဝါဒကော်မရှင်ရဲ့အခန်းကဏ္ဍကတော့ အင်မတန်မှအရေးကြီးတယ်လို့ ပြောချင်ပါတယ်။ အချုပ်အားဖြင့်ဆိုရမယ်ဆိုရင် အဘက်ဘက်ကနေ နိမ့်ကျနေတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ပညာရေးစနစ်ကြီးကို မြှင့်တင်နိုင်ဖို့အတွက် ပညာရေးဝန်ကြီးဌာန အပါအဝင်ဖြစ်တဲ့ အစိုးရရယ်၊ လွှတ်တော်၊ နောက်ပြီး ဥပဒေအရပေါ်ပေါက်လာမယ့် အမျိုးသား ပညာရေးမူဝါဒကော်မရှင် ဒီသုံးဦး သုံးဖလှယ်တွေဟာ အားလုံးဝိုင်းဝန်းပူးပေါင်းကြိုးပမ်းကြတော့မှ သာ ပညာရေးစနစ်က မြင့်မားလာမှာဖြစ်ပြီး အဆိုရှင်တင်သွင်းတဲ့အကဲဖြတ်မှုပုံစံတွေနဲ့ မူဝါဒတွေ ချမှတ်နိုင်ဖို့အတွက် အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုး ညွှန်းတမ်းကော်မတီနဲ့ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီတို့ကို အမြန်ဆုံး ဖွဲ့စည်းသင့်ပါကြောင်း တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါက်တာလှမိုးရဲ့ အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျေးလက်နဲ့မြို့ပြ ပညာရေးကွာဟချက်၊ ပညာရေးဝန်ထမ်းတွေရဲ့ အကျင့်ပျက်ခြစားမှုမရှိအောင် လိုအပ်တယ်ဆိုတဲ့ အချက်တွေကို ဖြည့်စွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံပညာရေးနဲ့ပတ်သက်ပြီး အခြေခံအဆင့်မှာရော၊ အဆင့်မြင့်အဆင့်မှာပါ အားမရစရာတွေ၊ မှားယွင်းမှုတွေရှိနေလို့ ပညာရေးအဆင့် အလွန်နိမ့်ကျနေပါတယ်။ ဒေါက်တာလှမိုးကတော့ အခြေခံပညာအဆင့်မှာ သင်ကြားသင်ယူမှုနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနကို တိုက်တွန်းထားတဲ့အဆိုဖြစ်ပါတယ်။ ကျွန်တော်တို့ တက္ကသိုလ်ကို ၁၉၆၄ ခုနှစ်လောက်မှာ ရောက်ပါတယ်။ အဲဒီအချိန်ကပဲစပြီးတော့ စမ်းသပ်ပြောင်းလဲလာတာ အခုအချိန်အထိ နိုင်ငံတကာ ပညာရေးအဆင့်ကိုမမီဘဲ ရှိနေပါတယ်။ နိမ့်ကျမြဲ နိမ့်ကျနေပါတယ်။ ကျေးလက်နဲ့မြို့ပြပညာရေးဟာ အင်မတန်ကွာဟပြီးတော့ ကျေးလက်မှာဆိုရင် ပညာရေးအခြေအနေတွေဟာ အဆိုးဆုံးအခြေအနေ ဖြစ်ပါတယ်။ နိုင်ငံတော်နဲ့နိုင်ငံသားများအတွက် မှန်ကန်တဲ့ပညာရေးများချမှတ်ပြီး ခိုင်ခိုင်မာမာ ကျင့်သုံးအကောင်အထည်ဖော်ဖို့လည်း အမှန်တကယ်လိုအပ်နေပါတယ်။ ဒီလိုလုပ်ဆောင်ရမှာက အခြေခံပညာအဆင့်မှာသာ မဟုတ်ပါဘူး။ ပညာသင်ကြားသင်ယူမှုအဆင့်တိုင်းမှာ လိုအပ်ပါတယ်။ ကျွန်တော့်ရှေ့က ဆွေးနွေးသွားကြတဲ့ ကိုယ်စားလှယ်တော်ကြီးတွေကလည်း ဒါနဲ့ပတ်သက်ပြီးတော့ အကြံပြုဆွေးနွေးမှုတွေ အများကြီးဆွေးနွေးသွားကြပြီး ဖြစ်ပါတယ်။ ကျေးလက်နဲ့မြို့ပြပညာရေးဟာ ဘယ်လိုကောင်းမွန်တဲ့နည်းလမ်းတွေကို ကျင့်သုံးပြီးတော့ ဖြေရှင်းမလဲဆိုတာ သိပ်အရေးကြီးပါတယ်။ ဆရာဆရာမများနဲ့ ပညာရေးမှူး၊ ပညာရေးဝန်ထမ်းများ အကျင့်ပျက်ခြစားမှုမရှိအောင် ဘယ်လိုလုပ်ကိုင်မလဲဆိုတာလည်း သိပ်ပြီးတော့အရေးကြီးပါတယ်။ ပညာရေးဝန်ကြီးဌာနက ဒီကိစ္စတွေကို မှန်ကန်စွာဖြေရှင်းဖို့ လိုအပ်ပါတယ်။ ဘယ်လိုအစီအမံတွေနဲ့ ဘယ်လိုလုပ်မလဲဆိုတာ အရေးကြီးပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ အမျိုးသားပညာရေးဥပဒေပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ အဲဒီဥပဒေပုဒ်မ ၄ မှာ အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူတွေကို ပြဋ္ဌာန်းထားပါ တယ်။ အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်တွေကို ထိရောက်အောင်မြင်စွာ အကောင်အထည် ဖော်ဖို့အတွက် အမျိုးသားပညာရေးကော်မရှင်ကို ဖွဲ့စည်းဖို့ ပုဒ်မ ၅ မှာ ပြဋ္ဌာန်းထားပါတယ်။ အမျိုးသားပညာရေး ကော်မရှင်ရဲ့တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေအနက်က အဓိကအချက်တွေကို ပုဒ်မ ၆ နဲ့ ပုဒ်မ ၇ မှာ ပြဋ္ဌာန်းထားပါတယ်။ ဒီလိုပဲ ပညာရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနတွေက လုပ်ကိုင်ရမယ့် အဓိကတာဝန်နဲ့ လုပ်ပိုင်ခွင့်တွေကိုလည်း ပုဒ်မ ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀နဲ့ ၆၁ တို့မှာ ပြဋ္ဌာန်းထားပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြဋ္ဌာန်းပြီးသားဖြစ်တဲ့ အမျိုးသားပညာရေးဥပဒေအရ အမျိုးသားပညာရေးကော်မရှင်ကို ဖွဲ့စည်းရမှာဖြစ်ပါတယ်။ အခု ကျွန်တော်တို့မှာ အမျိုးသားပညာရေး ကော်မရှင် မရှိသေးသည့်အတွက်ကြောင့် အခက်အခဲတစ်ခု ကြုံနိုင်ပါတယ်။ ကော်မရှင်နဲ့ပတ်သက်တဲ့ ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(က)ဆိုလို့ရှိရင် (က)ရယ်၊ (ဂ)ရယ်၊ (ဃ)ရယ်၊ (စ)ရယ်တို့မှာ ကော်မရှင်ရဲ့ လုပ်ရမယ့်မူဝါဒတွေအပိုင်းကို ပြဋ္ဌာန်းထားပါတယ်။ ထို့အတူပဲ အဲဒီ ဥပဒေပုဒ်မ ၅၈ ပုဒ်မခွဲ(က)မှာ ပညာရေးဝန်ကြီးဌာနက လုပ်ကိုင်ခွင့်ရထားတဲ့ ပညာရေးဝန်ကြီးဌာနကို လုပ်ကိုင်ခွင့်ပေးထားတဲ့ မူဝါဒ တွေချမှတ်ဖို့ ဖော်ပြထားတာပါရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဒေါက်တာလှမိုး တင်သွင်းတဲ့ အဆိုမှာ နိုင်ငံတော်၏ချမှတ်ထားသော ပညာရေးမူဝါဒနှင့် ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အထောက်အပံ့ဖြစ်စေသော အခြေခံပညာအဆင့် သင်ကြားမှု၊ သင်ယူမှု၊ ပညာရည်စစ်ဆေးတိုင်းတာခြင်း အကဲဖြတ်မှုပုံစံအတွက် မှန်ကန်သောမူဝါဒတစ်ရပ်ချမှတ်ပေးရန်လို့ ဖော်ပြပါရှိတာ တွေ့ရပါတယ်။ ဒီမူဝါဒချမှတ်မယ့် လုပ်ပိုင်ခွင့်ဟာ ကော်မရှင်မှာ ပါတဲ့လုပ်ပိုင်ခွင့်လား၊ ပညာရေးဝန်ကြီးဌာနမှာ ရရှိထားတဲ့လုပ်ပိုင်ခွင့်လား၊ ဒါကျွန်တော်တို့စဉ်းစားရမှာဖြစ်ပါတယ်။ ရှင်းရှင်းလင်းလင်းဖြစ်ဖို့လည်း လိုပါတယ်။ ကော်မရှင်ရဲ့လုပ်ပိုင်ခွင့်ဆိုရင်တော့ ကော်မရှင်ဖွဲ့ဖို့ အတွက် နိုင်ငံတော်အစိုးရကို တိုက်တွန်းရမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့လုပ်ပိုင်ခွင့်ဆိုရင်လည်း အစိုးရအဖွဲ့ရဲ့ အဆုံးအဖြတ်ပါရမှာဖြစ်တဲ့အတွက်ကြောင့် ပြည်ထောင်စုအစိုးရကို တိုက်တွန်းဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် အဆိုရှင်ဒေါက်တာလှမိုးတင်သွင်းတဲ့အဆိုသည် ကျွန်တော်တို့ နိုင်ငံအတွက် အင်မတန်အရေးကြီးပါတယ်။ လိုလည်းလိုအပ်ပါတယ်။ ဒါကြောင့် အဆိုကို အလေးအနက်ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး တင်သွင်းတဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးအဆင့် မြင့်မားမှုဟာ အဓိကအကြောင်းအရာတစ်ခုဖြစ်ပါတယ်။ ပညာရေးမြင့်မားမှုနှင့် ဆင်းရဲမှုလျှော့ချရေး သည် ဆက်စပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုတွင် ဆရာဆရာမ အင်အားသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေသည်ဖြစ်၍ မြန်မာနိုင်ငံရဲ့ပညာရေးပြုပြင် ပြောင်းလဲရေးကို ပိုမိုထိရောက်မြန်ဆန်စေရေးအတွက် ဆရာဆရာမများကလည်း လိုအပ်သည်များကို ကြိုတင်လေ့လာထားရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ပညာရေးစနစ်ကို ခေတ်အလိုက် အမျိုးမျိုး ပြောင်းလဲကျင့်သုံးနေတာကို တွေ့ရှိရပါတယ်။ ကိုလိုနီပညာရေး၊ စမ်းသပ်ပညာရေး၊ အလွတ်ကျက် ပညာရေး၊ ကျူရှင်ပညာရေးဖြစ်ပါတယ်။ ၁၉၅၄ ခုနှစ်တွင် တက္ကသိုလ်ပညာရေးစနစ်ဥပဒေကို ပြဋ္ဌာန်း ခဲ့ပါတယ်။ အမျိုးသားပညာရေးဥပဒေကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၄၁)ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ ဤဥပဒေတွင် အခန်းပေါင်း ၁၄ ခန်းနှင့် ပုဒ်မ ပေါင်း ၆၉ ခုပါဝင်ပါတယ်။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃၈)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ပုဒ်မခွဲ ၃၆ ခု ပါဝင်ကြောင်း တွေ့ရပါတယ်။ သို့သော် အချို့ပုဒ်မများသည် ပြန်လည်စိစစ်ပြုပြင်ရန်လိုအပ်မည့် ပုဒ်မများ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ပညာရေးပြုပြင်ပြောင်းလဲမှုတစ်ရပ်အနေဖြင့် အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ သက်မွေးပညာရေးကဏ္ဍများကို မဟာဗျူဟာစီမံကိန်းချမှတ်ပြီးသွားနေကြောင်း ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Center Review- CECR)တို့ကိုလည်း ပြည်တွင်းပြည်ပပညာရှင်များနှင့် ပညာရေးကဏ္ဍငါးနှစ် စီမံကိန်း(၂၀၁၆-၂၀၂၁)ကို ပြုစုထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ ပညာရေးကဏ္ဍသည် လက်တွေ့အသုံးချနေသော ကျွမ်းကျင်မှုပါသည့်ပညာရေးမျိုးဖြစ်ရန်လိုပါတယ်။ စင်ကာပူနိုင်ငံ

ပညာရေးသည် နိုင်ငံတကာကိုကျော်လွှားနိုင်တဲ့ ပညာရေးမဖြစ်ဖြစ်အောင်လုပ်နေသည့် ပညာရပ်ဆိုင်ရာလို့ခေါ်တဲ့ နိုင်ငံတကာလက်ခံထားတဲ့စနစ်စာမေးပွဲကို အောင်မှတ်ကောင်းကောင်းနဲ့ ရနိုင်ရေးကို အလေးပေးပါတယ်။ စင်ကာပူနိုင်ငံရဲ့ပညာရေးစနစ်သည် အမေရိကန်၊ အင်္ဂလန်တို့ကိုစောင့်ကြည့်ပြီးလိုက်ပြိုင်နေတဲ့ စမ်းသပ်တီထွင်ပညာရေးစနစ်ဖြစ်ပါတယ်။ သူတို့နိုင်ငံက ဆရာဆရာမတွေ လုပ်ဆောင်နေတဲ့လုပ်ငန်းဟာ တိုင်းပြည်အတွက် လွန်စွာအရေးပါတဲ့လုပ်ငန်းကြီးတစ်ခုလုပ်ဆောင်နေကြတယ်လို့ ခံယူသဘောထားတယ်။ လစာရလို့ ဝတ်ကျေတန်းကျေမလုပ်ဘူး။ ကျူရှင်သင်ပြီး ကြီးပွားချမ်းသာဖို့ အားထုတ်နေကြသူတွေမဟုတ်ဘူး။ သူတို့နိုင်ငံမှာ ပညာရေးနှင့်ပတ်သက်ပြီး ဘယ်လောက်ကောင်းအောင်လုပ်နေသလဲဆိုတဲ့ စောင့်ကြည့်ရေးအဖွဲ့ရှိပါတယ်။ ရလဒ်တွေနဲ့အဆုံးအဖြတ်ပေးတယ်။ ကောင်းရင်ကောင်းသလို ချီးမြှောက်တယ်။ ဆရာဆရာမများကလည်းကျောင်းစာတစ်ခုတည်းမကဘဲ ပေါင်းသင်းဆက်ဆံရေး၊ ဘာသာစကားစွမ်းရည်၊ လေ့လာသင်ယူမှုဆိုင်ရာစွမ်းရည်၊ အစုအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာစွမ်းရည်တွေ ပါဝင်သည့်ပညာရေးမျိုးဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာတွင် ဆရာဆရာမများနှင့် ကျောင်းသူကျောင်းသားများ၏ တစ်ဦးချင်းပူးပေါင်းပါဝင်မှု၊ နိုင်ငံ့ခေါင်းဆောင်များနှင့် အဖွဲ့အစည်း၊ အတွေးအခေါ်အယူအဆများနှင့် အဆုံးအဖြတ်သည် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်အလွန်အရေးကြီးကြောင်း တွေ့ရှိရပါတယ်။ ၁၉၄၇ ခုနှစ်၊ ပညာရေးပြန်လည်တည်ထောင်ရေးကော်မတီဥက္ကဋ္ဌ ဆရာထွန်းအောင်ကျော်က ပညာရေးကို နိုင်ငံတော်က အပြည့်အဝပံ့ပိုးပေးကာထိန်းချုပ်တဲ့စနစ်အား ဆောင်ရွက်သင့်ကြောင်းနှင့် အမျိုးအစားသုံးမျိုးကွဲနေသောကျောင်းများကိုစနစ်တစ်ခုအတွက် စုစည်းသင့်သည်ဟု အကြံပြုကြောင်းတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် ကလေးသူငယ်ငါးဦးတွင်တစ်ဦး ပညာသင်ခွင့်ဆုံးရှုံးနေသည်ဟု UNFPA ကထုတ်ပြန်ထားကြောင်းတွေ့ရှိရပါတယ်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အသက်(၁၈)နှစ်အောက် အခြေခံပညာမူလတန်းကျောင်း ကျောင်းသား ၅.၁ သန်းကျော်၊ အလယ်တန်းကျောင်းသား ၂.၇ သန်းကျော်နှင့် အထက်တန်းအဆင့် ရှစ်သိန်းကျော်နဲ့ ထက်ဝက်ကျော်မှာ ပြည်ပရောက်နေသောကြောင့် ၂၀၂၀ ခုနှစ်အထိ အမျိုးသားပညာရေးမဟာဗျူဟာငါးနှစ်စီမံကိန်း သက်မွေးပညာရေးကို ဦးစားပေးရေးဆွဲစီစဉ်ထားကြောင်း ယခင်ပညာရေးဝန်ကြီးဌာန ဝန်ကြီးကပြောကြားခဲ့ပါတယ်။ မြန်မာနိုင်ငံတွင် အခြေခံပညာမူဝါဒအရ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းအုပ်ဆရာကြီးတစ်ဦး၊ ဆရာဆရာမခြောက်ဦး၊ အထွေထွေလုပ်သားတစ်ဦးရှိရမည်ဖြစ်သော်လည်း အချို့

ကျောင်းများတွင်ပြည့်စုံမှုမရှိပါ။ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအထိ အခြေခံပညာမူလတန်းကျောင်းပေါင်း ၄၅၃၇၈ ကျောင်းရှိပြီး ဆရာဆရာမပေါင်း ၃၃၁၆၁၉ ဦးနှင့် ကျောင်းသားကျောင်းသူပေါင်း ၈၈၅၃၄၈၀ ဦးရှိကြောင်း တွေ့ရှိရပါတယ်။ ၂၀၀၂ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်တွင် အခြေခံပညာဦးစီးဌာန၊ UNICEF နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပူးပေါင်း၍ ကျောင်းပြင်ပပညာရေးစနစ်ကို စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် မြို့နယ်ပေါင်း ၉၄ မြို့နယ်၌ ကျောင်းပြင်ပရောက်ကျောင်းသားဦးရေ ၁၀၀၀၂၆၇ ဦးကို ပညာသင်ကြားပေးနိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံတွင်လည်း မှန်ကန်သောပညာရေးမူဝါဒချမှတ်ကာ ပြည့်စုံလုံလောက်သောပညာရေးကတိများ ချမှတ်ပေးရမည်ဖြစ်ပါတယ်။ သို့မှသာ ကျွမ်းကျင်ပညာရေးဝန်ထမ်းမွေးထုတ်မှုကိုအချိန်တိုအတွင်း တိုးတက်လာစေမယ့်အပြင် ဖွံ့ဖြိုးတိုးတက်မှု၏အသီးအပွင့်များကိုလည်း ရရှိခံစားနိုင်မည်ဖြစ်ပါတယ်။ မူလတန်းပညာသင်ယူရန်ခက်ခဲသော မသန်စွမ်းကလေးများ၊ ဆင်းရဲနွမ်းပါးသောကလေးများ၊ ဝေးလံသောအရပ်ဒေသရှိကလေးများအတွက် ပညာသင်စရိတ်ပေးပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားသည့် ပညာရေးစနစ်ဖော်ဆောင်သွားရန် အလွန်အရေးကြီးကြောင်း တွေ့ရှိရပါတယ်။ နိဂုံးချုပ်အနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးတင်သွင်းသည့်အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး ၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ အောင်မြေသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးရဲ့အဆိုနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကြံပြုဆွေးနွေးခဲ့သော လွှတ်တော်ကိုယ်စားလှယ်များအားလုံးက ပညာရေးနှင့်ပတ်သက်၍ Access သင်ယူမှုအခွင့်အလမ်း၊ Inclusive အားလုံးအကျုံးဝင်မှု၊ Equity သာတူညီမျှ မျှတမှု၊ Quality အရည်အသွေးရှိမှု၊ Life Long တစ်သက်တာဖြစ်ရေး၊ Education နှင့်ပတ်သက်ပြီးတော့မှ ပြည်သူများရဲ့အကျိုးအတွက် ရှေးရှုပြီးတော့မှ တင်ပြဆွေးနွေးခဲ့တဲ့အတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပထမဦးစွာ တင်ပြအပ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးခဲ့တဲ့ ဆွေးနွေးချက်အတော်များများသည် ပညာရေးဝန်ကြီး ဌာနမှ ယခု ၂၀၁၆ ခုနှစ် မေလမှ ဩဂုတ်လဆန်းအထိ ကျင်းပဆောင်ရွက်ခဲ့တဲ့ Higher Education Forum, Alternative Education Forum, TVET Forum, Basic Education Forum, Teachers Education Forum တွေမှာ ဒီအကြောင်းအရာ တော်တော်များများကို ကျွန်တော်တို့အနေနဲ့ ဆွေးနွေးခဲ့ကြောင်းတင်ပြလိုပါတယ်။ ပညာရေးအရည်အသွေးမြင့်မားလာစေရေးအတွက် ပညာရေး ဝန်ကြီးဌာနအနေနဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုများဖြင့် ထိထိရောက်ရောက်ပွင့်လင်းမြင်သာစွာ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အမျိုးသားပညာရေး ဥပဒေအရ ယခင်သူငယ်တန်း(Grade 1)မှ ဒသမတန်း(Grade 11)အထိ သင်ကြားခဲ့ရာမှ ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ အခြေခံပညာရေးမှာ KG +12 စနစ်ကို စတင်ပြောင်းလဲပြီး KG တန်းကို သင်ရိုးညွှန်းတမ်းအသစ်ဖြင့် စတင်ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်ပါတယ်။ ဒါ့အပြင် အခမဲ့ မသင်မနေရပညာရေးစနစ်ကိုလည်း အဆင့်ဆင့်တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါ တယ်။ ဒီလိုပြောင်းလဲကျင့်သုံးရာမှာ ပညာရေးစနစ်သစ်၊ သင်ရိုးညွှန်းတမ်းအသစ်နှင့် လိုက်လျော ညီထွေမှုရှိသော ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းများကိုလည်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အလွတ်ကျက်ဖြေဆိုနေသောစာမေးပွဲစနစ်၊ ဒါသင်၊ ဒါကျက်၊ ဒါမေး၊ ဒါဖြေစနစ် ကနေ ၂၁ ရာစု ကျွမ်းကျင်မှု(21 th Century Skill)တွေကို အခြေခံတဲ့ စစ်ဆေးအကဲဖြတ်ခြင်းစနစ်သို့ ပြုပြင်ပြောင်းလဲသွားရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် Every term Space Results ဖြစ်တဲ့ ဘက်စုံ လွှမ်းခြုံသော ပညာရေးကဏ္ဍလေ့လာရေး(Comprehensive Education Sector Review-CESR) အဆင့်(၂)တွင် အမျိုးသားပညာရေးစစ်ဆေးခြင်းဆိုင်ရာမူဝါဒတစ်ရပ်ကို ရေးဆွဲအကောင်အထည် ဖော်ရန် အကြံပြုတင်ပြခဲ့ပါတယ်။ ယင်းပညာရေးစစ်ဆေးခြင်းမူဝါဒ (Assessment Policy)တွင် ပညာရည်စစ်ဆေးခြင်းဆိုင်ရာမူဘောင်များ(Assessment Frameworks) ရေးဆွဲ သတ်မှတ်ခြင်း၊ သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း(Formative Assessment)နှင့် သင်ယူအပြီးစစ်ဆေးအကဲဖြတ်

ခြင်း(Summative Assessment)ပုံစံနှစ်မျိုးကို အချိုးကျကျပေါင်းစပ်ကျင့်သုံးရန် အဆိုပြုထားတဲ့အတွက် ကိုယ်စားလှယ်တစ်ဦး ဆွေးနွေးခဲ့တဲ့အတိုင်း National Education Strategic Plan မှာ ဒီလိုစနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ဖို့လို့အတွက် ဒါထည့်သွင်းရေးသားဖော်ပြပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Formative Assessment နှင့် Summative Assessment စစ်ဆေးခြင်းနှစ်မျိုးသည် သင်ယူမှုဦးတည်ချက်များ၊ သင်ယူမှုရလဒ်များနှင့် ဆီလျော်ကိုက်ညီရမည်ဖြစ်ပြီး အကြောင်းအရာအချက်အလက်ကို စစ်ဆေးခြင်းထက် နားလည်ကျွမ်းကျင်မှုကို အခြေခံသော Rote Leaning ကို အားမပေးသော စစ်ဆေးအကဲဖြတ်ခြင်းမျိုး ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြောင်းလဲချိန်တန်ပြီဖြစ်၍ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်မည့်လုပ်ငန်းများမှ နိုင်ငံသားတိုင်း အနည်းဆုံးမသင်မနေရ မူလတန်းပညာရေးကို တတ်မြောက်စေရန်နှင့် ဆက်လက်၍ အဆင့်ဆင့်တိုးမြှင့်သင်ယူခွင့်များရရှိရန် ပညာရည်စစ်ဆေးတိုင်းတာခြင်း အကဲဖြတ်မှုပုံစံတို့ကိုလည်း စနစ်တကျဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာကဏ္ဍတွင် ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း စုစုပေါင်း လွှတ်တော်ကို တင်ပြလိုပါတယ်။ ကျောင်းပေါင်း ၄၆၀၁၂ ရှိပါတယ်။ ဆရာဆရာမဦးရေ ၃၆၃၂၉၈ ဦး ရှိပါတယ်။ ဇွန်လစာရင်းအရ ကျောင်းသားကျောင်းသူ စုစုပေါင်း ၈၇၈၅၁၇၈ ဦး ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ မသင်မနေရပညာရေးစနစ်သဘောတရားအရ ကျောင်းသို့ဝင်ရောက်လာသည့်ကျောင်းသားများ အတန်းထပ်ကျော့နေရခြင်း(Repetition)၊ ကျောင်းထွက်သွားရခြင်း(School Dropout) နည်းပါးအောင်၊ လျော့နည်းအောင်၊ မရှိအောင်နှင့် သင်ယူတတ်မြောက်အောင်သင်ကြားပေးပြီး စစ်ဆေးအကဲဖြတ်၍ လိုအပ်ပါကဖြည့်ဆည်းသင်ကြားပေးနိုင်ခြင်း(Repeatable Education)၊ ပညာရေးအဟောသိကံဖြစ်မှုတွေက ရှောင်ရှားနိုင်အောင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့ သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းရလဒ်များအရ ပေါ်ထွက်လာမည့် ပညာရည်အားနည်းသော၊ အခက်အခဲရှိသော ကျောင်းသားကျောင်းသူများကို ဖြည့်ဆည်းသင်ကြားပေးရန်အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ သို့မှသာ သင်ယူပြီးစစ်ဆေးမှုတွေမှာ ရလဒ်ကောင်းတွေ ရလာမှာဖြစ်ပြီး၊ ကျောင်းသားကျောင်းသူများလည်း အမှန်တကယ်သင်ယူတတ်မြောက်နိုင်မှာ ဖြစ်ပါတယ်။ Grade Repetition များ၊ School Dropout များလျော့ကျပြီး School Enrollment Rate နှင့် School Transition Rate များကောင်းလာမှာ ဖြစ်ပါတယ်။

**မူကြမ်း**

မူလတန်းအရွယ်ကလေးတိုင်း ကျောင်းတွင်းမူလတန်းပညာရေးကို ပြီးဆုံးအောင်မြင်အောင် ဆောင်ရွက်ရန်နှင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိနေသည့် ကာယ၊ ဉာဏ၊ စွမ်းရည်အားနည်းသော ကလေးများ၊ ဝင်ငွေနည်းပါးတဲ့မိသားစုမှ ကလေးများ၊ ဝေးလံသော ဒေသများတွင်နေထိုင်သော ကလေးများအတွက် အလေးထားသည့် ပညာရေးအစီအစဉ်များ ဖော်ဆောင်ပေးရန်ဟူသော မူတို့အရ အခြေခံပညာရေးကဏ္ဍတွင် သင်ယူမှုအခွင့်အလမ်း(Access)မြှင့်တင်ရန်၊ သာတူညီမျှမှု(Equity)ရှိရန်၊ ကျောင်းနေအရွယ်ကလေးများအားလုံးအကျုံးဝင်နိုင်ရန်(Inclusive)အတွက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အခြေခံပညာကျောင်းပေါင်း ၃၃၁၂ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ခြင်းမှုများအား ဖြေလျှော့၍ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ပညာရေးအရည်အသွေးမြင့်မားရေးဦးတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ဆရာဆရာမများ၏ အရည်အသွေးမြင့်မားစေရေး၊ သင်ကြားသင်ယူမှုနည်းစနစ်များ(Teaching Leaning Methodology၊ သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ရေး(Curriculum Syllabus Development)၊ ကျောင်းများအတွက် သင်ထောက်ကူပစ္စည်းများ ပြည့်စုံစေရေး(Teaching Aids)၊ ဆရာ/ကျောင်းသားအချိုးနှင့် စာသင်ခန်း/ကျောင်းသားအချိုး မျှတစေရေး၊ ဆရာအရေအတွက်နည်းသောကျောင်းများ၌ ဆရာဆရာမများပြည့်မီစွာခန့်ထားခြင်းဖြင့် Multi Grade Teaching အတန်းတွဲ သင်ကြားခြင်း၊ သင်ကြားရမှုအခြေအနေများ လျော့ပါးစေရေး၊ ကျောင်းသားကျောင်းသူများ၏ စဉ်းစားတွေးခေါ်မှုကို အားပေးမြှင့်တင်သည့်မေးခွန်းများ ဖြစ်ပေါ်စေရေးစသည့် အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများကို ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့် ပညာရေးမြင့်မားရေးအတွက် ထိထိရောက်ရောက်ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ကြိုးပမ်းဆောင်ရွက်နေတာဖြစ်တဲ့အတွက် စမ်းသပ်ဆောင်ရွက်နေတာမဟုတ်ဘဲ ကျောင်းနေအရွယ်ကလေးအားလုံး အကျုံးဝင်ပါဝင်ရေး၊ ကျောင်းထွက်နှုန်းလျော့နည်းရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေး၊ ကြီးကြပ်အကဲဖြတ်ရေး၊ သင်ယူမှု အခွင့်အလမ်းတိုးမြှင့်ရေးတို့ကို ဦးတည်ဆောင်ရွက်နေတာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးပြုပြင်ပြောင်းလဲမှုများကို မိဘ၊ ဆရာ၊ ကျောင်းသားများ၊ ပြည်သူများ၊ လွှတ်တော်များနှင့် အစိုးရတို့ ညီညီညွတ်ညွတ်၊ ပွင့်လင်းမြင်သာစွာ ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်မှသာ ပညာရေးအရည်အသွေး(Quality Education)ပိုမို ကောင်းလာအောင် ပညာရေးစီမံကိန်းများနှင့် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မယ်ဆိုတာ အားလုံး

ယုံကြည်ကြမယ်လို့ ယုံကြည်ကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသား ပညာရေးဥပဒေအရ အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို ဖွဲ့စည်းနိုင်ရေးအတွက်လည်း စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါကော်မရှင်ဖွဲ့စည်းပြီးပါက ပညာရေးဆိုင်ရာမူဝါဒများကို ခိုင်ခိုင် မာမာနဲ့ ဆောင်ရွက်သွားနိုင်မှာဆိုတာ အားလုံးဆွေးနွေးသွားတဲ့အတိုင်းပဲ ဖြစ်ပါတယ်။ ဒါ့အပြင် အမျိုးသားပညာရေးမူဝါဒကော်မရှင်က အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အကဲဖြတ်ကော်မတီနှင့် လိုအပ်သောကော်မတီအဖွဲ့များကို ဆက်လက်ဖွဲ့စည်းပြီး ပညာရေးအရည် အသွေးမြင့်မားရေးအတွက် အမျိုးသားပညာရေးရည်မှန်းချက်များနှင့်အညီ အမျိုးသားမဟာဗျူဟာ စီမံကိန်း ၂၀၁၆-၂၀၁၇ ခုနှစ်မှာလည်း အကဲဖြတ်စစ်ဆေးခြင်းများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီး၏ အဆိုကိုမှတ်တမ်းတင်အဖြစ် ထားရှိပေးပါရန် တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ကျွန်တော်ရဲ့အဆိုနှင့်ပတ်သက်ပြီးတော့ မြန်မာပြည်အနှံ့အပြားမှာရှိတဲ့ ပြည်သူလူထုတွေရဲ့ကိုယ်စားလှယ်ဖြစ်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများက ပညာရေးသည် အရေးကြီးသော အခန်းကဏ္ဍမှာပါတယ်၊ လက်ရှိ ပညာရေးအခြေအနေသည် နိမ့်ကျနေတယ်၊ ပြုပြင်ပြောင်းလဲမှု လုပ်ဖို့လိုအပ်တယ်ဆိုတဲ့ ခံယူချက်နဲ့ အားလုံးဝိုင်းဝန်းဆွေးနွေးပေးကြတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဒါ့အပြင် ဒီနေ့ မြန်မာနိုင်ငံ ရဲ့ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် ဘာတွေ၊ ဘာတွေ လုပ်ဆောင်နေပါပြီဆိုတာကို လာရောက် ရှင်းလင်းပြောကြားပေးသော ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဆရာဒေါက်တာ မျိုးသိမ်းကြီးကိုလည်း အထူးပဲကျေးဇူးတင်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အဆိုတင်ရခြင်းရည်ရွယ်ချက်နှင့်ပတ်သက်ပြီးတော့ ဖော်ပြနိုင်ရန် Power Point သုံးစွဲခွင့်ပြုပါ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ဒီနေ့ တင်သွင်းရ တဲ့အဆိုနဲ့ပတ်သက်ပြီးတော့ တင်သွင်းရတဲ့ ရည်ရွယ်ချက်လေးခုရှိပါတယ်။ ပထမအချက်က ယခုလက်ရှိကျင့်သုံး အကောင်အထည်ဖော်နေတဲ့ ပညာရည်အကဲဖြတ်ခြင်းပုံစံဟာ ယနေ့နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြဋ္ဌာန်းပြီး အမျိုးသားပညာရေးဥပဒေပါ ပညာရေးရည်မှန်းချက်၊ ရည်ရွယ်ချက်များဖြစ်တဲ့ တွေးခေါ်မြော်မြင်မှုရှိသော ဗလငါးတန်ဖြင့် ပြည့်ဝသည့်နိုင်ငံသူနိုင်ငံသားများ

မွေးထုတ်ပေးရေး ရည်မှန်းချက်၊ ဦးတည်ချက်ကို အထောက်အပံ့မဖြစ်စေနိုင်သည့်အတွက်ကြောင့် အဆိုတင်သွင်းရခြင်းဖြစ်ပါတယ်။ ဒါပေမဲ့လည်း ပညာရေးပြည်ထောင်စုဝန်ကြီးက ပြုပြင်ပြောင်းလဲမှုတွေ စတင်ပြီးလုပ်ဆောင်နေပါပြီလို့ ပြောကြားတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ ဒုတိယအချက်ကတော့ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတော်အစိုးရက အခြေခံပညာရေးအဆင့်မှာ နိုင်ငံသူနိုင်ငံသားတိုင်း ကုန်ကျစရိတ်သက်သာစွာဖြင့် ခုနက ပြည်ထောင်စုဝန်ကြီးပြောသွားပါတယ်။ အခမဲ့ပညာရေးကို တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဖို့ရန် ဦးတည်နေပါတယ်။ ကုန်ကျစရိတ်သက်သာစွာဖြင့် အတန်းစဉ်ပြီးမြောက်အောင်မြင်စေခြင်း၊ စစ်မှန်သောပညာကိုတတ်မြောက်စေခြင်း ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေသော်လည်း ယနေ့ လက်ရှိကျင့်သုံးနေတဲ့ ပညာရည်အကဲဖြတ်ပုံစံကြောင့်မို့လို့ ယနေ့ မိဘတွေမှာ ပညာသင်ကြားရေးစရိတ် မြင့်မားစွာအသုံးပြုနေရတာ ဖြစ်ပါတယ်။ အားလုံးလက်တွေ့ မိဘတိုင်း၊ မိဘတိုင်း အားလုံးခံစား နေကြရပါတယ်။ ဒါကြောင့်မို့လို့ တချို့ဆိုလို့ရှိရင် ဒီအတွက်ကြောင့် ပညာသင်ကြားခြင်းနဲ့ဝေးရာဆီ Drop ဖြစ်သွားတဲ့ ကျောင်းသားကျောင်းသူပေါင်း မြောက်များစွာရှိတာကိုလည်း ခုနက ပညာရေးဝန်ကြီးကိုယ်တိုင် ပြောကြားသွားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေကို ကာကွယ်ဖို့ရန်အတွက် ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ဒါတွေကို Dropout ဖြစ်မှုတွေကိုလည်း အကောင်းဆုံး လုပ်ဆောင်နေပါပြီဆိုတဲ့အကြောင်းကိုလည်း ပညာရေးဝန်ကြီးဆီက သတင်းစကားကြားတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ တတိယအချက်ကတော့ မှန်ကန်သောမူဝါဒတစ်ခုကို ချမှတ်ဆောင်ရွက်ရန် အားထုတ်မှုနည်းပါးခြင်းပါ။ မှန်ကန်သောမူဝါဒ ခုနကပြောပါတယ်။ ရှေးအဆက်ဆက်မှာ ကျွန်တော်တို့တွေဟာ အစမ်းသပ်ခံနဲ့ တက်လာရတာဖြစ်ပါတယ်။ ဒါပေမဲ့ ခုနက ပညာရေးဝန်ကြီးကပြောသွားပါပြီ။ ဒီနေ့လုပ်နေတဲ့ ပညာရေးမူဝါဒဟာ စမ်းသပ်ခံကုသလုပ်တဲ့ပညာရေးမူဝါဒ မဟုတ်ပါဘူးဆိုတာကို ခိုင်ခိုင်မာမာပြောကြားသွားတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ဒီလိုမူဝါဒချမှတ်ပြီးရင်လည်း ကျွန်တော်တို့က ဆက်လက်တိုက်တွန်း လိုပါတယ်။ ခိုင်ခိုင်မာမာကျင့်သုံးဖို့ပါပဲ။ ပြီးဆုံးအောင်မြင်တဲ့အထိ ခိုင်ခိုင်မာမာမဆောင်ရွက်ခဲ့တဲ့ အတွက်ကြောင့်မို့ ပညာရေးအခြေအနေဟာ ဒီနေ့အချိန်အထိ ဒီလိုဖြစ်လာခြင်း ဖြစ်ပါတယ်။ ဒီရလဒ်ကို အဓိကခံစားရတာက မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ဆရာဆရာမတွေပါ။ ဆရာဆရာမတောင်မှ အစိုးရကျောင်းမှာ တာဝန်ယူနေရတဲ့ ဆရာဆရာမတွေ ဖြစ်ပါတယ်။ မူဝါဒအပြောင်းအလဲကြားမှာ သူတို့တွေဟာ အလူးအလိမ့်ခံနေရတာ ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ဆရာဆရာမတွေကို မိဘနဲ့ကျောင်းသားများက အယုံအကြည်နည်းလာပါတယ်။ မိဘနဲ့ဆရာဆရာမတွေအပေါ်မှာ

အယုံအကြည်နည်းလာခြင်းသည် အခြေခံပညာကျောင်းများရဲ့ ပုံရိပ်ကျဆင်းလာတာ။ ပုံရိပ်ကျဆင်းလား၊ မကျဆင်းလားဆိုရင် ဒီနေ့အခြေအနေတွေကြည့်ရင် သိသာနိုင်ပါတယ်။ ဒီနေ့အခြေခံပညာအစိုးရအထက်တန်းကျောင်းတွေက ဖယ်ခွာသွားတာတွေကို တစ်နေ့ထက်တစ်နေ့တိုးပွားလာတာ လက်တွေ့သက်သေပါ။ ဒါကြောင့်မို့လို့ ပညာအခြေခံတဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ပညာရေးပုံရိပ်ကျဆင်းတာနဲ့အမျှ မဆောင်ရွက်နိုင်တော့တဲ့ အတွက်ကြောင့် ဒီအဆိုကိုတင်သွင်းရခြင်းဖြစ်ပါတယ်။

နောက်ဆုံးအချက်ကတော့ အမျိုးသားပညာရေးမူဝါဒချမှတ်ရေး ကော်မရှင်ဖွဲ့စည်းရမယ်ဆိုတာ မှန်ပါတယ်။ ကျွန်တော်တို့ အစောကြီးကတည်းကသိတယ်။ အခု ကျွန်တော်တို့ အမျိုးသားပညာရေးဥပဒေပြဋ္ဌာန်းပြီးတာ ၁၄ လပတ်ဝန်းကျင်ရောက်သွားပါပြီ။ ဒါပေမဲ့ ဒီနေ့အချိန်အထိရှေ့အစိုးရမှာရော၊ ကျွန်တော်တို့တာဝန်ယူတဲ့သက်တမ်း လေးလ၊ ငါးလ အတွင်းမှာရော၊ အမျိုးသားပညာရေးမူဝါဒချမှတ်ရေးကော်မရှင် ယနေ့တိုင် မဖွဲ့စည်းနိုင်သေးပါဘူး။ ဒါဆို မူဝါဒကော်မရှင်မဖွဲ့ရသေးလို့ ဘာမှမလုပ်ဘဲနဲ့ ဒီအတိုင်းရပ်နေမှာလား။ ပညာရေးက အရေးကြီးပါတယ်။ အချိန်နှင့်အမျှအရေးကြီးပါတယ်။ ရပ်ထားလို့မရပါဘူး။ ဒီလို မူဝါဒကော်မရှင်မဖွဲ့ရသေးပေမယ့်လည်း ဥပမာလေးတစ်ခုပြောပြမယ်။ အခုဆိုရင် KG တန်းစတာ။ မူဝါဒကော်မရှင်မဖွဲ့ရသေးဘူး။ ဒါပေမယ့် ၂၀၁၆ ကနေပြီးတော့ ၂၀၂၁ မှာရှိတဲ့ ပညာရေးမဟာဗျူဟာ ရေးဆွဲပြီးသား Framework အတွင်းမှာ ဒီနှစ် KG ကိုစပြီး အလုပ်လုပ်ပါမယ်။ ဒီလိုအလုပ်လုပ်တဲ့အခါမှာ ဘာတွေ ပေါ်လာသလဲ။ KG မှာအားနည်းချက်တွေလည်း ပေါ်လာပြီ။ အားသာချက်တွေလည်းပေါ်လာပြီ။ ဒီအားနည်းချက်၊ အားသာချက်တွေကိုဖမ်းဆုပ်ပြီးတော့ အမျိုးသားပညာရေးမူဝါဒချမှတ်ရေးကော်မရှင် တကယ်ပေါ်လာတဲ့အချိန်မှာ အဲဒီမူဝါဒကို ခိုင်ခိုင်မာမာချရင် ရလဒ်ကောင်းတွေရမှာပါ။ ဒီလိုပဲ ဒီမူဝါဒတွေချမှတ်ရေးကော်မရှင်မချမှတ်ရသေးလို့၊ မဖွဲ့စည်းရသေးလို့ ဒီပညာရည် အကဲဖြတ်မှုနဲ့ပတ်သက်ပြီးတော့ Frame တစ်ခုဆွဲမထားနိုင်ဘူးဆိုရင် အဲဒီမူဝါဒကော်မရှင်ဖွဲ့ပြီးမှ ကော်မတီအသီးသီးဖွဲ့ပြီးမှဆိုရင် အရမ်းနောက်ကျသွားပြီ။ ဒါကြောင့်မို့လို့ ပညာရေးမူဝါဒကော်မရှင်မဖွဲ့ရသေးပေမယ့် ပညာရေးဝန်ကြီးဌာနကဆောင်ရွက်နေတဲ့ ၂၀၁၆-၂၀၂၁ ပညာရေးမဟာဗျူဟာမှာ ပညာရေးဝန်ကြီးဌာနမှ ရှေ့ဆက်လုပ်ဆောင်မယ့်အရာများကို အားလုံးတိတိကျကျဖော်ပြပြောကြား သွားတဲ့အတွက်ကြောင့် ပညာရေးဝန်ကြီးဌာနရဲ့သဘောထားအတိုင်း ကျွန်တော့်အနေနဲ့ မှတ်တမ်းတင်ထားတာကိုလည်း လက်ခံသဘောတူပါကြောင်း ပြောကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာလှမိုး တင်သွင်းတဲ့ အဆိုကို ကိုယ်စားလှယ် ၁၅ ဦးက ဆွေးနွေးပြီး ပညာရေးဝန်ကြီးဌာနက အဆိုအားမှတ်တမ်း တင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင် ဒေါက်တာလှမိုးကလည်း ပညာရေးဝန်ကြီးဌာနက ရှင်းလင်းပြီး ရှေ့ဆက် လုပ်ဆောင်သွားမည့်ဟာကို ကြားသိရတဲ့အတွက် မှတ်တမ်းတင်ပေးရန် ရှင်းလင်းဆွေးနွေး ပြောကြားသွားခဲ့ပါတယ်။ ဒါ့ကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာလှမိုးတင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ရပ်နားကြောင်း နှင့် အစည်းအဝေး (၂၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၁၄း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**